
www.burmeseclassic.com
BURMESE CLASSIC .com
တက္ကသိုလ်
နေဝင်းမြင့်
အကျည်းတန်လက်ာ
ပထမပိုင်း
www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## အကျည်းတန်လင်္ကာ

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

နှင်းပွင့်မြို့ …။

နှင်းပွင့်မြို့၏ရာသီဥတုသည် အစဉ်အမြဲ အေးစိမ့်လျက် ရှိ၏။

တစ်နှစ်ပတ်လုံး နှင်းများ ထူထပ်စွာကျဆင်းခြင်း ရပ်စဲသည်ဟူ၍ မရှိပေ။

နှင်းများထူထပ်စွာ ကျဆင်းခြင်းနှင့် နှင်းများ ကျဆင်းမှု နည်းပါးခြင်းတို့သာ ကွာခြားလေသည်။

အထူးသဖြင့် …

နှင်းပွင့်မြို့ပြင်၏မြောက်ဘက် ဆယ်မိုင်ခန့်အကွာရှိ နှင်းတောင်တန်းပေါ်တွင် နှင်းများပို၍ ထူထပ်သိပ်သည်းစွာ ကျဆင်းလျက်ရှိ၏။

တောင်စွယ်တောင်ထွတ်များတစ်လျှောက် ဆွတ်ဆွတ်ဖြူသော နှင်းထုများဖြင့်သာ ဖုံးလွှမ်းလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သွားလာရန် လွန်စွာခက်ခဲလှသဖြင့် လူသူအရောက် အပေါက် မရှိသလောက် ဖြစ်နေသည်။

သို့သော် ...

တစ်နေ့တွင်မူ နှင်းတောင်ပေါ်သို့ လူနှစ်ယောက် ရောက်ရှိနေ၏။

ဤမျှ ရာသီဥတုဆိုးရွားပြီး သွားလာရခက်ခဲသည့်နေရာသို့ မည်သည့်အကြောင်းကိစ္စဖြင့် ရောက်လာကြပါသနည်း။

ဤသို့ဆိုပါလျှင် ထိုလူနှစ်ယောက်သည် မည်သူတို့နည်း။

အဘယ်ကြောင့် ... ဤမျှ အေးစိမ့်သောရာသီဥတုကိုပင် ရှောင်တိမ်းခြင်းမရှိဘဲ နှင်းတောင်ပေါ်သို့ ရောက်ရှိနေကြပါသနည်း။

❋

ဆောင်းလေသည် တသွားပမာ အေးစိမ့်ထက်မြက်လှ၏။

နှင်းပွင့်နှင်းမှုန်များသည် ဆောင်းလေနှင့်အတူ တဖွဲဖွဲ ကြွေလွင့်ကျဆင်းနေ၏။

နှင်းတောင်ပေါ်တွင် အအေးဓာတ်လွန်ကဲလျက် ...



နှင်းမှုန်များ ဖုံးလွှမ်းထားသော နှင်းတောင်ပေါ်တွင် လူနှစ်ယောက် ပခုံးချင်းယှဉ်ကာ မလှုပ်မယှက် ရပ်တန့်နေကြ၏။

အမျိုးသားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ ဖြစ်သည်။

အမျိုးသား၏အသက်မှာ လေးဆယ်ကျော်ခန့်ရှိပြီဖြစ်ပြီး အမျိုးသမီး၏အသက်မှာမူ သုံးဆယ်ကျော်ခန့်ရှိပြီ ဖြစ်သည်။

သူတို့၏ခန္ဓာကိုယ်ပေါ်တွင် နှင်းရောင်ကဲ့သို့ ဆွတ်ဆွတ်ဖြူနေသော ယုန်မွေးဝတ်စုံများကို တူညီဝတ်ဆင်ထားကာ ခါးတွင် ဓားကိုယ်စီချိတ်ဆွဲထားကြ၏။

မျက်နှာများသည် လူသေကောင်များပမာ ဖြူဖတ်ဖြူရော်ရှိနေကြပြီး စူးရှတောက်ပသော မျက်ဝန်းနှစ်စုံသည် ရှေ့တူရူသို့ စိုက်ကြည့်နေကြလေသည်။

ထိုမျက်ဝန်းနှစ်စုံတွင် တစ်စုံတစ်ခုအား မျှော်လင့်ခြင်းဟန်မူရာများ ပေါ်လွင်လျက် ရှိ၏။

ဤသို့ဆိုပါလျှင် ...

သူတို့သည် မည်သည့်အရာအား မျှော်လင့်နေကြပါသနည်း။

❋

www.burmeseclassic.com

www.burmeseclassic.com



နှင်းများ တဖွဲဖွဲကျလျက်ရှိ၏။

ကမ္ဘာမြေတလွှား ငွေနှင်းရောင်များဖြင့် ဖြူဖွေးလျက်...

ဖြူဖွေးသောနှင်းများ ဖုံးအုပ်ထားသော နှင်းတောင်ပေါ်တွင် အနက်စက်ကလေးတစ်ခု ရွေ့လျားလာနေ၏။

ထိုအနက်စက်ကလေး ရွေ့လျားလာနေခြင်းကို တွေ့မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ပခုံးချင်းယှဉ်လျက် မလှုပ်မယှက် ရပ်တန့်နေကြသော အမျိုးသမီးနှင့်အမျိုးသားတို့၏ခန္ဓာကိုယ်များမှာ လှုပ်ရှားလာကြလေသည်။

အမျိုးသားသည် နံဘေးတွင် ပခုံးချင်းယှဉ်ကာ ရပ်နေသော အမျိုးသမီးအား လှည့်ကြည့်လိုက်၏။

အမျိုးသမီးကလည်း သူ့အား ဖြည်းညင်းစွာ လှည့်ကြည့်လိုက်လေသည်။

သူတို့နှစ်ယောက်သည် အကြည့်ချင်းဆုံလိုက်မိသည်နှင့် တစ်ပြိုင်နက် ပြိုင်တူခေါင်းညိတ်ပြလိုက်ကြ၏။

တစ်ဖန် ...

အနက်စက်ကလေး၏ ရွေ့လျားဘက်ဆီသို့ စူးရှသော မျက်



ဝန်းများ ပြန်လည်စိုက်ကြည့်နေ၏။

ယင်းတဒင်္ဂလေးမှာပင် ...

သူတို့၏မျက်ဝန်းနှစ်စုံတွင် ရက်စက်ကြမ်းကြုတ်လိုသော ဟန်မူရာများ ပေါ်လွင်လာကြ၏။

ဤသို့ဆိုပါလျှင် ...

ထိုအနက်စက်ကလေးသည် မည်သည့်ထူးခြားမှုများ ရှိနေပါသနည်း။

❋

ကမ္ဘာမြေတစ်လွှား နှင်းမှုန်များ ဖွေးဖွေးလှုပ်၍ လွှမ်းမိုးထား၏။

ဖွေးဖွေးလှုပ်နေသော နှင်းမှုန်များပေါ်တွင် အနက်စက်ကလေးတစ်စက် ဖြည်းညင်းစွာ ရွေ့လျားနေလေသည်။

အမျိုးသမီးနှင့် အမျိုးသားတို့၏ ရက်စက်ကြမ်းကြုတ်သော မျက်ဝန်းအစုံတို့သည် အနက်စက်ကလေးအား မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအချိန် ...

အနက်စက်ကလေးသည် မြင်ကွင်းနှင့် တစ်စထက်တစ်စ နီးကပ်လာသောအခါ လူတစ်ယောက်၏ပုံသဏ္ဌာန်အား ပီပီပြင်ပြင် တွေ့မြင်လိုက်ရ၏။

အသက်နှစ်ဆယ့်ငါးနှစ်မျှရှိသော လူရွယ်တစ်ယောက်ဖြစ် သည်။

ခန္ဓာကိုယ်ပေါ်တွင် ဒူးဆစ်ကျော်မျှ ရှည်လျားသော အနက် ရောင်အင်္ကျီတစ်ထည်ကို ဝတ်ဆင်ထားပြီး အနက်ရောင် ဘောင်းဘီ ရှည် ဝတ်ဆင်ထား၏။

သူ၏မျက်ခုံးမွေးအစုံသည် သူ့ခန္ဓာကိုယ်ပေါ်မှ အင်္ကျီရှည် ကဲ့သို့ပင် ထူ၍မည်းနက်နေလေသည်။

မျက်လုံးအစုံမှာ ဝိုင်းစက်နေ၏။

ပါးလွှာသော နှုတ်ခမ်းများသည် မျဉ်းဖြောင့်သဖွယ် မြဲမြံ စေ့ထား၏။

ဖြောင့်တန်းသော နှာတံကြောင့် မျက်နှာသည် ပိန်ပိန်ပါး ပါးသွင်ရှိနေလေသည်။

သူ၏မျက်နှာအား မည်သူမဆို တွေ့မြင်လိုက်ပါလျှင် မာ ကြောခြင်း၊ အေးစက်ခြင်း၊ မာန်မာနကြီးခြင်း စသောဝေါဟာရများကို



သတိရလာစေမည် ဖြစ်သည်။

သူ့ဟန်မူရာမှာ ကမ္ဘာပေါ်တွင် မည်သည့်အရာကို ဂရုစိုက် ဟန် မရှိပါ။

မိမိကိုယ်မိမိလည်း ဂရုစိုက်မည့်ပုံ မပေါ်ပါချေ။

မည်သို့ဆိုစေ ...

မျက်နှာသည် နုနယ်ပြီး ဆွဲဆောင်မှုအပြည့် ရှိနေ၏။

ထို့ကြောင့် မည်သူမဆို သူ့အား တွေ့မြင်လိုက်ပါလျှင် နှစ် သက်ခင်မင်ကြမည်သာ ဖြစ်သည်။

သို့သော် ယခု အမျိုးသမီးနှင့် အမျိုးသားတို့သည် သူ့အား နှစ်သက်ခင်မင်ဟန် မရှိကြပါ။

သူတို့၏မျက်ဝန်းနှစ်စုံတွင် ရက်စက်ကြမ်းကြုတ်လိုသော ဟန်မူရာများ ပေါ်လွင်နေကြသည် မဟုတ်ပါလော။

ဤသို့ဆိုပါလျှင် ...

သူတို့သည် ဤမျှနုနယ်ပြီး ဆွဲဆောင်မှုအပြည့်ရှိသော လူရွယ်အား အဘယ်ကြောင့် ရက်စက်ကြမ်းကြုတ်လိုသည့်ဟန်မူရာ များ ပေါ်လွင်နေကြပါသနည်း။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

နှင်းပွင့်များ တဖွဲဖွဲကျနေဆဲပင် ...

ဆောင်းလေသည် ရိုင်းစိုင်းကြမ်းတမ်းလွန်းလှ၏။

လူရွယ်၏ခန္ဓာကိုယ်ပေါ်တွင် ဝတ်ဆင်ထားသော ဒူးဆစ်အထိ ရှည်လျားသည့်အနက်ရောင် အင်္ကျီရှည်မှာ လေထဲတွင် လွင့်ပျံနေလေသည်။

ဝန်းကျင်တစ်ခုလုံးတွင် အအေးဓာတ်က ပို၍လွန်ကဲလာ၏။

တိတ်ဆိတ်အေးစိမ့်သော နှင်းတောင်ပေါ်တွင် သက်ရှိဟူ၍ သူတို့သုံးယောက်သာ ရှိ၏။

မျက်စိတစ်ဆုံးတွင် သက်မဲ့များသာ စိုးမိုးနေလေသည်။

လူရွယ်၏အရပ်သည် ခြောက်ပေခန့်ရှည်လျားသော်လည်း ခါးကိုမတ်လျက် ရပ်နေလေသည်။

သူသည် အမျိုးသားနှင့်အမျိုးသမီးတို့အား စူးရှတောက်ပြောင်သော မျက်လုံးအစုံဖြင့် စိုက်ကြည့်လျက် ငါးပေခန့်အကွာတွင်



ခြေလှမ်းရပ်တန့်လိုက်သည်။

အမျိုးသားကြီးသည် သူ့အားစူးရှသော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်နေ၏။

"မင်းက ဓားတစ်ချက် ခန်းချောင်လား"

လူရွယ်သည် သူ့အား စူးရှသော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်ကာ အေးတိအေးစက်ဖြင့် ...

"ခင်ဗျားတို့က ဟသ်ာမောင်နဲ့ ရှောင်ရှမ်းနဲ့ဟုန်မဲ့ဆိုရင် ...ကျုပ်က ဓားတစ်ချက်ခန်းချောင်ပဲ"

အမျိုးသားကြီး၏မျက်ဝန်းအစုံတွင် မယုံကြည်သော ဟန်မူရာများ ပေါ်လွင်လာလေသည်။

"တကယ်မယုံချင်စရာပဲ"

ဓားတစ်ချက်ခန်းချောင်သည် သူ့အား စေ့စေ့ကြည့်လိုက်၏။

"ဘာကိုမယုံချင်စရာလဲ"

ဟသ်ာဖိုရှောင်ရှမ်းက ခေါင်းတစ်ချက် ခါယမ်းလျက် ...

"မင်းလို နုနယ်ငယ်ရွယ်တဲ့ လူရွယ်တစ်ယောက်က ... သိုင်းလောကမှာ လျှမ်းလျှမ်းတောက် ကျော်ကြားနေတဲ့ နေလခြိဝင်းဝိုင်ရှင် တုကုံဟန်ကို လုပ်ကြံပြီး နေလသိုင်းကျမ်းနဲ့ ရတနာမြေပုံကို

www.burmeseclassic.com

www.burmeseclassic.com



ယူသွားတယ်ဆိုတဲ့ သတင်းကိုပေါ့"

ထိုစကားကြောင့် ဓားတစ်ချက်ခန်းချောင်၏မျက်နှာတစ်ခုလုံးမှာ အေးစက်တင်းမာသွားလေသည်။

"ဒီသတင်းကို ခင်ဗျားတို့ ဘယ်ကကြားခဲ့သလဲ"

ဟင်္သာဖိုရှောင်ရှမ်းသည် မဲ့ပြုံး ပြုံးလိုက်၏။

"ဒီသတင်းဟာ သိုင်းလောကတစ်ခုလုံးမှာ ပျံ့နှံ့နေတာကြာပြီပဲ၊ ဘာလဲ ... မင်း ငြင်းချင်နေတာလား"

ဓားတစ်ချက်ခန်းချောင်သည် စူးရှတောက်ပသော မျက်ဝန်းအစုံဖြင့် ကြည့်လိုက်၏။

"နေလခြံဝင်းပိုင်ရှင် တုသခင်ကြီးဟာ ... ကျုပ်ရဲ့မွေးစားဖခင်ပါ၊ ဒါကြောင့် ကျုပ်က လုပ်ကြံစရာမလိုဘူး"

ဟင်္သာမဟုန်မေသည် နှာခေါင်းတစ်ချက် ရှုံ့လိုက်၏။

"ဟွန်း ... နေလခြံဝင်းတစ်ခုလုံးမှာရှိတဲ့ လူတွေအားလုံးသေဆုံးသွားပြီ၊ ရှင် တစ်ယောက်တည်း အသက်ရှင်ကျန်ခဲ့တယ်ဆိုတော့ ဒီလို ပြောငြင်းတာပေါ့"

ဓားတစ်ချက်ခန်းချောင်၏မျက်နှာပေါ်တွင် နာကျင်ကြေကွဲသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

"ခင်ဗျားတို့ ဟင်္သာမောင်နှံ ကျုပ်ကို ဒီနှင်းပေါင်ပေါ်မှာ



ချိန်းဆိုခဲ့တာဟာ ဒီစကားပြောဖို့လား"

ဟင်္သာမဟုန်မေ ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး"

ဓားတစ်ချက်ခန်းချောင်၏ထူထဲမည်းနက်နေသော မျက်ခုံးမွေးအစုံသည် နဖူးအလယ်တွင် ကုပ်ဆင်းလာသည်။

"ဒါဖြင့်"

ဟင်္သာဖိုရှောင်ရှမ်းသည် ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်၏။

ယင်းနောက် လက်တစ်ဖက်ကို ဖြန့်လိုက်ပြီး ...

"ပေးပါ"

ဓားတစ်ချက်ခန်းချောင်သည် သူ့အား စေ့စေ့ကြည့်ကာ ...

"ဘာကိုပေးရမှာလဲ"

ဟင်္သာဖိုရှောင်ရှမ်းသည် အေးတိအေးစက်သံဖြင့် ...

"နေလသိုင်းကျမ်းနဲ့ ရတနာမြေပုံ"

ဓားတစ်ချက်ခန်းချောင်သည် နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်၏။

"ဟင်္သာမောင်နှံဆိုတာ သိုင်းလောကမှာ အဖြူရောင်သိုင်းသမားဇနီးမောင်နှံအဖြစ် ကျော်ကြားနေလို့ ကျုပ်က လေးစားပြီး ခင်ဗျားတို့ ချိန်းတဲ့နေရာကို လာခဲ့မိတယ်"

သူသည် စကားကို ခေတ္တရပ်တန့်ပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com



"အခုမှပဲ ဟသ်ာမောင်နှံဟာ အမြီးဖွတ်ထားတဲ့ မြေခွေးတွေဆိုတာ သိရတော့တယ် ... ဟား ဟား ဟား"

ဟသ်ာမောင်နှံ၏မျက်နှာများ နီရဲသွားလေသည်။

ဟသ်ာမဟုန်မေသည် ခြေတစ်ချက် ဆောင့်လိုက်၏။

"တိတ်စမ်း ... မင်းလို ကိုယ့်ရဲ့ ကျေးဇူးရှင် မွေးစားဖခင်ကို တောင်မှ သတ်ဝံ့တဲ့လူယုတ်မာက ဒီလိုပြောဝံ့သလား"

ဟသ်ာဖိုရှောင်ရှမ်းကလည်း အော်ငေါက်လိုက်သည်။

"စကားမရှည်နဲ့ နေလသိုင်းကျမ်းနဲ့ ရတနာမြေပုံပေးစမ်း"

ဓားတစ်ချက်ခန်းချောင်၏မျက်လုံးအစုံတွင် လှောင်ပြောင်သော ဟန်မူရာများ ပေါ်လွင်လာလေသည်။

"ရတနာမြေပုံ ကျုပ်ဆီမှာ မရှိဘူး"

ဟသ်ာဖိုရှောင်ရှမ်းသည် မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။

"ဒါဖြင့် နေလသိုင်းကျမ်းရှိတယ်ပေါ့"

ဓားတစ်ချက်ခန်းချောင်က ခေါင်းညိတ်ပြလိုက်သည်။

ဟသ်ာဖိုရှောင်ရှမ်း၏မျက်လုံးအစုံတွင် လောဘရမ္မက်ထင်သောဟန်မူရာများ ပေါ်လွင်လာလေသည်။

"နေလသိုင်းကျမ်း ဘယ်မှာလဲ"



ဓားတစ်ချက်ခန်းချောင်သည် အေးတိအေးစက်လေသံဖြင့် တစ်ခွန်းခြင်း ပြောလိုက်၏။

"ကျုပ်ရဲ့ဦးခေါင်းထဲမှာ"

ဟသ်ာဖိုရှောင်ရှမ်း၏မျက်နှာပေါ်တွင် ခံပြင်းသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

ဟသ်ာမဟုန်မေသည် ဓားတစ်ချက်ခန်းချောင်အား စေ့စေ့ကြည့်ကာ မဲ့ပြုံးပြုံးလိုက်၏။

"အစ်ကိုရှောင် ... ကိုယ့်ရဲ့ မွေးစားဖခင်ကိုတောင်မှ ရက်ရက်စက်စက်သတ်ဝံ့တဲ့ ဒီလိုတိရစ္ဆာန်ကို ပင်ပန်းခံပြီး စကားပြောမနေပါနဲ့ရှင်"

သူမသည် ခါးမှဓားကို ဖြည်းညင်းစွာ ဆွဲထုတ်လိုက်သည်။

"ကျွန်မတို့ ရထားတဲ့သတင်းအရ သူ့ရဲ့အင်္ကျီကော်လံစထဲမှာ နေလသိုင်းကျမ်းနဲ့ ရတနာမြေပုံရှိနေတယ်ဆိုတာ သိနေမှတော့ ဓားနဲ့ပဲ တောင်းကြမယ်"

ဟသ်ာဖိုရှောင်ရှမ်းသည် စဉ်းစားခြင်းမပြုဘဲ ခေါင်းညိတ်လိုက်လေသည်။

ရုတ်တရက် ...

သူ၏ခန္ဓာကိုယ်သည် လေထဲသို့ခုန်တက်သွားလေ ...

www.burmeseclassic.com

www.burmeseclassic.com



ဟသ်ာမဟုန်မေ၏ပခုံးနှစ်ဖက်တွင် ခြေစုံရပ်တန့်မိလိုက်စဉ် ...

ခါးတွင်ချိတ်ဆွဲထားသော ဓားကို လက်နှစ်ဖက်ဖြင့် ဆု ကိုင်ဆွဲထုတ်ကာ ဓားတစ်ချက်ခန်းချောင်၏နှလုံးသားတည့်တည့် ချိန်ရွယ်လိုက်ပြီ ဖြစ်၏။

❋

ဓားတစ်ချက်ခန်းချောင်၏ မျက်နှာတစ်ခုလုံး လေးနက် တည်ကြည်သွားသည်။

"အင်း ... ဟသ်ာဖိုမ လေပေါ်ဝဲဓားသိုင်းပညာဟာ ဟသ် ဖိုရှောင်ရှမ်းနဲ့ ဟသ်ာမဟုန်မေတို့နှစ်ယောက် တစ်ယောက်နဲ့တ ယောက် ဆင့်ပြီး တိုက်ခိုက်တဲ့သိုင်းကွက်လို့ ကြားဖူးခဲ့တာ ခုမှ မြင်ဖူးတော့တယ်"

ဟသ်ာဖိုရှောင်ရှမ်းသည် ရက်စက်ကြမ်းကြုတ်သော မျက် လုံးအစုံဖြင့် သူ့အား စိုက်ကြည့်လိုက်၏။

"ဟုတ်တယ် ... ကျုပ်တို့ဟသ်ာမောင်နှံရဲ့ ဟသ်ာဖိုမ လေ ပေါ်ဝဲ ဓားသိုင်းကွက်နဲ့ မင်းကို တိုက်ခိုက်တော့မယ်၊ မင်း သတိထာ



ဖို့က ဒီသိုင်းကွက်ကို တွေ့မြင်ဖူးသူဟာ ဒီလောကမှာ ဆက်ပြီး အသက်ရှုခွင့် မရှိကြတော့ဘူး"

ဓားတစ်ချက်ခန်းချောင်သည် မျက်ခုံးပင့်ကာ ကြည့်လိုက် ၏။

"ဟုတ်ကဲ့ ... ကျုပ် သတိထားပါ့မယ်"

စကားဆုံးသည်နှင့်တစ်ပြိုင်နက် သူသည် ခါးတွင် ချိတ်ဆွဲ ထားသော ဓားအား ဆွဲထုတ်ကာ ဓားဦးအား ဘေးသို့ ဆန့်တန်း လိုက်သည်။

ကျန်လက်တစ်ဖက်ကမူ မိမိရင်ဘတ်ရှေ့တွင် ထောင်လျက် ဟသ်ာမောင်နှံအား စိုက်ကြည့်နေ၏။

ဟသ်ာဖိုရှောင်ရှမ်း၏မျက်နှာပေါ်တွင် အနည်းငယ်တွေဝေ သော ဟန်မူရာများ ပေါ်လွင်လာလေသည်။

"ကျုပ်တို့ဇနီးမောင်နှံ သိုင်းလောကမှာ ကျင်လည်လာတာ နှစ်ပေါင်းနှစ်ဆယ်ကျော်ပြီ၊ မင်းရဲ့သိုင်းကာကွက်မျိုး တစ်ကြိမ်တစ်ခါမှ မမြင်ဖူးပါလား"

"ဟုတ်ကဲ့ ... ဒါဟာ ကျုပ်ရဲ့မွေးစားဖခင် နေလခြိဝင်း ပိုင်ရှင် သခင်ကြီးတုရဲ့ အထူးတီထွင်ထားတဲ့ ဓားတစ်ချက်သိုင်းကွက် ပါ၊ ခင်ဗျားတို့ သတိထားဖို့က ဒီသိုင်းကွက်ကို တွေ့မြင်ဖူးသူဟာ

www.burmeseclassic.com

www.burmeseclassic.com



ဒီလောကမှာ ဆက်ပြီး အသက်ရှုခွင့်မရှိကြတော့ဘူး"

ဟသ်ာမောင်နှံ၏မျက်နှာ မည်းသွားလေသည်။

ဓားတစ်ချက်ခန်းချောင်သည် မိမိတို့စကားအတိုင်း ပြန်လည်ချေပပြောဆိုနေသည် မဟုတ်ပါလော။

ဟသ်ာမဟုန်မေသည် ဓားတစ်လက်ခန်းချောင်အား စူးရှသော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်၏။

"ကောင်းပြီ ... ဒီလောက်အခွင့်အရေးပေးတာကို နားမလည်တတ်တဲ့ ခန်းချောင် ... မင်း နောင်တမရစေနဲ့"

ဓားတစ်ချက်ခန်းချောင်သည် အေးစက်စူးရှသော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်၏။

"ကောင်းပြီ ... ကျုပ် အဆင်သင့်ရှိနေပါတယ်"

❊ ❊ ❊



## အခန်း (၃)

ဆောင်းလေသည် နှင်းမြူများအား လှုပ်ခါခြွေချနေ၏။

နှင်းပွင့် နှင်းမြူများ အုပ်ဆိုင်းလွှမ်းမိုးထားသဖြင့် မြင်ကွင်းအားလုံးမှာ ဝိုးဝိုးဝါးဝါးမရှိဘဲ မှုန်ဝါးရီဝေနေလေသည်။

ထို့ကြောင့် ...

ဆွတ်ဆွတ်ဖြူနေသော အဖြူရောင်ဝတ်စုံများကို ဝတ်ဆင်ထားကြသည့် ဟသ်ာမောင်နှံရှောင်ရှမ်းနှင့်ဟုန်မေတို့၏ ခန္ဓာကိုယ်များသည် နှင်းရောင်များဖြင့် ရောထွေးကာ ဝိုးတဝါးမျှသာ မြင်တွေ့နေရ၏။

သို့သော် ...

ဓားတစ်ချက်ခန်းချောင်၏ခန္ဓာကိုယ်ပေါ်မှ ဝတ်စုံနက်ကိုမူ အဖြူရောင် နှင်းမှုန်များကြားတွင် ထင်ရှားစွာ တွေ့မြင်နေရလေသည်။

ငင်းပြင် ...

www.burmeseclassic.com

www.burmeseclassic.com



သူရပ်နေသော နေရာသည် တောင်ဘက်၌ တည်ရှိနေသဖြင့် မြောက်လေတိုက်ခိုက်လာသောအခါ မျက်ဝန်းအစုံဆီသို့ နှင်းမှုန်များ ရိုက်ခတ်ပက်ဖျန်းလာနေ၏။

အမှန်တွင် ...

ဟာသ်ာမောင်နှံ ရှောင်ရှမ်းနှင့်ဟုန်မေတို့သည် ဤကဲ့သို့သော အခြေအနေမျိုးကို တမင်ဖန်တီးယူထားခဲ့ကြခြင်း ဖြစ်သည်။

ယခု ...

ဟာသ်ာဖိုရှောင်ရှမ်းသည် ဟာသ်ာမဟုန်မေ၏ပခုံးပေါ်တွင် ရပ်လျက် ဓားတစ်ချက်ခန်းချောင်၏နှလုံးသားတည့်တည့်သို့ ဓားဖြင့် ချိန်ရွယ်ထား၏။

သူ၏စူးရှတောက်ပသော မျက်ဝန်းအစုံသည် ဓားတစ်ချက်ခန်းချောင်ထံသို့ မျက်တောင်မခတ်စိုက်ကြည့်နေလေသည်။

ယင်းအချိန် ...

ဓားတစ်ချက်ခန်းချောင်သည် နှင်းမှုန်များ ဖျန်းပက်မှုကြောင့် မျက်ဝန်းများ ကျိန်းစပ်လာသဖြင့် ခြေထောက်တစ်ဖက်အား ဘေးသို့ ဖြည်းညင်းစွာ ရွှေ့တိုက်ရင်း ခန္ဓာကိုယ်ကိုလှည့်ရန် ဟန်ပြင်လိုက်၏။

သူသည် နှင်းမြူများ ပက်ဖျန်းလာခြင်းကို ဘေးတိုက်အနေ



အထားဖြင့် ခံယူရန် ကြံစည်ဟန်ဖြစ်လေသည်။

ဟာသ်ာဖိုရှောင်ရှမ်းသည် သူ၏ခြေထောက်တစ်ဖက် စတင်ရွေ့လျားလာခြင်းကို တွေ့မြင်လိုက်သည့်အခါ ပြုံးလိုက်၏။

အလွန်ကောက်ကျစ်စဉ်းလဲ၍ ကြောက်မက်ဖွယ်ရာအပြုံးပင် ဖြစ်သည်။

ထိပ်သီးသိုင်းသမားများ ရင်ဆိုင်ကြရာတွင် အာရုံစူးစိုက်မှုသည် အလွန်ပင် အရေးကြီးသော အဓိကအချက်တစ်ချက်ဖြစ်ကြောင်း သူ သဘောပေါက်နားလည်ထားသည် မဟုတ်ပါလော။

ဓားတစ်ချက်ခန်းချောင်၏အာရုံသည် ယခုခြေထောက် ရွေ့လျားရာဆီသို့ အနည်းငယ်အာရုံလွှင့်ပျံနေချေပြီ။

ထို့ကြောင့် ...

ရရှိလာသော အခွင့်အရေးကို လက်လွှတ်မခံဘဲ ဟာသ်ာမဟုန်မေ၏ပခုံးနှစ်ဖက်တွင် ရပ်နေသော ခြေထောက်အစုံအား ခုန်ထွက်လိုက်၏။

ဟာသ်ာဟုန်မေသည် ခုန်ထွက်သွားသော ဟာသ်ာဖိုရှောင်ရှမ်း၏ပိတ်ဖိနပ်စီးထားသော ခြေဖဝါးနှစ်ဖက်အား လက်နှစ်ဖက်ဖြင့် အားကုန်ရိုက်၍ ပင့်ဘင်ပေးလိုက်လေသည်။

'ဖြောင်း ... ဖြောင်း'

www.burmeseclassic.com

www.burmeseclassic.com



ဟင်္သာဖိုရှောင်ရှမ်းသည် ဇနီးဖြစ်သူ၏ရိုက်ပုတ်တင်ပေးလို
သော လက်ဝါးအရှိန်ကိုယူကာ ဘဲတစ်ချက်ခန်းချောင်ထံသို့ ဝိညာ
တစ်ခုပမာ လေဟုန်စီး၍ လွင့်မျောသွားလေသည်။

တစ်ဆက်တည်းမှာပင် ...

ဘဲတစ်ချက်ခန်းချောင်၏လည်မျိုသို့ ဘဲဦးဖြင့် ထိုးသွင်း
လိုက်သည်။

ထိုတဒင်္ဂလေးမှာပင် ...

ဟင်္သာမဟုန်မေသည် ဘဲတစ်ချက်ခန်းချောင်ထံသို့ လျှ
မြန်သော အဟုန်ဖြင့် ခုန်ဝင်သွားကာ ခြေထောက်အစုံအား ဘဲဖြ
ခုတ်ပိုင်းလိုက်၏။

ယခု ...

ဟင်္သာမောင်နှံတို့သည် ဘဲတစ်ချက်ခန်းချောင်အား မိမိ
တို့၏ လျှမ်းလျှမ်းတောက်ကျော်ကြားနေသော ဟင်္သာဖိုမ လေပေါ်
ဝဲ ဘဲသိုင်းကွက်ဖြင့် တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

ဤသိုင်းကွက်သည် သူတို့၏တစ်ဖက်ရန်သူအား အကြိမ်
တစ်ရာမက မြေပေါ်သို့လဲကျသွားစေခဲ့သော သိုင်းကွက်လည်း ဖြစ်
သည်။

ထိုသို့ဆိုပါလျှင် ...



ဘဲတစ်ချက်ခန်းချောင်သည် မြေပေါ်သို့ လဲကျသွားမည်
လော။

❈

ဘဲတစ်ချက်ခန်းချောင်သည် ခြေထောက်တစ်ဖက်အား
ဘေးသို့မြည်းညင်းစွာ ရွေ့တိုက်ရင်း ခန္ဓာကိုယ်ကို လှည့်ဟန်ပြင်
လိုက်၏။

သူ၏ဟန်မူရာသည် မျက်နှာအား ပက်ဖျန်းရိုက်ခတ်လာ
သော နှင်းပွင့် နှင်းခဲများအား ဘေးကိုက်အနေအထားဖြင့် ခုခံရန်
ကြံစည်သည့်အခြေအနေမျိုး ဖြစ်သည်။

ထိုတဒင်္ဂလေးမှာပင် ...

လေထဲသို့ ဖြတ်သန်းတိုးဝှေ့လာသော အသံတစ်သံကို
ကြားလိုက်ရ၏။

သူ နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်သည်။

ကျေနပ်အားရသောအပြုံးဖြစ်၏။

အမှန်တွင် ...

www.burmeseclassic.com

www.burmeseclassic.com



သူသည် ဤကဲ့သို့သော အခြေအနေမျိုးကို ဟင်္သာဖိုရှောင်ရှမ်းနှင့် ဟင်္သာမဟုန်မေတို့ မျှော်လင့်ထားကြောင်း ကောင်းစွာသိရှိနေသည် မဟုတ်ပါလော။

ထို့ကြောင့် ...

မိမိသည် ခန္ဓာကိုယ်ကို ရွှေ့ရှားဟန်ပြုလျက် တစ်ဖက်ရန်သူအား တိုက်ခိုက်လာစေရန် အခွင့်အရေးပေးခဲ့ခြင်း ဖြစ်သည်။

တစ်နည်းဆိုရပါလျှင် ...

မြောက်လေတိုက်ခိုက်ခြင်းကို ကြာရှည်ရင်ဆိုင်ပါက မိမိအတွက် အခြေအနေမကောင်းနိုင်ကြောင်း သိရှိထားသဖြင့် ယခုကဲ့သို့ ခန္ဓာကိုယ်ရွေ့လျားဟန်ပြုကာ ထောင်ချောက်ဆင်ခဲ့ခြင်း ဖြစ်၏။

ယခု ...

သူကြားလိုက်သော လေတိုးသံသည် မိမိဆင်ထားသော ထောင်ချောက်ထဲသို့ တိုးဝင်လာသည့် ဟင်္သာဖိုရှောင်ရှမ်းဖြစ်ရမည်ကို သိရှိလိုက်သည်။

ယင်းကြောင့် ...

ဘေးတိုက်အနေအထားဖြင့် ရွေ့လျားနေသော ခြေထောက်ကို နောက်သို့ တစ်လှမ်းဆုတ်၍ ခန္ဓာကိုယ်အား ဘေးသို့ ယိမ်းယိုင်လိုက်သည်။



သူ၏လှုပ်ရှားမှုသည် အလွန်လျင်မြန်လှပေသည်။

ထိုတဒင်္ဂလေးမှာပင် ...

'ဗိုး'

အဖြူရောင်အလင်းတန်းတစ်ခုသည် သူ့ရင်ဝမှ ပွတ်ကာသီကာ ဖြတ်ကျော်သွား၏။

ဓားတစ်လက်၏အလင်းတန်းဖြစ်သည်။

တစ်ဖန် ... ဓားကို ကိုင်ဆောင်ထားသော ဟင်္သာဖိုရှောင်ရှမ်း၏ခန္ဓာကိုယ်သည် လေထဲမှ မိမိထံသို့ ဝဲပျံဖြတ်သန်းလာခြင်းကို တွေ့မြင်လိုက်ရ၏။

ဓားတစ်ချက်ခန်းချောင်သည် သူ၏ခန္ဓာကိုယ် လေထဲ၌ ပျံဝဲလာခြင်းကို တွေ့မြင်လိုက်သည့် တဒင်္ဂလေးတွင် ဘေးသို့ ဆန့်တန်းထားသော ဓားကိုင်လက်အား မိမိရင်ဝရှေ့သို့ လျှပ်တစ်ပြက် ဆွဲယူလိုက်သည်။

တစ်ဆက်တည်းမှာပင် ...

လေထဲ၌ ပျံဝဲကာ မိမိထံသို့ တိုးဝင်လာသော ဟင်္သာဖိုရှောင်ရှမ်း၏နံကြားဆီသို့ ဓားဖြင့် ထိုးစိုက်ချလိုက်သည်။

"အား"

ဟင်္သာဖိုရှောင်ရှမ်းသည် စူးရှစွာ အော်ဟစ်လျက် အ

www.burmeseclassic.com

www.burmeseclassic.com



ကြိုးပြတ် ပြုတ်ကျသွား၏။

ဓားတစ်ချက်ခန်းချောင်သည် မိမိဓားအား ဟသ်ာဖိုရှောင်ရှမ်း၏ခန္ဓာကိုယ်မှ ဆွဲနှုတ်လိုက်သည်။

နီရဲသောသွေးများသည် နှင်းပွင့်နှင်းခဲများဖြင့် လွှမ်းမိုးထားသော ကမ္ဘာမြေပြင်ပေါ်တွင် ပြန့်ကျဲသွား၏။

ထိုတဒင်္ဂလေးမှာပင် ...

အဖြူရောင်လူရိပ်တစ်ရိပ်သည် သူ့အနီးသို့ရောက်ရှိလာကာ ခြေထောက်အား ဓားဖြင့် တိတ်တဆိတ် ထိုးသွင်းလာခြင်းကို တွေ့မြင်လိုက်ရ၏။

သူ၏ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားမိလေသည်။

သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားလျက်ရှိသော ဟသ်ာမဟုန်မေသည် ဤသို့ တိတ်တဆိတ်တိုက်ခိုက်လာလိမ့်မည်ဟု သူ မထင်မိပါ။

ရုတ်တရက် ...

ခန္ဓာကိုယ်အား နောက်သို့ ကမန်းကတန်း ခုန်ဆုတ်၍ရှောင်တိမ်းလိုက်၏။

သူ၏လှုပ်ရှားမှု မနှေးကွေးပါ။

သို့သော် ...



ဟသ်ာမဟုန်မေ၏ လျင်မြန်လှသော ဓားဦးကိုမူ လွတ်အောင် ရှောင်တိမ်းနိုင်ခဲ့ခြင်း မရှိပါချေ။

ပေါင်တစ်ဖက်သည် စူးရှနာကျင်သော ဝေဒနာကို ခံစားလိုက်ရ၏။

တစ်ဆက်တည်းမှာပင် ...

နီရဲသောသွေးများသည် အနက်ရောင်ဘောင်းဘီတစ်လျှောက် စီးဆင်းကျလာလေသည်။

ဟသ်ာမဟုန်မေသည် သွေးများဖြင့် ပေကျံနေသော မိမိ၏ဓားကို တစ်ချက်ကြည့်ပြီး မြေပြင်ပေါ်တွင် လဲကျနေသော ဟသ်ာဖိုရှောင်ရှမ်းထံသို့ ပြေးလွှားသွား၏။

"အစ်ကိုရှောင် ... အစ်ကိုရှောင်"

သူမသည် ဟသ်ာဖိုရှောင်ရှမ်းအား ပွေ့ချီလျက် တတွတ်တွတ် ခေါ်လိုက်သည်။

ဟသ်ာဖိုရှောင်ရှမ်းသည် ရင်ဝမှ ဓားဒဏ်ရာအား လက်ဖြင့်ဖိအုပ်လျက် ရီဝေသောမျက်လုံးအစုံဖြင့် ကြည့်လိုက်၏။

"ညီမဟုန် ... ကျုပ် အချိန်မရှိတော့ဘူး၊ ဒါကြောင့် ကျုပ်ပြောမယ့်စကားကို သေချာနားထောင်ပါ"

ဟသ်ာမဟုန်မေ၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသော

www.burmeseclassic.com

www.burmeseclassic.com



ဟာန်မှုရာများ ပေါ်လွင်လာလေသည်။

"အစ်ကိုရှောင် ... ရှင် ဘာမှမဖြစ်စေရဘူး၊ ရှင့်ကို ကျွန်မ အကောင်းဆုံးသမားတော်နဲ့ ကုသပေးမှာပါ"

ဟသ်ာဖိုရှောင်ရှမ်း၏မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်များ ကျဆင်းလာလေသည်။

"ကျုပ်ကို နတ်သိကြားဆင်းပြီး ကုသပေးမယ်ဆိုရင်တောင်မှ မရနိုင်တော့ပါဘူး၊ ကျုပ် နောက်ဆုံးမှာခဲ့ချင်တာက ဓားတစ်ချက်ကို ဆက်မတိုက်နဲ့"

သူ၏စကားသည် တဖြည်းဖြည်းဟိမ်ဝင်ပျောက်ကွယ်သွားလေသည်။ ဟသ်ာမဟုန်မေ၏မျက်ဝန်းအစုံမှာ ပြူးကျယ်သွားလေသည်။ သူမသည် ခင်ပွန်းဖြစ်သူ၏ဝိညာဉ်မဲ့ခန္ဓာကိုယ်အား ဖက်တွယ်လျက် မလှုပ်မယှက်ထိုင်နေလေသည်။

သို့သော် ...

သူမ၏နားထဲတွင်မူ ပေါ့ပါးသော ခြေသံတစ်သံကို ကြားလိုက်ရလေသည်။

ထိုခြေသံကြောင့် သူမသည် ဦးခေါင်းကို ချာခနဲ လှည့်ကာ ကြည့်လိုက်၏။

ဓားတစ်ချက်ခန်းချောင်သည် သွေးများ ယိုစီးကျနေသော



ခြေထောက်တစ်ဖက်အား မြေပေါ်တွင် ရှပ်တိုက်လျှောက်ရင်း သူမအား ကျောခိုင်းထွက်ခွာသွားပြီ ဖြစ်သည်။

"ရပ်လိုက်"

သူမသည် အသံကုန်ဟစ်အော်လိုက်၏။

ဓားတစ်ချက်ခန်းချောင်သည် သူမ၏အော်ဟစ်ကြောင့် ခြေလှမ်း တုံ့ခနဲ ရပ်တန့်သွားလေသည်။

ဟသ်ာမဟုန်မေသည် သူ့အားစိုက်ကြည့်ကာ ဟသ်ာဖိုရှောင်ရှမ်း၏အလောင်းကို နှင်းမြေပေါ်သို့ ချလိုက်၏။

ထို့နောက် ...

သွေးများ ပေကျံနေသော ဓားမြှောင်အား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် ဖြည်းညင်းစွာ ထရပ်လိုက်လေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

ဟင်္သာမဟုန်မေသည် ဓားမြှောင်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် ဓားတစ်ချက်ခန်းချောင်၏ နောက်ကျောပြင်အား စိုက်ကြည့်နေ၏။

သူမ၏မျက်နှာတစ်ခုလုံးမှာ ကြောက်မက်ဖွယ်ရာ အေးစက်တင်းမာနေလေသည်။

ဓားတစ်ချက်ခန်းချောင်သည် သူမအား လှည့်မကြည့်ဘဲ...

"ဘာလဲ ...ခင်ဗျားက ကျုပ်နဲ့ တိုက်ခိုက်ဖို့လား"

ဟင်္သာမဟုန်မေသည် သူ၏နောက်ကျောအား ရွံရှာမုန်းတီးသောမျက်လုံးအစုံဖြင့် ကြည့်လိုက်၏။

"ဓားတစ်ချက် ... မင်းက ငါ့ရဲ့ခင်ပွန်းကို သတ်ခဲ့တယ်၊ ဒီအတွက် အသက်တစ်ချောင်း လျော်ကြေးပြန်ပေးရမယ်"

ဓားတစ်ချက်ခန်းချောင်သည် အေးတိအေးစက်သံဖြင့် မေးလိုက်၏။



"အိပ်မက်မမက်ချင်နဲ့ ... ခင်ဗျား ကျုပ်ကို မယှဉ်နိုင်ဘူး"

ဟင်္သာမဟုန်မေသည် စူးရှသောမျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်သည်။

"ဒါပေမဲ့ ... မင်း အခုဒဏ်ရာရထားတယ်ဆိုတာ မမေ့ပါနဲ့"

ဓားတစ်ချက်ခန်းချောင်သည် မိမိပေါင်မှ ဓားဒဏ်ရာအား တစ်ချက်ငုံ့ကြည့်လိုက်၏။

"ဒီဒဏ်ရာလား၊ ကျုပ်အတွက် မပြောပလောက်ပါဘူး"

ဟင်္သာမဟုန်မေ၏မျက်နှာပေါ်တွင် ခံပြင်းသောဟန်မူရာများ ပေါ်လွင်လာလေသည်။

"ကောင်းပြီ ... မင်းအတွက် သေရွာပြန်ဒဏ်ရာရစေမယ်"

ပြောပြီးဓားအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် တစ်လှမ်းချင်း လျှောက်သွားလေသည်။

"ရပ်လိုက်စမ်း"

ဓားတစ်ချက်ခန်းချောင်က အော်ဟစ်ဟန့်တားလိုက်၏။

သို့သော် ...

ဟင်္သာမဟုန်မေသည် မကြားလိုက်သည့်အလား ရှေ့သို့ တစ်လှမ်းချင်း တိုးလျှောက်လာနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားတစ်ချက်ခန်းချောင်သည် သူမအား လှည့်မကြည့်

အေးတိအေးစက်သံဖြင့် ပြောလိုက်၏။

"ကျုပ်ထပ်ပြောမယ် ... ခင်ဗျား ကျုပ်ကို မယှဉ်နိုင်ဘူး

ဒါကြောင့် ခင်ဗျားခင်ပွန်းပြောခဲ့တဲ့စကားအတိုင်း ကျုပ်ကို ဆ

မတိုက်ခိုက်ပါနဲ့"

ဟသ်ာမဟုန်မေသည် နာကြည်းကြေကွဲစွာဖြင့် မဲ့ပြုံးပြုံး

လိုက်၏။

"ဘာလဲ ... မင်းက ဒဏ်ရာရထားလို့ တုန်လှုပ်နေတာလာ

ဓားတစ်ချက်ခန်းချောင်သည် ဟန်မပျက်ကင်းမဲ့သောအ

ဖြင့် ...

"တုန်လှုပ်တယ်ဆိုတဲ့ ဝေါဟာရဟာ ... ကျုပ်နဲ့ သီးခြာ

ကမ္ဘာမှာပဲရှိတယ်၊ အခုလို ခင်ဗျားကို ဟန့်တားနေတာက မိန်းမတ

ယောက်နဲ့ယှဉ်ပြီး မတိုက်ခိုက်ချင်လို့ပဲ"

ဟသ်ာမဟုန်မေ၏ရူးရှသော မျက်ဝန်းအစုံသည် သူ၏

နောက်ကျောပြင်အား မျက်တောင်မခတ် စိုက်ကြည့်နေလေသည်

"မင်းက ... မိန်းမတစ်ယောက်ကို မသတ်ချင်ဘူးဆိုတ

သဘောလား"

ဓားတစ်ချက်ခန်းချောင်သည် သူမအား လှည့်မကြည့်ဘ



ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

ဟသ်ာမဟုန်မေသည် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်

လျက် မဲ့ပြုံးပြုံးလိုက်၏။

"ကောင်းပြီ ... မိန်းမတစ်ယောက်ကို မသတ်ချင်ဘူးဆိုရင်

မင်းသေလိုက်"

သူမသည် စကားဆုံးသည်နှင့်တစ်ပြိုင်နက် ဓားတစ်ချက် ခန်း

ချောင်ထံသို့ ခုန်ဝင်ကာ တိုက်ခိုက်လိုက်၏။

ဓားတစ်ချက်ခန်းချောင်သည် လှည့်ပင်မကြည့်ဘဲ ဟသ်ာမ

ဟုန်မေ၏ဓားအား မိမိဓားဖြင့် ခံပေးလိုက်သည်။

'ချွမ်း'

ဓားနှစ်လက်ထိတွေ့ ရိုက်ခတ်သံကျယ်လောင်စွာ ထွက်

ပေါ်လာ၏။

ထိုတခဏလေးမှာပင် ...

ဟသ်ာမဟုန်မေ၏လက်ထဲမှ ဓားသည် ထက်ပိုင်းကျိုးသွား

၏။

ဓားတစ်ချက်ခန်းချောင်သည် သူမအား လှည့်ပင်မကြည့်

တော့ဘဲ ထွက်ခွာသွားရန် ဟန်ပြင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဟင်္သာမဟုန်မေသည် မိမိလက်ထဲမှ ဓားထက်ပိုင်းကျိုးကို ငုံ့ကြည့်ကာ ငေးငိုင်နေမိ၏။

ရုတ်တရက် ...

သူမသည် တစ်စုံတစ်ခုအား သတိရလိုက်ဟန်ဖြင့် ဓားကျိုး ဖြင့် တစ်လှမ်းချင်း ထွက်ခွာသွားနေသော ဓားတစ်ချက်ခန်းချောင်၏ နောက်ကျောသို့ ပစ်လွှင့်လိုက်လေသည်။

'ဝှိုး'

ဓားကျိုးသည် အရှိန်ပြင်းစွာ ပစ်လွှင့်လာ၏။

ဓားတစ်ချက်ခန်းချောင်က မိမိလက်ထဲမှ ဓားကို ရဟတ် တစ်ခုပမာ တစ်ချက်ဝှေ့ယမ်းလိုက်၏။

'ချွမ်း'

ဟူသောအသံနှင့်အတူ ဓားကျိုးသည် ဟင်္သာမဟုန်မေထံ သို့ အရှိန်ပြင်းစွာ ပြန်လည်ပစ်လွှင့်လာလေသည်။

ဟင်္သာမဟုန်မေ၏မျက်ဝန်းအစုံမှာ ပြူးကျယ်သွား၏။

သူမသည် မိမိထံသို့ လွင့်ပျံလာသော ဓားထက်ပိုင်းကျိုး အား ကမန်းကတန်း ရှောင်တိမ်းလိုက်၏။

သို့သော် ...

အနည်းငယ် နှေးကွေးသွားသဖြင့် ဓားထက်ပိုင်းကျိုးသည်



သူမ၏ ဘယ်ဘက်ရင်အုံအား ထိုးစိုက်သွားလေသည်။

"အွန့်"

သူမသည် မပီမသရေရွတ်ရင်း နှင်းမြေပေါ်သို့ လဲကျသွား၏။

ဓားတစ်ချက်ခန်းချောင်သည် သူမအား ချာခနဲလှည့်ကြည့်လိုက်သည်။

"ခင်ဗျား တကယ်ဆန္ဒစောတာပဲကိုး၊ ကျုပ်က မိန်းမတစ်ယောက်ကို မသတ်ချင်ပေမယ့် ကိုယ့်အသက်ကို အန္တရာယ်ပေးလာရင် မလွှဲမရှောင်သာ သတ်ရလိမ့်မယ်ဆိုတာ စဉ်းစားမိဖို့ ကောင်းပါတယ်"

ဟင်္သာမဟုန်မေသည် ဝေဒနာပြင်းပြင်းထန်ထန် ခံစားနေရသည့်ကြားမှ မျက်လုံးပြူးကာ ကြည့်လိုက်၏။

သို့သော် ...

ဝိညာဉ်ကင်းမဲ့သွားပြီဖြစ်သော လူသေတစ်ယောက်သည် မည်သည့်ရုပ်ဝတ္ထုအား မြင်နိုင်စွမ်းရှိပါတော့မည်နည်း။

✽ ✽ ✽

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

နှင်းမှုန်များ ကျဆင်းနေဆဲပင်။

မျက်စိတစ်ဆုံးကြည့်လိုက်ပါလျှင် ငွေရောင်များ ဖုံးလွှမ်းနေ၏။

ဖြူဖွေးသော နှင်းမြေပေါ်တွင် အနီရောင်စက်ကလေးများကို တွေ့မြင်နေရလေသည်။

သွေးစက်များပင် ဖြစ်၏။

နှင်းမြေပေါ်သို့ကျနေသောကြောင့် အနီရောင်ပန်းပွင့်ကလေးများသဖွယ် ထင်မှတ်ဖွယ်ရာ ဖြစ်နေ၏။

သို့သော် ...

ထူထပ်စွာကျဆင်းနေသော နှင်းမြူများသည် ထိုသွေးစက်များအား တစ်မုဟုတ်ချင်း ဖုံးလွှမ်းသွားလေသည်။

အမှန်တွင် ...

ထိုသွေးစက်များသည် ဓားတစ်ချက်ခန်းချောင်၏ခန္ဓာကိုယ်



ပေါ်မှ ယိုစီးကျနေခြင်း ဖြစ်၏။

သို့ရာတွင် ...

ဓားတစ်ချက်ခန်းချောင်သည် နှင်းမြေပေါ်တွင် မားမတ်စွာ ရပ်လျက် ရှိနေသေး၏။

သူ၏စူးရှတောက်ပသော မျက်ဝန်းအစုံသည် လဲကျသေဆုံးနေသော ဟသာဖိုရှောင်ရှမ်းနှင့် ဟသာမဟုန်မေတို့အား စိုက်ကြည့်နေလေသည်။

ယင်းသို့ကြည့်နေစဉ်မှာပင် ...

ဟသာဖိုရှောင်ရှမ်းနှင့် ဟသာမဟုန်မေတို့၏ခန္ဓာကိုယ်များအား နှင်းမြူများ အုပ်ဆိုင်းသွားကာ မကြာမီ နှင်းမြေအောက်သို့ မြုပ်ဝင်ရောက်ရှိသွားကြ၏။

ဓားတစ်ချက်ခန်းချောင်က သက်ပြင်းတစ်ချက်ချကာ ဖြည်းညင်းစွာ လှည့်ထွက်ခဲ့၏။

သို့သော် ...

သူ၏ခြေလှမ်းသုံးလှမ်းမျှ လှမ်းပြီးချိန်တွင် ခြေလှမ်းတုံ့ခနဲ ရပ်တန့်လိုက်မိလေသည်။

အကြောင်းကား ...

အဝေးဆီမှ လွင့်ပျံလာသော မိန်းကလေးတစ်ယောက်၏

www.burmeseclassic.com

www.burmeseclassic.com



အသံအား ကြားလိုက်ရသောကြောင့် ဖြစ်လေတော့သည်။

❋

"ပန်းသခင်မ

အလှမာန်ဝင့် ... သိုင်းဟန်တင့်

သခင့်ရင်ခွင် ... နားမည့်ပြင်

ကြင်သူ့ခြွေဆင့် ... ပန်းကြွေလွင့်ပြီ"

အသံသည် စူးရှသည်၊ တုန်ခါသည်။

ထို့ပြင် ...

ခံပြင်းခြင်း၊ ဒေါသထွက်ခြင်း၊ ကြေကွဲဝမ်းနည်းခြင်း ...

စသောအသွင်များ ပေါ်လွင်နေသေး၏။

မည်သို့ဆိုစေ ...

ထိုအသံသည် ချိုလွင်ကြည်လင်၍ ဆွဲဆောင်မှုအပြည့်

နေ၏။

ယင်းအသံကိုကြားလိုက်မိသည်နှင့် အသံရှင်မိန်းကလေး

သည် အလွန်နုနယ်လှပသော မိန်းကလေးတစ်ယောက်ဖြစ်ရမည်



ဘေးတစ်ချက် ခန်းချောင်က ယုံကြည်နေမိ၏။

သို့သော် ...

သူမ၏ရွတ်ဆိုနေသော ကဗျာလေးသည် အလွန်နာကြည်း

ကြေကွဲဖွယ်ရာ ခံစားမှုများ ပါဝင်နေ၏။

ဤသို့ဆိုပါလျှင် ...

ထိုမိန်းကလေးသည် မည်သူနည်း။

မည်မျှကြေကွဲနာကြည်းဖွယ်ရာအဖြစ်အပျက်နှင့် သူမ ကြုံ

တွေ့ခဲ့ရပါသနည်း။

အဘယ်ကြောင့် ဤမျှလူသူကင်းဝေးပြီး ရာသီဥတုဆိုးဝါး

သော နှင်းတောင်ပေါ်တွင် ကဗျာရွတ်ဆိုနေပါသနည်း။

ပဟေဠိဆန်သောမေးခွန်းများစွာတို့သည် သူ၏ဦးနှောက်

ထဲ၌ ဆင့်ကဲ ဆင့်ကဲ ဖြစ်ပေါ်လာလေသည်။

ယင်းကြောင့် စဉ်းစားခြင်းပင် မပြုတော့ဘဲ ကဗျာရွတ်သံ

ကြားရာဆီသို့ ဦးတည်လျှောက်သွားခဲ့လေတော့သည်။

❋

www.burmeseclassic.com

www.burmeseclassic.com



ဓားတစ်ချက် ခန်းချောင်သည် သွေးများ ယိုစီးကျနေသော ခြေထောက်တစ်ဖက်အား နှင်းမြေပေါ်တွင် ရှပ်တိုက်လျှောက်ရင်း ကဗျာရွတ်ဆိုသံကြားရာဆီသို့ ဦးတည်သွားနေ၏။

ခြေထောက်မှ ပြင်းပြင်းထန်ထန်နာကျင်မှုကြောင့် သူ့၏ နဖူးပြင်ပေါ်တွင် ချွေးများ စို့ကာ ခန္ဓာကိုယ် တဆတ်ဆတ်တုန်ရီ နေလေသည်။

သို့သော် ...

ကဗျာရွတ်ဆိုသော မိန်းကလေးအား တွေ့မြင်ချင်သော ဆန္ဒပြင်းထန်သဖြင့် ကြိုးစားကာ လျှောက်လှမ်းနေ၏။

ရုတ်တရက် ...

သူ့၏စူးရှသော မျက်ဝန်းအစုံသည် အဝေးဆီမှ အဖြူရောင် လူရိပ်တစ်ခုကို နှင်းမြူများကြားတွင် မပီဝိုးတဝါး တွေ့မြင်လိုက်ရ လေသည်။

ထိုအဖြူရောင်လူရိပ်သည် နှင်းမြူများကို တိုးဖွေ့ကာ သူ့ ထံသို့ တစ်လှမ်းချင်း လျှောက်လာနေ၏။

ဓားတစ်ချက် ခန်းချောင်သည် မိမိပေါင်မှ နာကျင်လွန်း သောဝေဒနာကြောင့် ဆက်လက်လျှောက်လှမ်းခြင်းမပြုဘဲ ဓားကို နှင်းမြေပေါ်တွင် ထောက်ကာ အဖြူရောင်လူရိပ်အား စိုက်ကြည့်နေ



လေသည်။

ထိုလူရိပ်သည် ကဗျာလေးအား ရွတ်ဆိုနေသော မိန်းကလေးဖြစ်ပြီး မကြာမီ မိမိအနီးသို့ရောက်ရှိလာမည်ဟု မျှော်လင့်ထား၏။

သို့ရာတွင် ...

သူ၏မျှော်လင့်ချက်များ ပြည့်ဝမလာခဲ့ပါ။

နှင်းမြူများကို တိုးဖွေ့လျှောက်လာနေသော အဖြူရောင်လူရိပ်သည် ရုတ်တရက် ရပ်တန့်သွားသည် မဟုတ်ပါလော။

ဓားတစ်ချက် ခန်းချောင်က မျက်မှောင်ကြုတ်လိုက်၏။

"မိန်းကလေး ... မင်း ဘယ်သူလဲ"

မေးရင်း ဓားကို မြေပြင်ပေါ်တွင် ထောက်၍အားပြုရင်း ခြေထောက်တစ်ဖက်အား တရွတ်ဆွဲလျက် လျှောက်သွားလေသည်။

အဖြူရောင်လူရိပ်ထံမှ တုံ့ပြန်သံမကြားရပါ။

ဓားတစ်ချက် ခန်းချောင်သည် ပို၍မျက်မှောင်ကြုတ်လိုက်မိ၏။

သူသည် နှင်းမြူများကြားတွင် ရပ်တန့်နေသော လူရိပ်ထံသို့ တိုးလျှောက်သွားလေသည်။

မကြာမီ ... အဖြူရောင်လူရိပ်နှင့် နီးကပ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ပေါ်တွင် အဖြူရောင်ဝတ်စုံဝတ်ဆင်ထားပြီး အဖြူရောင်နှင်းကာ ဝတ်ရုံခြုံလွှမ်းထားသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

မျက်နှာအား အဖြူရောင်ဇာပဝါဖြင့် ဖုံးအုပ်ထားသော ကြောင့် မမြင်တွေ့ရပါ။

သို့သော် ...

ဆောင်းလေတိုက်ခတ်မှုကြောင့် လွင့်ထနေသော နှင်းကာ အောက်ရှိ ခန္ဓာကိုယ်သည် အလွန်လက်ရာမြောက်လှသည့် ပန်း ဆရာတစ်ယောက် ထွင်းထုထားသော ပန်းပုသူဇာရုပ်တု၏ကိုယ် ဟန်ကဲ့သို့ အချိုးအဆစ် ကြော့ရှင်းလှပသည်ကို တွေ့မြင်နေရ၏။

ထို့ကြောင့် ...

ဇာပဝါအဖြူဖုံးအုပ်ထားသော သူမ၏မျက်နှာလေးသည် တူပြိုင်ကင်းသော အလှပိုင်ရှင်မလေးတစ်ယောက်ဖြစ်မည်ဟု တေ တစ်ချက်ခန့်ချောင် ယုံကြည်လိုက်မိ၏။

ဤမျှ လှပချောမောသော မိန်းကလေးတစ်ယောက်တည်း ယခုကဲ့သို့ ရာသီဥတုဆိုးရွားချိန်တွင် လူသူအရောက်အပေါက်နည်းလှ သော နှင်းတောင်ပေါ်သို့ အဘယ်ကြောင့်ရောက်ရှိလာပါသနည်း။

သူသည် မိန်းကလေးဆီသို့ ထပ်မံတိုးလျှောက်သွားပြီး



တစ်စုံတစ်ခုမေးရန် ဟန်ပြင်လိုက်၏။

သို့ရာတွင် ...

ရုတ်တရက် ခြေလှမ်းတုံ့ခနဲ ရပ်တန့်လိုက်မိသည်။

ထို့ပြင် ... သူ၏နှုတ်ခမ်းအစုံသည် အာစေးထည့်ထားသည့် အလား တစ်စုံတစ်ရာ ဖွင့်ဟမေးမြန်းခြင်း မပြုမိပါ။

စူးရှတောက်ပသော သူ၏မျက်ဝန်းအစုံသည် စိုးရိမ်ထိတ် လန့်စွာဖြင့် မိန်းကလေးအား အကဲခတ်ကြည့်နေမိသည်။

အကြောင်းကား ...

သူ့ရှေ့သို့ ထပ်မံတိုးလျှောက်ရန် ဟန်ပြင်လိုက်စဉ် ...

မိန်းကလေးထံမှ အလွန်အေးစိမ့်သော အငွေ့အသက် တစ်ခု လွင့်ပျံ့လာခြင်းကို ခံစားလိုက်ရသောကြောင့် ဖြစ်သည်။

၎င်းပြင် ...

ဇာပဝါအောက်မှ မိန်းကလေး၏မျက်ဝန်းအစုံသည် သူ့ အား စူးရှမုန်းတီးစွာ စိုက်ကြည့်နေသည်ဟု ခံစားနေမိ၏။

သူသည် အံ့ဩလွန်းသဖြင့် ထူထဲသော မျက်ခုံးမွေးအစုံမှာ နဖူးပေါ်သို့ ခုန်တက်သွားလေသည်။

ထိပ်သီးသိုင်းသမားတစ်ယောက်ဖြစ်သောကြောင့် မိန်းက လေးထံမှ လွင့်ပျံ့လာသော အေးစိမ့်သည့် အငွေ့အသက်သည်

www.burmeseclassic.com

www.burmeseclassic.com



အလွန်ရက်စက်ကြမ်းကြုတ်ပြီး လူသတ်လိုသော လူများ၌သာ ဖြစ်ပေါ်လေ့ရှိကြောင်း သိရှိထားသည် မဟုတ်ပါလော။

သူ့ဘဝတစ်သက်တာတွင် မည်သည့်မိန်းကလေးနှင့်မျှ ပတ်သက်ဆက်နွယ်ခြင်း မရှိခဲ့ဖူးပါချေ။

ထို့ကြောင့် ...

အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော မိန်းကလေးနှင့် မည်သည့်ရန်ငြိုးမှ မရှိနိုင်ပေ။

ဤသို့ဆိုလျှင် ...

သူမသည် မည်သူနည်း။

မိမိအား အဘယ်ကြောင့် ရက်စက်စွာ သတ်ဖြတ်လိုပါသနည်း။

❊ ❊ ❊



## အခန်း (၆)

ဆောင်းလေသည် မာန်ဟုန်ပြင်းစွာဖြင့် နှင်းမြူများအား လူပ်ယမ်းခါချနေ၏။

မိန်းကလေး၏ခန္ဓာကိုယ်ပေါ်တွင် လွှမ်းခြုံထားသော နှင်းကာလသည် လေထဲ၌ တဖျပ်ဖျပ် လွင့်ခါနေလေသည်။

နှင်းရည်များ ဆွတ်ဖျန်းထားသော အဖြူရောင်ဝတ်စုံသည် သူမ၏တင်းရင်းဖွံ့ဖြိုးသောခန္ဓာကိုယ်အလှကို ပို၍ပေါ်လွင်စေလေသည်။

မည်သည့်ပုရိသယောကျ်ားများမဆို သူမ၏ခန္ဓာကိုယ်အလှကို တွေ့မြင်ရပါလျှင် အသက်ရှူရန်ပင် မေ့လျော့ကာ မက်မောတွယ်တာနေကြမည် ဖြစ်၏။

သို့သော် ...

ဓားတစ်ချက်ခန်းချောင်သည် သူမ၏ခန္ဓာကိုယ်အလှကို မက်မောတွယ်တာခြင်း မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတွေရဲ့အလှဟာ ယောကျာ်းတွေကို ဘဝပျက်အော
ပြုစားတဲ့စုန်းကဝေတွေပဲ၊ ဒါကြောင့် ... ဒီလို အလှအပတွေကိုမြင်
မင်း ဝေးဝေးရှောင်တိမ်းနေရမယ် ... ကြားလား"

ဤစကားသည် သူလူမှန်းသိစအရွယ်မှစ၍ နေလခြင်း
ရှင် တုကုဟာန်၏မကြာခဏ သတိပေးဆုံးမခဲ့သော စကားဖြစ်

ထို့ကြောင့်လည်း ...

ဓားတစ်ချက်ခန်းချောင်သည် မည်မျှလှပချောမောသေ
မိန်းကလေးများကို တွေ့မြင်ရသည့်တိုင်အောင် ပတ်သက်မှုတစ်
တစ်ရာမရှိဘဲ ရှောင်တိမ်းနေခဲ့၏။

ယခု ... သူသည် မိန်းကလေး၏ခန္ဓာကိုယ်အလှထက် မိ
ကလေး၏လက်နှစ်ဖက်ကိုသာ ဂရုစိုက်မျက်ခြည်မပြတ် ကြည့်
လေသည်။

အကြောင်းကား ...

ထိုလက်နှစ်ဖက်သည် မိမိ၏ဝိညာဉ်ခြွေယူနိုင်စွမ်း ရှိသ
ဟု ခံစားနေရသောကြောင့် ဖြစ်၏။

မိမိအား ထိုလက်နှစ်ဖက်မှ တိုက်ခိုက်လာပါလျှင်လည်း ပြ
လည်တိုက်ခိုက်နိုင်ရန် သတိကြီးစွာ ထားနေခဲ့သည်။

ရုတ်တရက် မိန်းကလေး၏လက်တစ်ဖက် တစ်ချက်လှု



ရှုးသွားသည်။

'ဗိုး'

တစ်ဆက်တည်းမှာပင် ...

အရာဝတ္ထုတစ်ခု လေကိုခွင်းကာ ပစ်လွှင့်လာသံကို ကြား
လိုက်ရ၏။

ဓားတစ်ချက်ခန်းချောင်သည် ရှောင်တိမ်းခြင်း မပြုပါ။

နီးကပ်လွန်းသော အခြေအနေကြောင့် ရှောင်တိမ်းရန်
လည်း မလွယ်ကူပါချေ။

ယင်းကြောင့် ...

လက်တစ်ဖက်အား တစ်ချက်လှုပ်ရှားလိုက်၏။

'ဖွစ်'

သူ၏လက်ညှိုးနှင့် လက်ခလယ်ကြားတွင် ညှပ်ထားသော
အရာအား ဂရုမစိုက်နိုင်ပါ။

စူးရှသော သူ၏မျက်ဝန်းအစုံသည် ထပ်မံတိုက်ခိုက်လာ
မည့် မိန်းကလေး၏လက်နက်ပုန်းအား မျက်ခြည်မပြတ် အကဲခတ်
ကြည့်လိုက်၏။

သို့ရာတွင် ...

မိန်းကလေးသည် ထပ်မံတိုက်ခိုက်ခြင်းမပြုသည့်အပြင်

www.burmeseclassic.com

www.burmeseclassic.com



ချာခနဲ လှည့်၍ ထွက်ပြေးသွားသည်ကို တွေ့မြင်လိုက်ရ၏။

သူမ၏ခန္ဓာကိုယ်သည် အဖြူရောင်မီးခိုးတန်းတစ်ခု နှင်းဖြူများကြားသို့ တိုးဝှေ့ဝင်ရောက် ပျောက်ကွယ်သွား၏။

ခားတစ်ချက်ခန်းချောင်သည် သက်ပြင်းတစ်ချက်ချလိုက် သည်။

ယခုမှ ...

သူသည် မိမိ၏လက်ညှိုးနှင့် လက်ခလယ်ကြားတွင် ညှပ် ထားသောအရာအား ငုံ့ကြည့်လိုက်၏။

ချယ်ရီပန်းပုံဖော်ထားသော ရွှေရောင်တောက်ပနေသည့် ဆံထိုးတစ်ချောင်း ဖြစ်လေသည်။

ပန်းတိမ်ဆရာ၏ အနုပညာလက်ရာမြောက်မှုကြောင့် အလွန်လှပ၍ မက်မောဖွယ်ရာကောင်းလှပေသည်။

သို့သော် ...

ခားတစ်ချက်ခန်းချောင်သည် ထိုဆံထိုးအားကြည့်ရင်း ရင် ထဲ၌ လေးလံလာမိလေသည်။

အကြောင်းကား ...

ဆံထိုးပိုင်ရှင်မိန်းကလေးသည် လျှို့ဝှက်ဆန်းကြယ်ပြီး ကြောက်မက်ဖွယ်ရာကောင်းသော ရန်သူတစ်ယောက်ဖြစ်နေသော



ကြောင့် ဖြစ်၏။

ဤသို့ဆိုပါလျှင် ...

သူမနှင့်မိမိတို့ကြားတွင် မည်သည့်ရန်ငြိုးရှိခဲ့ပါသနည်း။

❊

နေရောင်ခြည်သည် နှင်းဖြူများကို တိုးဝှေ့ဖယ်ရှားကာ ကမ္ဘာပေါ်သို့ နွေးထွေးသောအလင်းရောင် ဖြန့်ဝေနေ၏။

နှင်းဖြူများ ကျဆင်းမှုမှာ တစ်စထက်တစ်စ နည်းပါးလာ ချေပြီ။

သို့သော် ...

ခားတစ်ချက်ခန်းချောင်၏ခန္ဓာကိုယ်ပေါ်ရှိ အနက်ရောင် ဝတ်စုံပေါ်တွင် နှင်းပွင့်များအချို့ ခဲ၍ပင် ရှိနေသေး၏။

ယခု ... သူသည် ဒဏ်ရာရထားသော ခြေထောက်အား မြေပေါ်တွင် တရွတ်တိုက်ဆွဲကာ နှင်းတောင်ပေါ်မှ ဆင်းလာ၏။

နီရဲသော သွေးစက်ကလေးများသည် နှင်းမြေပေါ်တွင် အနီ ရောင်ပန်းပွင့်လေးများပမာ တစ်စက်ချင်းကျလျက် ...

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ...

သူသည် မြေလှမ်းကို ရပ်တန့်အနားယူခြင်း မရှိပါချေ။

ဤသို့ဆိုလျှင် ...

သူသည် မိမိ၏ခန္ဓာကိုယ်အား သနားကြင်နာမှုမရှိဘဲ နှိပ်စက်ညှဉ်းပန်းနေသလော။

မဟုတ်ပါချေ။

သူ ဤနေရာ၌ အနားယူပါလျှင် မိမိကိုယ်မိမိ သေကြောင်းကြံစည်သကဲ့သို့ဖြစ်လိမ့်မည်ဟု နားလည်ထားသောကြောင့် ဖြစ်သည်။

ယခု ... သူ၏အခြေအနေသည် နွေးထွေးစွာ အနားယူရန် လူနေအိမ်ခြေတစ်လုံး အလျင်အမြန် လိုအပ်နေ၏။

ထို့ကြောင့် ... ခြေထောက်တွင် ဒဏ်ရာပြင်းပြင်းထန်ထန် ရရှိထားသော်လည်း ရပ်နားခြင်းမပြုဘဲ ကြိုးစားလျှောက်လှမ်းနေရလေတော့သည်။

❀ ❀ ❀



## အခန်း (၇)

နေဝန်းသည် မိုးကုပ်စက်ဝိုင်းအောက်သို့ ငုပ်လျှိုးပျောက်ကွယ်သွားချေပြီ။

မြောက်လေသည် ညင်သာပျော့ပျောင်းစွာ တိုက်ခတ်နေရာမှ တစ်စထက်တစ်စ အင်အားပြင်းထန်လာ၏။

နှင်းမြူများသည် လေအဟုန်တွင် ကြွေလွင့်သက်ဆင်းနေကြလေသည်။

ကောင်းကင်ပေါ်တွင် လဝန်းမရှိပါ။

ကြယ်ကလေးများလည်း မရှိပါချေ။

ထို့ကြောင့် ...

အမှောင်ထုသည် အဆုံးအစမဲ့စွာ လွှမ်းမိုးထား၏။

ယခုကဲ့သို့ ရာသီဥတုဆိုးရွားသော မဟူရာညမျိုးတွင် ခရီးသွားလာသူက တစ်စုံတစ်ယောက်မျှမရှိအောင် လူသွားလူလာကင်းရှင်းလျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

လူရွယ်တစ်ယောက်သည် နှင်းပွင့်မြို့ပြင်နှင့် သုံးလီခန့်အကွာတွင် လျှောက်လှမ်းနေ၏။

ထိုလူကား အခြားလူမဟုတ်ပါချေ။

ဓားတစ်ချက်ခန်းချောင်ပင် ဖြစ်၏။

သူ၏ခြေထောက်တစ်ဖက်မှ ဓားဒဏ်ရာသည် လမ်းလျှောက်လိုက်သည့် ခြေလှမ်းတိုင်းတွင် နာကျင်မှုဝေဒနာကို ခံစားနေ၏။

ထို့အပြင် ...

လမ်းခရီးတစ်လျှောက် သောက်စရာ ရေမရှိ။

စားစရာ ဗလာနတ္ထိဖြင့် အတိဒုက္ခရောက်ခဲ့ရ၏။

ယင်းကြောင့် ...

ခန္ဓာကိုယ်တစ်ခုလုံး အားအင်မဲ့နေလေသည်။

အမှန်တွင် ...

သူ၏ခြေထောက်၌သာ ဒဏ်ရာမရရှိခဲ့ပါလျှင် ယခုအချိန်၌ နှင်းပွင့်မြို့သို့ ရောက်ရှိနေပြီဖြစ်သည်။

ယခုမှာမူ ...

နှင်းပွင့်မြို့သို့ရောက်ရန် သုံးမိုင်ခန့် လိုနေသေး၏။



ထို့ကြောင့် ... ရှည်လျားသော ညတာကို လမ်းခရီးပေါ်တွင် တစ်ညတာ ကုန်ဆုံးစေရပေမည်။

သူသည် ယင်းသို့ တွေးမိလိုက်သောအခါ ...

အဆုံးအစမဲ့သော အမှောင်ထုအား မျက်လုံးဝေ့ကြည့်လိုက်မိလေတော့သည်။

❊

အမှောင်ထုသည် ကြောက်မက်ဖယ်ရာကောင်းအောင် လွှမ်းခြုံထား၏။

ထို့ကြောင့် ...

ဓားတစ်ချက်ခန်းချောင်သည် မိမိမည်သည့်နေရာ၌ ရောက်ရှိနေသည်ကိုပင် မသိရပါ။

၎င်းပြင် ...

အမှောင်ထုထဲတွင် မိမိအတွက် အန္တရာယ်မရှိဟု မပြောနိုင်ပါ။

ဤသို့ဆိုလျှင် အမှောင်ထုထဲ၌ အန္တရာယ်များရှိနေမည်

www.burmeseclassic.com

www.burmeseclassic.com



လော။

သူ မတွေးလိုပါ။ မတွေးချင်ပါ။

တွေးမိလျှင် စိတ်ဓာတ်ကျသွားနိုင်၏။

စိတ်ဓာတ်ကျခဲ့လျှင် ဆက်လက်လှမ်းလျှောက်ရန် အင်အား ကင်းမဲ့သွားပေမည်။

ထိုအခါ ...

အအေးဓာတ်ကို ခုခံနိုင်စွမ်းမရှိဘဲ လူမသိ သူမသိဖြင့် ဤ နေရာ၌ သေဆုံးသွားမည်ဖြစ်၏။

ယင်းကြောင့် ...

အန္တရာယ်နှင့် ဆုံတွေ့ရပါလျှင် ရင်ဆိုင်နိုင်ရန် အသင့်ပြင် ထားကာ ကြိုးစား၍ ဆက်လက်လျှောက်လှမ်းနေ၏။

ယခုအချိန်တွင် ...

သူ၏အသက်ရှင်သန်ရေးသည် အလွန်အရေးကြီး၏။

သို့မှသာလျှင် ...

နေလကျေးရွာအား မီးလောင်တိုက်သွင်းခဲ့သော ရန်သူများ အား ဖော်ထုတ်ကာလဲ့စားချေကာ မိမိအပေါ် မတရားစွပ်စွဲထားသည် များကို ဖြေရှင်းရဦးမည် မဟုတ်ပါလော။

❁



ဓားတစ်ချက်ခန်းချောင်သည် ဓားကို မြေပြင်ပေါ်တွင် တောင်ဝှေးတစ်ချောင်းကဲ့သို့ ထောက်ကာ အမှောင်ထုထဲသို့ တိုးဝင် နေ၏။

မိမိကဲ့သို့ အသက်ရှင်သန်နေသော သိုင်းထိပ်သီးလူရွယ် တစ်ယောက်က ဓားကို တောင်ဝှေးတစ်ချောင်းသဖွယ် အသုံးပြု၍ လမ်းလျှောက်နေရခြင်းကို တွေးမိလိုက်သောအခါ ပြုံးလိုက်မိသည်။

သူ၏အပြုံးသည် ဝမ်းနည်းခြင်း၊ ခံပြင်းခြင်း၊ လှောင်ပြောင် ခြင်း စသည့်ခံစားမှုများမှ ဖြစ်ပေါ်လာသောအပြုံးဖြစ်၏။

ယခု ... သူ့ခန္ဓာကိုယ်တစ်ခုလုံး အားအင်ချိနဲ့လာကာ လှုပ် ရှားလိုက်တိုင်း ခြေထောက်မှ ဒဏ်ရာများသည် သွေးများ စိမ့်ထွက် နေလေသည်။

ရုတ်တရက် ...

ခလုတ်တိုက်မိကာ မြေပေါ်သို့ ဟပ်ထိုးလဲကျသွား၏။

ပြန်လည်ထရပ်ရန် ခွန်အား ကင်းမဲ့နေသကဲ့သို့ ဖြစ်နေ သဖြင့် မြေပြင်ပေါ်သို့ ချလိုက်ရသည်။

အေးစိမ့်သော နှင်းမြေများ ဖုံးလွှမ်းထားသော မြေပြင်၏

www.burmeseclassic.com

www.burmeseclassic.com



အထိအတွေ့သည် သူ့ခန္ဓာကိုယ်တစ်ခုလုံးအား အေးစက်တောင့်တင်းသွားစေ၏။

ထို့ကြောင့် ...

ကြိုးစား၍ ထရပ်ရင်း ရှေ့သို့ မျှော်ကြည့်လိုက်သည်။

ရုတ်တရက် ... ထူထဲသော မျက်ခုံးမွေးအစုံမှာ နဖူးပေါ်သို့ ခုန်တက်သွား၏။

အကြောင်းကား ...

မှုန်ပျပျမီးရောင်အား ဝါးတစ်ရိုက်အကွာတွင် တွေ့မြင်လိုက်ရသောကြောင့် ဖြစ်၏။

သူ အလွန်အံ့သြသွားသည်။

မိမိ ဤခရီးကိုဖြတ်သန်းလာစဉ် နှင်းပွင့်မြို့ပြင်မှ နှင်းတောင်ထိရောက်သည့်တိုင်အောင် လူနေအိမ်ခြေမရှိကြောင်း တွေ့မြင်ခဲ့ရသည် မဟုတ်ပါလော။

ဤသို့ဆိုပါလျှင် ...

ယခု တွေ့မြင်ရသော မီးရောင်သည် မည်သည့်နေရာမှ ထွက်ပေါ်လာပါသနည်း။

ရန်သူများမှာ မိမိအား လိုက်လံရှာဖွေနေကြသည်လော။

မည်သို့ဆိုစေ ...



မီးရောင်ရှိလျှင် လူရှိပေမည်။

ယခုကဲ့သို့ ... အမှောင်ထုထဲတွင် တစ်ယောက်တည်း အဓိပ္ပာယ်မဲ့စွာ သေဆုံးရခြင်းထက် မီးရောင်အောက်၌ ရန်သူများနှင့် တိုက်ခိုက်ရင်း သေဆုံးရခြင်းက အဓိပ္ပာယ်ရှိမည်ဟု စဉ်းစားမိလိုက်၏။

ထိုသို့ စဉ်းစားမိလိုက်သည်နှင့် တစ်ပြိုင်နက် သူသည် မီးရောင်ထွက်ပေါ်ရာသို့ တစ်လှမ်းချင်း လှမ်းလျှောက်သွားလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

အိမ် ...

သစ်သားအိမ်ကလေးတစ်လုံး ဖြစ်၏။

အိမ်ကလေး၏ပြတင်းပေါက်မှ ဖြာထွက်နေသော မှုန်ပျ
မီးရောင်ကြောင့် သစ်သားအိမ်ကလေးသည် နေချင်စဖွယ်သပ်ရ
တောင့်တင်းနေခြင်းကို တွေ့မြင်ရသည်။

ထို့ပြင် ...

အိမ်ကလေး၏ အမိုးအကာများအားလုံးမှာ သစ်လွင်နေ
သောကြောင့် မကြာမီအချိန်ကမှ ဆောက်လုပ်ပြီးစီးသော အိမ်လေ
ဖြစ်ကြောင်း ခန့်မှန်းသိရှိနိုင်၏။

ဓားတစ်ချက်ခန်းချောင်သည် သစ်သားအိမ်ကလေးရှေ့တွ
ရပ်လျက်ကြည့်နေရင်း မချိပြုံး ပြုံးလိုက်သည်။

အိမ်မရှိသော ဤကဲ့သို့ လူသူကင်းရှင်းသောနေရာမျိုး
ရုတ်တရက်ထွက်ပေါ်လာသော အိမ်ကလေးသည် မိမိအတွက် 



သပ်လှပသော ထောင်ချောက်တစ်ခုဖြစ်ရမည်ဟု တွေးလိုက်မိသည် မဟုတ်ပါလော။

သို့သော် ...

သူသည် လှည့်ပြန်သွားရန် ဆန္ဒမရှိပါချေ။

ထောင်ချောက်အတွင်းသို့ လှမ်းဝင်၍ ရန်သူအား ရှာဖွေရန် ဆုံးဖြတ်ထား၏။

ယင်းကြောင့် ...

အိမ်ကလေး၏ တံခါးရွက်အား လက်ဖြင့် ခေါက်လိုက်လေသည်။

'ခေါက် ... ခေါက် ... ခေါက်'

တစ်ဆက်တည်းမှာပင် ...

အိမ်ကလေးထဲမှ ရန်သူက တိုက်ခိုက်လာပါလျှင် မိမိမှ ခုခံတိုက်ခိုက်နိုင်ရန် အိမ်နံဘေးအမှောင်ရိပ်ထဲသို့ တိုးဝင်ကာ ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားလိုက်လေသည်။

❋

www.burmeseclassic.com

www.burmeseclassic.com



'ဒေါက် ... ဒေါက် ... ဒေါက်'

တံခါးခေါက်သံသည် ညဥ့်၏တိတ်ဆိတ်ခြင်းကို ဖြိုခွင်းလျက် ထွက်ပေါ်လာ၏။

တံခါးခေါက်သံဆုံးသွားသည်နှင့် တစ်ပြိုင်နက် တံခါးရွက်နှစ်ခုသည် ဖြည်းညင်းစွာ ပွင့်ဟသွားလေသည်။

ယင်းနောက် ...

အလွန်လှပသွယ်လျသော လက်ကလေးတစ်ဖက်သည် မီးအိမ်တစ်လုံးကို ကိုင်ဆောင်လျက် ထွက်ပေါ်လာ၏။

မီးအိမ်မှ အလင်းရောင်သည် မှုန်ပျပျမှုံသာ ဖြစ်သည်။

သို့သော် ...

မီးရောင်သည် မီးအိမ်ကိုင်ဆောင်ထားသော လူအား ထင်ရှားစွာ တွေ့မြင်နေရ၏။

အိမ်ကလေးနံဘေးရှိ အမှောင်ရိပ်ထဲတွင် ဝင်ရောက်ပုန်းခိုနေသော ဓားတစ်ချက်ခန်းချောင်သည် တံခါးဝတွင် ရပ်နေသော လူအား တွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် မျက်လုံးများ ပြူးကျယ်သွားလေသည်။

သူသည် ...

လက်ထဲ၌ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသောဓား



လွတ်ကျမသွားစေရန် ကြိုးစားဆုပ်ကိုင်လျက် တံခါးဝတွင် ရပ်နေသောလူအား ငေးငိုင်စွာ ကြည့်နေမိလေတော့၏။

❊

မိန်းကလေးတစ်ယောက် ...

အလွန်လှပသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

မိန်းကလေးသည် နုမျိုသည်။

ယဉ်ကျေးသိမ်မွေ့သည်။

ပခုံးပေါ်တွင် ဝဲကျနေသော နူးညံ့ပျော့ပျောင်းသည့် ဆံကေသာများ ...

ကြည်လဲ့ရွှန်းလဲ့သောမျက်ဝန်းအစုံ ...

ဖြောင့်စင်းသောနှာတံ ...

နီစွေဖူးငုံသော နှုတ်ခမ်း ...

ကျစ်လျစ်သိပ်သည်းစွာ အချိုးအဆစ်ပြေပြစ်လှသော ခန္ဓာကိုယ်ဖွဲ့စည်းမှုများနှင့် ပေါင်းစပ်ဖွဲ့စည်းထားသဖြင့် မည်သည့်ပုရိသယောကျ်ားသားများမဆို တွေ့မြင်လိုက်ပါက အသက်ရှူရန်ပင် မေ့

www.burmeseclassic.com

www.burmeseclassic.com



လျှော့သည့်အထိ ငေးငိုင်သွားကြမည် ဖြစ်၏။

ဓားတစ်ချက်ခန်းချောင်သည် အိမ်ကလေးထောင့်ဘက် မှောင်ရိပ်ကျသောနေရာတွင် ရပ်လျက် သူမအား ငေးငိုင်ကာ ကြည့် နေမိလေသည်။

မိန်းကလေးသည် လက်ထဲမှမီးအိမ်အား အပေါ်သို့ အနည် ငယ်မြှောက်ကာ ကြည်လင်ဝိုင်းစက်သောမျက်ဝန်းအစုံဖြင့် အမှော် ထုထဲသို့ ဝေ့ဝဲကြည့်နေ၏။

ယင်းနောက် ...

ကော့ညွတ်သေးသွယ်သော မျက်ခုံးမွေးအစုံအား အနည် ငယ်ပင့်ကာ ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"အင်း ... ဒီလောက်နှင်းတွေ ပိတ်ဖုံးနေတဲ့အချိန်မှာ ဘယ် လိုရောက်ရှိသည့်မျိုးက တံခါးလာခေါက်မှာတဲ့လဲ၊ နားကြားလွဲတာ ဖြစ် မှာပါလေ"

ပြောပြီး တံခါးပြန်ပိတ်ရန် ဟန်ပြင်လိုက်၏။

ယခုမှ ဓားတစ်ချက်ခန်းချောင်သည် သူမအား ငေးငို ကြည့်နေရာမှ သတိဝင်လာကာ ကမန်းကတန်းဟန့်တားလိုက်သည်

"ခဏ"

မိန်းကလေး၏မျက်လုံးများ ဝိုင်းစက်ပြူးကျယ်သွားသည်



သူမသည် မီးအိမ်ကို လက်ထဲတွင်မြှောက်ကာ ဓန်းကျင် အား မျက်လုံးဝေ့ကြည့်လိုက်သည်။

"ဘယ်သူလဲ ... ကျွန်မရဲ့နှင်းပန်းဂေဟာမှာ တည်းခိုချင် တယ်ဆိုရင် အမှောင်ထဲက ထွက်ခဲ့ပါရှင်"

သူမ၏အသံသည် အလွန်ကြည်လင်ပြီး ဆွဲဆောင်မှုရှိလှပေ သည်။

ဓားတစ်ချက်ခန်းချောင်သည် အိမ်ကလေးထောင့်ဘက် အမှောင်ထုထဲမှ သူမအား အကဲခတ်ကြည့်ရင်း သက်ပြင်းတစ်ချက် ချလိုက်၏။

"အင်း ... ဒီလိုလူသူကင်းဝေးတဲ့နေရာမျိုးမှာ နှင်းပန်းဂေ ဟာတည်းခိုခန်း လာဆောက်ထားတဲ့ တည်းခိုခန်းပိုင်ရှင်မိန်းကလေး ဟာ ဘယ်လိုမိန်းကလေးပါလိမ့်"

မိန်းကလေးက လှပစွာ မျက်မှောင်ကြုတ်လိုက်သည်။

"ရှင့်စကားက ဘာအဓိပ္ပာယ်ပါလဲရှင်"

ဓားတစ်ချက်ခန်းချောင်သည် သူမအား စူးရှသောမျက်လုံး အစုံဖြင့် စိုက်ကြည့်လိုက်သည်။

"ဒီလိုလေ ... ဒီနေရာဟာ အင်မတန် လူသူအရောက်အ ပေါက်နည်းပြီး ရာသီဥတုဆိုးရွားတဲ့နေရာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူက ခေတ္တရပ်တန့်ပြီးမှ စကားဆက်လိုက်၏။

"ဒီလိုနေရာမျိုးကို ဘယ်လိုခရီးသည်မျိုးကမှ လာမှာတဲ့ ဒါနဲ့တောင်မှ မင်းက ဒီနေရာမှာ ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ တည်း ခန်း လာဖွင့်ရတာလဲ"

မိန်းကလေးသည် သူ၏စကားကို ကြားလိုက်ရသောအ ပါးချိုင့်ကလေးများ ပေါ်လွင်လာသည့်အထိ ရယ်မောလိုက်သည်။

"ခစ် ... ခစ် ... ခစ် ... အနည်းဆုံးတော့ အခုပဲ ရှင့်လိုခရီး သည်မျိုး ရောက်လာပြီမဟုတ်လား"

သူမက ပခုံးတစ်ချက်တွန့်ကာ စကားဆက်လိုက်၏။

"နောက်ပြီး ... ဒီလိုနေရာမျိုးမှာ တခြားတည်းခိုခန်းတွေ ရှိမနေတဲ့အတွက် ဘယ်လိုခရီးသည်မျိုးပဲ ရောက်လာပါစေ ... ကျွန်မ ရဲ့ တစ်ခုတည်းသော တည်းခိုခန်းဖြစ်တဲ့ ... နှင်းပန်းတည်းခိုခန်းကို လာတည်းရမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဖွင့်ထားတာပါ"

ခားတစ်ချက်ခန်းချောင် ပါးစပ်ပိတ်ထားလိုက်ရ၏။

မိန်းကလေးသည် အသံထွက်ပေါ်လာရာသို့ မျက်လုံးလေး များကို ထောင့်ကပ်ကြည့်ရင်း မေးလိုက်သည်။

"ဘယ်လိုလဲ ... ကျွန်မရဲ့နှင်းပန်းဂေဟာ ဖွင့်ရတဲ့ရည်ရွယ် ချက်ကို ရှင် သဘောကျရဲ့လား"



ခားတစ်ချက်ခန်းချောင်သည် သူမ၏လှပနူးနယ်သော မျက်နှာလေးအား ငေးမောကြည့်ကာ ခေါင်းညိတ်လိုက်မိ၏။

"အင်း ... ကောင်းပါတယ်"

မိန်းကလေးသည် ရယ်မောလျက် အိမ်ကလေးထဲမှ လှမ်းထွက်လိုက်သည်။

"ခစ် ... ခစ် ... ခစ် ... ဒါဆိုရင် ကျွန်မရဲ့နှင်းပန်းဂေဟာကို ပထမဦးဆုံး တည်းခိုဖို့ ရောက်လာတဲ့ ဧည့်သည်ကို ကျွန်မကိုယ်တိုင် ကြိုဆိုပါရစေ"

ပြောရင်း ခားတစ်ချက်ခန်းချောင်၏အသံထွက်ပေါ်နေသော အိမ်ကလေး၏ထောင့်ဘက်ဆီသို့ လှမ်းလျှောက်လာ၏။

ခားတစ်ချက်ခန်းချောင်က ကမန်းကတန်း အော်ဟစ်ဟန့်တားလိုက်သည်။

"ရပ်လိုက်စမ်း"

မိန်းကလေးသည် မျက်ခုံးပင့်ကာကြည့်ရင်း ခြေလှမ်းရပ်တန့်လိုက်၏။

"ဘာလဲ ... ရှင်က ကျွန်မရဲ့နှင်းပန်းဂေဟာမှာ မတည်းဘူးလား"

ခားတစ်ချက်ခန်းချောင်က မချိပြုံးပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ရာသီဥတုဆိုးရွားနေချိန်မှာ နှင်းပန်းဂေဟာမှ ကျုပ်မတည်းလို့ မရနိုင်ပါဘူး"

မိန်းကလေးက ပြုံးလိုက်၏။

"ဟုတ်လား၊ ဒါဖြင့် ... ရှင့်ကို ကျွန်မ ကြိုဆိုတာကို ဘာဖြစ်လို့ ဟန့်တားရတာလဲ"

ဓားတစ်ချက်ခန်းချောင် သက်ပြင်းတစ်ချက် ချလိုက်၏။

"အင်း ... ကျုပ် မင်းကို မေးချင်တဲ့မေးခွန်းလေးတော့ ရှိနေလို့ပါ"

မိန်းကလေးသည် ဓားတစ်ချက်ခန်းချောင်၏အသံထွက်ပေါ်ရာသို့ မျက်မှောင်ကြုတ်ကာ ကြည့်လိုက်၏။

"အို ... ကျွန်မတို့ နှင်းပန်းဂေဟာမှာ တည်းဖို့ကိစ္စကို ရှင်မေးချင်တဲ့ မေးခွန်းတွေမေးပြီးမှ ဆုံးဖြတ်ချက်ချမယ် ထင်ပါရဲ့"

ဓားတစ်ချက်ခန်းချောင်က သူမ၏အမေးကို အဖြေမပေးပါ။

မိမိသိလိုသောစကားကို စတင်မေးလိုက်သည်။

"မိန်းကလေး ... မင်းနာမည် ဘယ်သူလဲ"

မိန်းကလေးသည် လှပစွာပြုံးရင်း ခေါင်းတစ်ချက် ခါယမ်းလိုက်၏။



"တကယ်မလွယ်တဲ့ ခရီးသည်ပဲ၊ အင်းလေ ... နှင်းပန်းဂေဟာရဲ့ ပထမဦးဆုံးတည်းခိုမယ့် ခရီးသည်ဆိုတော့လည်း စိတ်ရှည်ရှည်နဲ့ အဖြေပေးရမှာပေ့ါ"

ဓားတစ်ချက်ခန်းချောင်သည် အမှောင်တွင်းမှ သူမအား အကဲခတ်ကြည့်နေ၏။

မိန်းကလေး လှပစွာပြုံးလျက် စကားဆက်လိုက်သည်။

"ကျွန်မနာမည် ယွဲ့ဝါကျင်းပါ"

ဓားတစ်ချက်ခန်းချောင်က သူမအား စေ့စေ့ကြည့်လျက်–

"ဒီနေ့ ... မင်း နှင်းတောင်ပေါ်ကို ရောက်ခဲ့လား"

ယွဲ့ဝါကျင်းသည် မျက်မှောင်ကြုတ်လိုက်၏။

"နှင်းတောင်ဟုတ်လား၊ ဒီလောက်ဝေးတဲ့နေရာကို ကျွန်မက ဘာဖြစ်လို့သွားရမှာလဲ"

ဓားတစ်ချက်ခန်းချောင်သည် မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"မင်းက ဒီလိုလူသူကင်းဝေးတဲ့ နေရာမှာတောင်မှ တည်းခိုခန်းလာဖွင့်သေးတာပဲ၊ နှင်းတောင်ပေါ်ကိုတက်ပြီး ကဗျာမရွတ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ"

ယွဲ့ဝါကျင်း၏မျက်ဝန်းအစုံ ဝိုင်းစက်ပြူးကျယ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"နှင်းတောင်ပေါ်ကိုတက်ပြီး ... ကဗျာရွတ်တယ် ဟုတ်လား"

"ဟုတ်တယ်"

"ရှင် မှားနေပြီ၊ ကျွန်မက ဘဝတစ်ခုကို လက်တွေ့ကျကျ တည်ဆောက်ချင်တဲ့လူပါ၊ ကဗျာရွတ်ပြီး စိတ်ကူးယဉ်နေမယ့် မိန်းကလေးမျိုး မဟုတ်ဘူး"

ဓားတစ်ချက်ခန်းချောင်သည် အမှောင်ထုထဲတွင် ငြိမ်သက်စွာရပ်ရင်း တွေဝေသွားလေသည်။

ယွဲ့ဝါကျင်းသည် အလွန်စိတ်ဝင်စားဟန်ဖြင့် မေးလိုက်၏။

"ဒါနဲ့ နေပါဦး ... ရှင်က နှင်းတောင်လိုနေရာမျိုးမှာ ကဗျာရွတ်ဆိုတဲ့ မိန်းကလေးရှိမယ်လို့ ထင်နေလား"

ဓားတစ်ချက်ခန်းချောင်သည် ရူးရှသောမျက်ဝန်းအစုံဖြင့် သူမအား စိုက်ကြည့်လျက် အေးတိအေးစက်သံဖြင့် ...

"ထင်နေတာမဟုတ်ဘူး ... ကျုပ် မြင်ခဲ့တာ"

ယွဲ့ဝါကျင်းသည် အနည်းငယ်စဥ်းစားလိုက်၏။

"နေပါဦးရှင့် ... အဲသည်မိန်းကလေးက ဘယ်သူလဲ"

"ကျုပ် မသိဘူး"

"ဒါနဲ့ သူက ဘယ်လိုကဗျာမျိုးကို ရွတ်ဆိုတာလဲ"



ဓားတစ်ချက်ခန်းချောင်သည် တွေဝေသွားမိ၏။

သူသည် လူမှန်းသိစအရွယ်မှစ၍ မွေးစားဖခင်ကြီး နေလကျေးရွာပိုင်ရှင် တုကုဟာန်၏သိုင်းပညာသင်ကြားမှုကို လေ့လာရန်မှလွဲ၍ မည်သည့်မိန်းကလေးနှင့်မျှ ရင်းရင်းနှီးနှီး စကားမပြောခဲ့ဖူးပါချေ။

အကြောင်းကား ...

နေလကျေးရွာပိုင်ရှင်သခင်ကြီး တုကုဟာန်သည် မိန်းကလေးများနှင့်ပတ်သက်ပြီး ကင်းကင်းရှင်းရှင်းနေထိုင်ရန် ပြင်းပြင်းထန်ထန် အမိန့်ထုတ်ခဲ့သောကြောင့် ဖြစ်လေသည်။

ထို့ပြင် ...

မိန်းကလေးများသည် ယောကျ်ားလေးများ၏ဘဝကို ဖျက်ဆီးတတ်သော စုန်းကဝေများဖြစ်သည်ဟု သတ်မှတ်ထား၏။

သို့သော် ...

နှင်းတောင်ပေါ်တွင် တွေ့ဆုံခဲ့ရသော မိန်းကလေး၏ ကဗျာအမိပ္ပာယ်ကို မိန်းကလေးတစ်ယောက်ဖြစ်သော ယွဲ့ဝါကျင်းမှ နားလည်လိမ့်မည်ဟု ယုံကြည်မိသဖြင့် စိတ်ရှည်ရှည်ထားကာ ကဗျာလေးအား ရွတ်ဆိုပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ပန်းသခင်မ

အလှမာန်ဝင့် ... သိုင်းဟန်တင့်

သခင့်ရင်ခွင် ... နားမည့်ပြင်

ကြင်သူခြွေဆင့် ... ပန်းကြွေလွင့်ပြီ"

❊ ❊ ❊



## အခန်း (၉)

ယွဲ့ဝါကျင်းသည် ဓားတစ်ချက်ခန်းချောင် ရွတ်ဆိုပြသော ကဗျာအား ဂရုစိုက်၍ နားစွင့်နေ၏။

ကဗျာရွတ်ဆိုသံဆုံးသောအခါ ...

သူမ၏မျက်နှာပေါ်တွင် ကြေကွဲဝမ်းနည်းသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

ဓားတစ်ချက်ခန်းချောင်သည် သူမအား အကဲခတ်ကြည့်လိုက်၏။

"ယွဲ့ဝါကျင်း ... မင်း ဒီကဗျာလေးကို ဘယ်လိုနားလည်သလဲ"

ယွဲ့ဝါကျင်းက တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်သည်။

ယင်းအချိန် ... မြောက်လေတစ်ချက် ပြင်းထန်စွာ ဝှေ့ဝဲတိုက်ခတ်လာ၏။

နှင်းပွင့်နှင်းမြူများသည် ကမ္ဘာမြေပြင်ပေါ်သို့ ခုန်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



ကျဆင်းလာကြလေသည်။

သူမသည် အေးစိမ့်မှုဒဏ်ကို ပြင်းပြင်းထန်ထန် ခံစားလိုက်ရသည့်အလား ဦးခေါင်းကိုတစ်ချက်ခါယမ်းကာ သိုးမွေးအင်္ကျီကော်လံစအား ဆွဲဆောင့်လိုက်လေသည်။

"အား ... အေးလိုက်တာ၊ ကျွန်မတို့ ဒီအပြင်မှာ စကားပြောတာထက် နှင်းပန်းဂေဟာထဲမှာ စကားပြောရင် ပိုပြီးအဆင်ပြေမယ်ထင်တယ်"

ဓားတစ်ချက်ခန်းချောင်သည် သူမ၏စကားကို ရင်ထဲကျိတ်၍ ထောက်ခံလိုက်၏။

"ကောင်းပြီလေ၊ ဒါဆိုရင် မင်းရဲ့မီးအိမ်ကို ထပ်ပြီး မီးစာနှိမ့်လိုက်ပါ"

"ရှင်"

ယွဲ့ဝါကျင်းက အလွန်အံ့သြသွားသည်။

ဓားတစ်ချက်ခန်းချောင်က မချိုပြုံးပြုံးလိုက်၏။

"ဒီလိုပါ ... ကျုပ်က အလွန်ရုပ်ဆိုးတဲ့လူတစ်ယောက်လေ ဒါကြောင့် ... မင်းမြင်ရင် ထိတ်လန့်သွားမှာစိုးလို့ပါ"

ယွဲ့ဝါကျင်းသည် မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"ဩော် ... ဒီလိုလား၊ ခက်တာက ကျွန်မဟာ အလင်း



ရောင်ကို နှစ်ခြိုက်တယ်၊ အထူးသဖြင့် အခုလိုကြယ်ရောင်လရောင်ကင်းမဲ့တဲ့ မဟူရာညမျိုးမှာ မီးရောင်ကို ပိုပြီးလိုအပ်တယ်လို့ ထင်မိတယ်"

သူမက ခေါင်းတစ်ချက်ယမ်းမိကာ သက်ပြင်းတစ်ချက် ချလိုက်၏။

"အင်းလေ ... ဘာပဲဖြစ်ဖြစ် ကျွန်မရဲ့တည်းခိုခန်းမှာ တည်းခိုမည့်ခရီးသည်ကို စိတ်ချမ်းသာစေရမှာပေါ့"

ပြောပြီး မီးစာအား ထပ်မံနှိမ့်ချလိုက်သည်။

ထိုအခါ ...

မီးအိမ်မှ အလင်းရောင်သည် ပို၍မှုန်ဝါသွား၏။

သူမက ဓားတစ်ချက်ခန်းချောင်၏အသံထွက်ပေါ်နေသော အမှောင်ထုဆီသို့ မှန်းဆကာ ကြည့်လိုက်သည်။

"ဘယ့်နှယ်လဲ ... ဒီအလင်းရောင်ဟာ အင်မတန်မှေးမှိန်တဲ့အတွက် ကျွန်မ ရှင့်ရဲ့မျက်နှာကို ထင်ထင်ရှားရှား မတွေ့မြင်နိုင်တော့ဘူး မဟုတ်လား"

ဓားတစ်ချက်ခန်းချောင်သည် အမှောင်ထုထဲမှ ဖြည်းညင်းစွာ တိုးထွက်လာကာ ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် ... ရုပ်ဆိုးတဲ့ ကျုပ်အတွက် ဒီလိုအလင်း

www.burmeseclassic.com

www.burmeseclassic.com



ရောင်လောက်ပဲ ရှိသင့်တယ်၊ ဒါပေမဲ့ ...”

သူက စကားကိုတစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်သည်။

ယွဲ့ဝါကျင်းသည် မျက်မှောင်ကြုတ်လိုက်၏။

“ဒါပေမဲ့ ဘာဖြစ်သလဲ”

ဓားတစ်ချက်မန်းချောင်က အေးတိအေးစက်ဖြင့် ...

“ဒါပေမဲ့ ... အလင်းရောင်ကို နှစ်မြို့က်တဲ့ မင်းအတွက် တော့”

ယွဲ့ဝါကျင်းက လှပစွာပြုံး၍ ကြားဖြတ်ပြောလိုက်သည်။

“အို ... ကျွန်မအတွက် အရေးမကြီးပါဘူး၊ ရှင် အဆင်ပြေရင် ပြီးတာပါပဲ၊ ကျွန်မတို့ အိမ်ထဲဝင်ကြမယ်”

ဓားတစ်ချက်ခန်းချောင်သည် ခေါင်းညိတ်လိုက်သည်။

“ကောင်းပါပြီ၊ မင်း ရှေ့က သွားပါ”

ယွဲ့ဝါကျင်း၏မျက်ခုံးမွေးအစုံမှာ နဖူးပေါ်သို့ ခုန်တက်သွားသည်။

သူမသည် တစ်စုံတစ်ရာမေးရန် ဟန်ပြင်ပြီးမှ ချာခနဲလှည့်ကာ အိမ်ကလေးထဲသို့ လှမ်းဝင်ရန် ဟန်ပြင်လိုက်၏။

ဓားတစ်ချက်ခန်းချောင်က ပခုံမှ အမှောင်ထုထဲမှ လှမ်းထွက်ကာ သူမနောက်သို့ လိုက်ရန်ဟန်ပြင်လိုက်သည်။



သို့သော် ... အချိန်အတန်ကြာအောင် နှင်းတောထဲတွင် ရပ်လျက် စကားပြောနေမိခြင်းကြောင့်လားမသိ။

သူ၏ဒဏ်ရာရထားသောခြေထောက်မှာ ပြင်းပြင်းထန်ထန် နာကျင်ကိုက်ခဲလွန်းသဖြင့် လှမ်းလျှောက်လိုက်စဉ် မဟန်နိုင်တော့ဘဲ လဲပြိုကျသွား၏။

လှမ်းလျှောက်ရန် ဟန်ပြင်နေသော ယွဲ့ဝါကျင်းသည်လည်း ပြိုကျသံကြောင့် ချာခနဲလှည့်ကြည့်လိုက်သည်။

ယင်းအချိန် ... ဓားတစ်ချက်ခန်းချောင်သည် လဲပြိုကျရာမှ ဓားကို လက်တစ်ဖက်ဖြင့် ထောက်ရင်း ထရပ်ရန် ကြိုးစားလိုက်၏။

ယွဲ့ဝါကျင်းက အလွန်အံ့ဩသွားလေသည်။

“အို ... ရှင် ဒဏ်ရာရထားတာကိုး”

ပြောပြီး ဓားတစ်ချက်ခန်းချောင်အား တွဲထူရန်ဟန်ပြင်လိုက်၏။

ဓားတစ်ချက်ခန်းချောင်သည် ကြိုးစားထရပ်ရင်း ခေါင်းခါယမ်းလိုက်၏။

“မလိုဘူး ... ကျုပ်ယောက်ျားပါ၊ ကျုပ်ရဲ့ခန္ဓာကိုယ်ထဲမှာ နောက်ဆုံးသွေးတစ်စက် ကျန်တဲ့အထိ ဘယ်မိန်းကလေးရဲ့ကူညီ ထောက်ပံ့မှုမှ မလိုဘူး”

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ဝါကျင်းသည် နှုတ်ခမ်းစူကာ ခြေထောက်တစ်ချက် ဆောင့်လိုက်မိသည်။

"ဟွန်း ... တကယ်ခေါင်းမာတဲ့လူပဲ၊ ကောင်းပြီ ... ရှင့်ဘာသာ လိုက်ခဲ့ပေတော့"

ပြောပြီး အိမ်ကလေးထဲသို့ ဝင်ရောက်သွား၏။

ဓားတစ်ချက်ခန်းချောင်သည် ဓားကို မြေပြင်ပေါ်တွင် ထောက်၍ တောင်ဝှေးသဖွယ် အသုံးပြုကာ သူမနောက်မှ လိုက်ပါ သွားလေတော့သည်။

❊

နှင်းမြူများသည် မိုးသီးမိုးပေါက်များပမာ အဆက်မပြတ် ကျဆင်းနေ၏။

မြောက်လေတိုက်ခတ်မှုကြောင့် မဟူရာညသည် အအေး ဓာတ်လွှမ်းကဲလှပေသည်။

သို့သော် ...

အိမ်ကလေးထဲ၌မူ မီးလင်ဖိုမှထွက်ပေါ်နေသော အပူငွေ့



ကြောင့် အနည်းငယ် နွေးနွေးထွေးထွေးရှိနေ၏။

ဓားတစ်ချက်ခန်းချောင်သည် အိမ်ကလေးထဲသို့ ရောက်ရှိ လာသောအခါ စားပွဲပေါ်တွင်တင်ထားသော မှုန်ဝါးဝါးမီးအိမ်လေးမှ လွဲ၍ ယွဲ့ဝါကျင်းဆိုသည့် မိန်းကလေးအား မမြင်တွေ့ရတော့ပါချေ။

သူသည် အိမ်ကလေးတစ်ခုလုံးအား မျက်လုံးဝေ့ကြည့် လိုက်၏။

အိမ်ကလေးမှာ မကျယ်ဝန်းပါ။ သို့သော် သပ်သပ်ရပ်ရပ်နှင့် နေချင့်စဖွယ်ရှိလှပေသည်။

သူ့အိမ်ကလေးအတွင်း အကဲခတ်ကြည့်နေစဉ် ...

အိမ်ခန်းထဲဆီမှ ယွဲ့ဝါကျင်း၏အသံ ထွက်ပေါ်လာလေ သည်။

"ခရီးသည် ကိုရုပ်ဆိုး ... ရှင့်အတွက် ကျွန်မ အိပ်ရာပြင် ပြီးပါပြီ"

ဓားတစ်ချက်ခန်းချောင်သည် မချိပြုံးပြုံးလိုက်၏။

"ကောင်းပါပြီဗျာ"

ပြောပြီး အိမ်ခန်းထဲသို့ တစ်လှမ်းချင်း လှမ်းဝင်သွား၏။

❊

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကလေး၏ညှော်ခန်းထဲ၌ မှုန်ဝါးဝါးမီးရောင် ရှိနေ၏။

သို့သော် ... အိပ်ခန်းထဲတွင် မှောင်မည်းလျက် ရှိ၏။

အထူးသဖြင့် ...

အလင်းထဲမှ ဝင်ရောက်လာသော ဓားတစ်ချက်ခန်းချော
၏မျက်ဝန်းအစုံသည် ပို၍မှောင်မည်းလျက် ရှိ၏။

သူသည် ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လျက် တ
လှမ်းချင်း ဝင်ရောက်လာလေသည်။

ရုတ်တရက် ...

အိပ်ခန်းထဲမှ ထွက်လာသော မည်းမည်းသဏ္ဍာန်လူရိပ်
တစ်ခုကို တွေ့မြင်လိုက်ရ၏။

သူ၏လက်တစ်ဖက်သည် ထိုလူရိပ်၏လက်တစ်ဖက်အ
ဆွဲယူဖမ်းလိမ်ထားလိုက်၏။

"အမယ်လေး"

မိန်းကလေးတစ်ယောက်၏ထိတ်လန့်တကြား အော်ဟစ်သံ
နှင့်အတူ ခန္ဓာကိုယ်မှာ သူ၏ရင်ခွင်ထဲသို့ လဲပြိုကျလာ၏။

ယွဲ့ဝါကျင်း၏အော်ဟစ်သံဖြစ်သည်။



ဓားတစ်ချက်ခန်းချောင်သည် ထိတ်ခနဲဖြစ်သွား၏။

သူသည် ဆွဲယူဖမ်းလိမ်ထားသော ယွဲ့ဝါကျင်း၏လက်အား
လွှတ်ကာ သူမ၏ခန္ဓာကိုယ်အား ကမန်းကတန်း မေးမပွေ့ထူလိုက်
ရ၏။

သို့သော် ... သူ၏ခြေထောက်မှ ဒဏ်ရာပြင်းပြင်းထန်ထန်
နာကျင်မှုကြောင့် မဟန်နိုင်ဘဲ နှစ်ယောက်သားလုံးထွေးကာ လဲပြို
ကျသွားလေတော့သည်။

❊

အမှောင်ထုသည် အိပ်ခန်းတစ်ခုလုံးလား လွှမ်းမိုးထား၏။

ထိုအမှောင်ထဲတွင် အသက်ရှူသံများကို ကြားနေရသည်။

လူနှစ်ယောက်၏အသက်ရှူသံများဖြစ်သည်။

ထိုလူနှစ်ယောက်ကား ...

ဓားတစ်ချက်ခန်းချောင်နှင့် ယွဲ့ဝါကျင်းတို့ပင် ဖြစ်၏။

သူတို့နှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် သိုင်း
ဖက်ထားကြပြီး ကြမ်းပြင်ပေါ်၌ လဲပြိုနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



နီးကပ်လွန်းသော အခြေအနေကြောင့် တစ်ယောက်၏ပါ
သက်ထွက်သက်လေသည် တစ်ယောက်၏ပါးပြင်ဆီသို့ ကူးလူးရိုက်
ခတ်နေကြလေသည်။

ယွဲ့ဝါကျင်း၏ရင်ထဲ၌ တုန်ယင်လှိုင်မောနေမိလေသည်။

သူမသည် ရုန်းထက်ရန် အားအင်ကင်းမဲ့နေသူပမာ မား
တစ်ချက်ခန်းချောင်၏ရင်ခွင်ထဲ၌ ငြိမ်သက်နေ၏။

မားတစ်ချက်ခန်းချောင်၏ရင်ထဲ၌လည်း ပြင်းပြင်းထန်ထ
လှုပ်ရှားနေမိသည်။

တစ်ကြိမ်တစ်ခါမျှ မခံစားဖူးသော နွေးနွေးပျော့ပျောင်း
သောခံစားမှုသည် ယွဲ့ဝါကျင်းအား သတိလက်လွတ် သိုင်းဖက်ထား
စေခဲ့၏။

“မိန်းမတွေရဲ့အလှဟာ ယောကျ်ားတွေကို ဘဝပျက်အောင်
ပြုစားတဲ့ စုန်းကဝေတွေပဲ၊ ဒါကြောင့် … အလှအပတွေကိုမြင်ရ
မင်း ဝေးဝေးရှောင်တိမ်းရမယ် ကြားလား”

ရုတ်တရက် …

နေလခြံဝန်းပိုင်ရှင် သခင်ကြီးတုကုဟန်၏ သတိပေးစကား
သည် သူ၏နားထဲသို့ ပွဲတင်ရိုက်ခတ်လာလေသည်။

ထို့ကြောင့် …



သတိလက်လွတ်သိုင်းဖက်ထားသော ယွဲ့ဝါကျင်းအား ရင်
ခွင်ထဲမှ တွန်းထုတ်လိုက်၏။

ယွဲ့ဝါကျင်းသည် ရုတ်တရက် တွန်းထုတ်လိုက်သော အရှိန်
ကြောင့် အဝေးသို့ လွင့်စဉ်သွားသည်။

သူမက ကမန်းကတန်း လူးလဲထရပ်ကာ မားတစ်ချက်ခန်း
ချောင်အား ထိတ်လန့်တကြား မေးလိုက်သည်။

“ရှင် … ရှင် … ဘယ်လိုလုပ်လိုက်တာလဲ”

မားတစ်ချက်ခန်းချောင်၏ရင်ထဲ၌ ပြင်းပြင်းထန်ထန် လှုပ်
ရှားနေမိလေသည်။

အကြောင်းကား …

ယွဲ့ဝါကျင်း၏ခန္ဓာကိုယ်လေး မိမိရင်ခွင်ထဲမှ တွန်းထုတ်
လိုက်သည့်တခဏ်လေး၌ အလွန်မက်မောဖွယ်ပန်းရည်းတစ်ခု ဆုံးရှုံး
သွားသည့်အလား နှမြောတသစိတ်သည် ရင်ကို ပြင်းထန်စွာ ရိုက်
ခတ်လာစေသောကြောင့် ဖြစ်ပေသည်။

သို့သော် …

အေးတိအေးစက်သံဖြင့် တစ်ခွန်းချင်း ပြောလိုက်သည်။

“မင်းက ဘာဖြစ်လို့ … ကျုပ်ကို လာပြီး မာယာတွေနဲ့
မြူဆွယ်ရတာလဲ”

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ဝါကျင်းသည် အမှောင်ထဲတွင် ထခုန်လိုက်၏။

"အရှုး ... ရှင့်ကို ကျွန်မက ဘာဖြစ်လို့ မြူဆွယ်ရမှာလဲ"

ဗေးတစ်ချက်ခန်းချောင်သည် သူမအား စေ့စေ့ကြည့်လိုက်သည်။

"ဒါဆိုရင် ... မိန်းကလေးတစ်ယောက်ဖြစ်လျက်နဲ့ ကျုပ်ရင်ခွင်ထဲက ရုန်းမထွက်တာလဲ၊ မင်း ကျုပ်ကို သတ်ချင်လို့ မဟုတ်လား"

ယွဲ့ဝါကျင်း၏တောက်ပသောမျက်လုံးအစုံသည် အမှောင်ထဲ၌ပင် တဖျပ်ဖျပ်လင်းလက်လာလေသည်။

"ရှင်က တကယ်သနားစရာကောင်းတဲ့သတ္တဝါပဲ"

ဗေးတစ်ချက်ခန်းချောင်၏မျက်လုံးအစုံမှာ ပြူးကျယ်သွားသည်။

"မင်းစကားက ဘာအဓိပ္ပာယ်လဲ"

ယွဲ့ဝါကျင်းက မဲ့ပြုံးပြုံးလိုက်၏။

"ရှင်ဟာ ... အန္တရာယ်တွေကြားမှာ သွေးရူးသွေးတန်းနဲ့ ပြေးလွှားရှောင်ပုန်းနေရတဲ့ တိရစ္ဆာန်တစ်ကောင်နဲ့ တူနေလို့ပေါ့"

ဗေးတစ်ချက်ခန်းချောင်၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာလာလေသည်။



"မင်း ... ဘာတွေပြောနေတာလဲ"

ယွဲ့ဝါကျင်းသည် လျှို့ဝှက်စွာ ပြုံးလိုက်သည်။

"ကျွန်မ အမှန်တွေကို ပြောနေတာလေ"

ဗေးတစ်ချက်ခန်းချောင်သည် သူမအား ပြူးကျယ်သော မျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်၏။

"ယွဲ့မိန်းကလေး ... ကျုပ်ဟာ အန္တရာယ်မှန်ရင် ရင်ဆိုင်ဖြေရှင်းတတ်တဲ့လူပါ၊ သွေးရူးသွေးတန်းနဲ့ ပြေးလွှားရှောင်ပုန်းစရာမလိုပါဘူး"

ယွဲ့ဝါကျင်းသည် မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

"ဒါဆိုရင် ... ရှင် ဘာဖြစ်လို့ မီးရောင်ကို ရှောင်ပုန်းနေတာလဲ၊ ကျွန်မကို နှင်းတောင်ပေါ်မှာ ကဗျာရွတ်တဲ့မိန်းကလေးလို့ မေးရတာလဲ၊ နောက်ပြီး ... ကျွန်မက ရှင့်ကို သတ်လိမ့်မယ်လို့ ဘာကြောင့်ထင်ရတာလဲ"

ဗေးတစ်ချက်ခန်းချောင်သည် နှုတ်ပိတ်ထားလိုက်ရ၏။

သူသည် သူမ၏စကားကို တုံ့ပြန်မပြောလို၍ မဟုတ်ပါ။

ခန္ဓာကိုယ်တစ်ခုလုံးမှာ အားအင်ချည့်နဲ့လာပြီး မျက်လုံးများ ပြာဝေနေသောကြောင့်ဖြစ်သည်။

ယွဲ့ဝါကျင်းသည် မဲ့ပြုံးပြုံးလျက် စကားဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ... ရှင် ကျွန်မစကားတွေကို မငြင်းဝံ့တော့ဘူး မဟုတ်လား"

သူမက ယင်းသို့ပြောရင်း ဓားတစ်ချက်ခန်းချောင်ထံသို့ အကဲခတ်ကြည့်နေ၏။

ဓားတစ်ချက်ခန်းချောင်သည် သူမအား စိုက်ကြည့်နေ၏။

သို့သော် ... သူ ယွဲ့ဝါကျင်းအား မမြင်တွေ့ရပါ။

မှုးဝေသောဝေဒနာသည် ဦးခေါင်းတစ်ခုလုံးကို ချာလည်နေပြီဖြစ်သည်။

ယင်းအချိန် ...

ယွဲ့ဝါကျင်း၏ရယ်မောသံ ထွက်ပေါ်လာလေသည်။

"ဟင်း ... ဟင်း ... ကျွန်မအထင် မမှားဘူးဆိုရင် ရှင်ဟာ အခုတစ်လော သိုင်းလောကသားတွေရဲ့ နှုတ်ဖျားမှာ ရေပန်းစားနေတဲ့ ဓားတစ်ချက်ခန်းချောင်ပဲ ဖြစ် ရ"

သူမ၏စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

အကြောင်းကား ...

ရုတ်တရက် အမှောင်ထုထဲ၌ လဲပြိုကျသွားသည့်အသံ တစ်သံကို ကောင်းစွာကြားလိုက်ရသောကြောင့်ဖြစ်၏။

❊ ❊ ❊



## အခန်း (၁၀)

နေဝန်းသည် အမည်းရောင်ကောင်းကင်ပြင်အား တိုးဖွေ့ဖယ်ရှားကာ ထွက်ပေါ်လာ၏။

နှင်းမြူများ အုပ်ဆိုင်းမှိုင်းမှုန်နေ၍ နေရောင်ခြည်သည် ကမ္ဘာမြေပြင်ပေါ်သို့ လွတ်လပ်စွာ ဖြာကျနိုင်စွမ်း မရှိပါ။

မည်သို့ဆိုစေ ...

အမှောင်ထု ကွယ်ပျောက်သွားချေပြီ။

အလင်းရောင်သည် ကမ္ဘာလောကကြီးအား စိုးမိုးလာပြန်၏။

ထိုအလင်းရောင်သည် ပြတင်းပေါက်မှတစ်ဆင့် ခုတင်ပေါ်တွင် လဲလျောင်းနေသော လူရွယ်တစ်ယောက်ထံသို့ ရောက်ရှိနေ၏။

အသက်နှစ်ဆယ့်ငါးနှစ်မျှသာ ရှိဦးမည့် လူရွယ်တစ်ယောက်ဖြစ်သည်။

ထူရှည်မည်းနက်နေသော မျက်ခုံးမွေးအစုံအောက်မှ မျက်

www.burmeseclassic.com

www.burmeseclassic.com



ဝန်းအစုံသည် မှေးမှိတ်နေ၏။

ဖြောင့်စင်းသောနှာတံနှင့် ပိရိသေသပ်ပြီး ပါးလွှာသော နှုတ်ခမ်းအစုံတို့ကြောင့် ချောမောနုန ဘလူရွယ်တစ်ယောက် ဖြစ်ကြောင်း သိရှိနိုင်၏။

ထိုလူရွယ်ကား အခြားလူမဟုတ်ပါ။

ဓားတစ်ချက်ခန်းချောင်ပင် ဖြစ်၏။

သူလဲလျောင်းနေသော ခုတင်နံဘေးတွင် ယွဲ့ဝါကျင်းသည် ကုလားထိုင်တစ်လုံးဖြင့် ထိုင်နေ၏။

သူမသည် ဓားတစ်ချက်ခန်းချောင်အား ငြိမ်သက်စွာ ထို ကြည့်နေသည်။

သူမ၏မျက်ဝန်းအစုံတွင် သနားကြင်နာသော ဟန်မူရာများ ပေါ်လွင်နေ၏။

ဓားတစ်ချက်ခန်းချောင်၏ဟန်မူရာသည် ရိုင်းစိုင်းသည်၊ ကြမ်းတမ်းသည်ဟု ထင်ရ၏။

သို့သော် ... သူ သတိမေ့နေသောအခါ ...

နှစ်ခြိုက်စွာ အိပ်ပျော်နေသော ကလေးတစ်ယောက်နှ တူလှပေသည်။

သူ၏မည်းမှောင်၍ ထူပျစ်နေသော မျက်ခုံးမွေးအစုံတွ



လူ့လောက၏ရှုပ်ချဉ်စပ်ခါး စသည့် လူ့ဘဝအတွေ့အကြုံများ အများ အပြား ကြုံတွေ့ခဲ့ရသော အငွေ့အသက်များ ပါရှိနေ၏။

ယွဲ့ဝါကျင်းသည် သက်ပြင်းတစ်ချက်ချကာ ဓားတစ်ချက် ခန်းချောင်၏နဖူးပေါ်တွင် ဝဲကျနေသော ဆံနွယ်များအား လက်ဖြင့် ဖယ်ရှားပေးရန် ဟန်ပြင်လိုက်သည်။

သို့ရာတွင် ... ရုတ်တရက် လက်ကို ကမန်းကတန်း လက် ပြန်ရုပ်သိမ်းလိုက်ရ၏။

အကြောင်းကား ဓားတစ်ချက်ခန်းချောင်သည် တစ်ချက် လှုးလွန့်လာသောကြောင့် ဖြစ်လေသည်။

❈

အချိန်မည်မျှကြာသွားမှန်း မသိခဲ့ပါ။

ဓားတစ်ချက်ခန်းချောင်သည် အမှောင်ထုအတွင်း ပြေးလွှား ရှုန်းကန်နေရာမှ မပီပြင်သောအလင်းကို တွေ့လိုက်ရသကဲ့သို့ ခံစား လိုက်ရလေသည်။

သူ၏မျက်ခွံများ အဆမတန်လေးလံနေသည်ကို ခံစားနေမိ

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ထို့နောက် ... တဖြည်းဖြည်းပေါ်ပါးလာ၏။

ဖြည်းလေးစွာ ဖွင့်ဟသွားသောမျက်တောင်နှစ်ခုကြား၌ မပီပြင်သော ပုံရိပ်တစ်ခုအား တွေ့မြင်လိုက်ရသည်။

ယင်းပုံရိပ်အား ကြည့်နေဆဲ၌ပင် တဖြည်းဖြည်း ပီပြင်လာလေသည်။

လူတစ်ယောက်၏ပုံရိပ်ဖြစ်သည်။

အတိအကျဆိုရပါလျှင် ... အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက်ဖြစ်၏။

တစ်ဆက်တည်းမှာပင် ...

သူ့ရင်ထဲ၌ မေးခွန်းများပေါ်လွင်လာသည်။

"ငါ ... ငါ အိပ်မက်များ မက်နေသလား"

ညရက်များအတွင်း သူသည် အကြိမ်ပေါင်းများစွာ အိပ်မက်များ မြင်မက်ခဲ့သည် မဟုတ်ပါလော။

ထို့ကြောင့် ... မျက်လုံးကိုပြန်၍ မှိတ်ထားလိုက်၏။

အတန်ကြာ ...

မျက်လုံးကို အားယူကာ ပြန်လည်ဖွင့်ကြည့်လိုက်သည်။

ရုတ်တရက် ... သူ့မျက်လုံး ပြူးကျယ်သွားသည်။

မိန်းမချောလေး၏ပုံရိပ်သည် သူ့မျက်ဝန်းထဲမှ ပျောက်



ကွယ်သွားခြင်း မရှိပါချေ။

သူမသည် အနီးတွင် တိတ်ဆိတ်စွာထိုင်လျက် လှပစွာ ပြုံးပြနေ၏။

ဓားတစ်ချက်ခန်းချောင်၏အေးစက်စက်မျက်ဝန်းအစုံသည် ပထမဦးဆုံးအကြိမ် နွေးထွေးလာလေသည်။

သူ၏ရင်ထဲ၌ အမည်မသိသော ဝေဒနာတစ်ခုကို ခံစားနေရလေသည်။

ယွဲ့ဝါကျင်းသည် သူ့အား ကြင်နာကရုဏာသက်သော မျက်ဝန်းအစုံဖြင့် ကြည့်လိုက်လေသည်။

"ဓားတစ်ချက်ခန်းချောင် ... ရှင် ဘယ်လိုနေသေးလဲ"

သူမ၏အသံသည် အလွန်ပျော့ပျောင်း၍ ချိုလွန်းလှသည်။

ဓားတစ်ချက်ခန်းချောင် သူ့အား စေ့စေ့ကြည့်လိုက်၏။

"မင်း ... မင်းက ကျုပ်ကို ဓားတစ်ချက်ခန်းချောင်ဆိုတာ သိတယ်ဟုတ်လား"

ယွဲ့ဝါကျင်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"အင်း ... နေလကျေးရွာအရှင်သခင်ကို လုပ်ကြံပြီး ကျေးရွာတစ်ခုလုံး မီးလောင်တိုက်သွင်းခဲ့တဲ့ ဓားတစ်ချက်ခန်းချောင်ရဲ့ သတင်းကို သိုင်းလောကသားတွေတင်မကဘူး ... သုံးနှစ်အရွယ်

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကလည်း သိနေကြပါတယ်”

ခားတစ်ချက်ခန်းချောင်က မဲ့ပြုံးပြုံးလိုက်၏။

“မင်း လိမ်မနေနဲ့ သိုင်းလောကသားတွေကလွဲပြီး ဘယ်သ
ကမှ ကျုပ်ကို မသိနိုင်ဘူး”

ယွဲ့ဝါကျင်းသည် သူ့အား စိတ်မကောင်းဟန်ဖြင့် ကြည့်
လိုက်သည်။

“ကျွန်မ ရှင့်ကိုမလိမ်ဘူး၊ အခု ရှင့်ကို သုံးနှစ်သားအရွယ်
ကတောင်မှ သိနေကြပါတယ်”

ခားတစ်ချက်ခန်းချောင်၏မျက်နှာတစ်ခုလုံး တင်းမာခက်
ထန်လာ၏။

“ပြောစမ်း … မင်းဟာ ကျုပ်တို့နေလကျေးရွာကို ဒုက္ခပေး
ခဲ့တဲ့ ကြေးဝါရောင်မျက်နှာဖုံးရှင်ရဲ့အဖွဲ့က မဟုတ်လား”

ယွဲ့ဝါကျင်း၏မျက်ဝန်းအစုံ ပြူးကျယ်သွားလေသည်။

“ရှင် ဘာတွေပြောနေတာလဲ၊ ကြေးဝါရောင်မျက်နှာဖုံးပိုင်
ရှင်ဆိုတာ ဘယ်သူလဲ”

ခားတစ်ချက်ခန်းချောင်သည် အေးစက်စက်မျက်ဝန်းအစုံ
ဖြင့် စိုက်ကြည့်လိုက်၏။

“မင်း ဟန်ဆောင်ကောင်းလှချလား၊ တကယ်လို့သာ မင်း



က ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်အဖွဲ့ထဲက မဟုတ်ဘူးဆိုရင် ကျုပ်
နာမည်ကို ဘာကြောင့်သိနေတာလဲ”

ယွဲ့ဝါကျင်းသည် ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်၏။

“ရှင် တကယ်သံသယများလှချည်လား၊ ကျွန်မ ရှင့်ကို သိ
တာက ရှင့်ရဲ့ပုံတူကားချပ်တွေကို လူစည်ကားတဲ့ လမ်းဆုံလမ်းခွတွေ
မှာ တွေ့ဖူးနေလို့ရှင့်”

ခားတစ်ချက်ခန်းချောင်၏မျက်ခုံးအစုံမှာ နဖူးဒပေါ်သို့ ပင့်
တက်သွားလေသည်။

“ဘာ … ကျုပ်ရဲ့ပုံတူကားချပ်ကို တွေ့တယ်ဟုတ်လား”

ယွဲ့ဝါကျင်းသည် သူ့အား စိတ်မသက်မသာဟန်ဖြင့် ကြည့်
ကာ ခေါင်းညိတ်လိုက်၏။

“ဟုတ်တယ်၊ ရှင့်ရဲ့ ပုံတူကားချပ်တွေ နေရာအနှံ့အပြား
ရှိနေတယ်”

ခားတစ်ချက်ခန်းချောင်က မျက်မှောင်ကြုတ်လိုက်သည်။

“ကျုပ်က ဝရမ်းပြေးတစ်ယောက်မဟုတ်ဘူး၊ ဘာဖြစ်လို့
ဒီလိုလုပ်ကြတာလဲ”

ယွဲ့ဝါကျင်းက သူ့အား ရီဝေသောမျက်လုံးအစုံဖြင့် ကြည့်
လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သိတဲ့အတိုင်း ပြောရရင် ... ရှင်ဟာ ကိုယ့်ရဲ့ မွေးစားဖခင် နေလကျေးရွာပိုင်ရှင် သခင်ကြီးတုကိုသတ်ပြီး နေလသိုင်းကျမ်းနဲ့ ရတနာမြေပုံကို ယူသွားတယ်ဆိုပြီး ရှင့်ပုံတူကားချပ်အောက်မှာ စာရေးထားတာပဲ"

ဓားတစ်ချက်ခန်းချောင်၏ခန္ဓာကိုယ်တစ်ခုလုံးမှာ ဒေါသကြောင့် တဆတ်ဆတ်တုန်ယင်လာလေသည်။

"ဒီ ... ဒီလောက်ပဲ ယုတ်မာကြသလား၊ ဒါဟာ သိုင်းလောကသားအားလုံး ကျုပ်ကို ရှုတ်ချလာအောင်၊ ဒုက္ခပေးလာအောင် စီစဉ်တဲ့ ထောင်ချောက်တစ်ခုပဲ"

ယွဲ့ဝါကျင်းသည် သူ့အား မသိမသာအကဲခတ်ကြည့်လိုက်၏။

"ဒါနဲ့ ရှင် ဒီလိုမလုပ်ခဲ့ပါဘူးနော်"

ဓားတစ်ချက်ခန်းချောင်သည် သူမအား နီရဲသောမျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်၏။

"နေလကျေးရွာပိုင်ရှင်သခင်ကြီးတုဟာ ကျုပ်ကို သားအရင်းလို စောင့်ရှောက်ကြင်နာခဲ့တဲ့ မွေးစားဖခင်ပါ၊ ဒါကို ကျုပ် လုပ်ရက်ပါ့မလား"

ယွဲ့ဝါကျင်း၏မျက်နှာပေါ်တွင် ဝေခွဲမရသော ဟန်မူရာများ



ပေါ်ထွက်လာလေသည်။

"ဒါနဲ့ ရှင် ဘာဆက်လုပ်မလဲ"

ဓားတစ်ချက်ခန်းချောင်က မဲ့ပြုံးပြုံးလိုက်၏။

"ကျုပ် သိုင်းလောကထဲဝင်ပြီး နေလကျေးရွာကို လုပ်ကြံခဲ့တဲ့ ရန်သူကို ရှာမယ်"

ယွဲ့ဝါကျင်း၏မျက်ဝန်းအစုံ ပြူးကျယ်သွားလေသည်။

"အို ... ဘယ်ဖြစ်မလဲ"

ဓားတစ်ချက်ခန်းချောင်က မျက်မှောင်ကြုတ်လိုက်၏။

"ဘာဖြစ်လို့လဲ"

ယွဲ့ဝါကျင်းသည် သူ့အား စိုးရိမ်ဟန်ဖြင့် ကြည့်လိုက်သည်။

"ရှင့်ရဲ့ဒဏ်ရာကို ကျွန်မ ဆေးစည်းပေးထားလို့ သက်သာနေပေမယ့် သေချာပျောက်ကင်းတာ မဟုတ်သေးဘူး"

သူမသည် သက်ပြင်းတစ်ချက်ချကာ စကားဆက်လိုက်၏။

"နောက်ပြီး ... အခုဆိုရင် ရှင့်ကို သိုင်းလောကသားတွေက နေရာအနှံ့ သဲသဲမဲမဲ လိုက်ရှာနေကြတယ်၊ ဒါကြောင့် ... ရှင် သိုင်းလောကထဲဝင်မယ်ဆိုရင် ကိုယ့်သေတွင်း ကိုယ်တူးသလို ဖြစ်သွားမှာပေါ့"

ဓားတစ်ချက်ခန်းချောင် သူမအား စိုက်ကြည့်လျက်...

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဘာဖြစ်လို့ ကျုပ်အတွက် ဒီစကားတွေ ပြော
တာလဲ"

ယွန်းဝါကျင်းက မချိုပြုံး ပြုံးလိုက်၏။

"ရှင် လက်ခံမယ်ဆိုရင် ကျွန်မ အကြံတစ်ခုပေးချင်တယ်"

ဓားတစ်ချက်ခန်းချောင်သည် မျက်ခုံးပင့်ကာ ကြည့်လိုက်
၏။

"ဆိုပါဦး ... ဘာအကြံလဲ"

ယွန်းဝါကျင်းသည် သူ့အား လှပစွာပြုံးပြလိုက်သည်။

"ဒီနေရာဟာ လူသူအရောက်အပေါက်နည်းတဲ့နေရာ
ဒါကြောင့် ရှင် ဒီမှာ တစ်သက်လုံး နေမယ်ဆိုရင် အန္တရာယ်ကင်း"

ဓားတစ်ချက်ခန်းချောင်သည် သူမ၏စကားမဆုံးမီ ရုတ်တ
ရက် အားပါးတရ ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား ... ဟား"

ယွန်းဝါကျင်းသည် ကျယ်လောင်လှသော သူ၏ရယ်မော
ကြောင့် ထိတ်လန့်တုန်လှုပ်သွားကာ စကားတစ်ပိုင်းတစ်စဖြင့် ရ
တန့်လိုက်၏။

ယင်းနောက် ပိုင်းစက်ကြည်လင်သော မျက်ဝန်းအစုံဖြ
ဓားတစ်ချက်ခန်းချောင်အား ကြည့်လိုက်သည်။



"ကျွန်မပြောတဲ့စကားထဲမှာ ဘာရယ်မောစရာပါလို့လဲ"

ဓားတစ်ချက်ခန်းချောင်သည် ရယ်မောခြင်းကို ရပ်တန့်ကာ
သူမ၏ပခုံးအား လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်လိုက်၏။

"ပြောစမ်း ... မင်း ကြေးဝါရောင်မျက်နှာဖုံးရှင်ရဲ့ အဖွဲ့ထဲ
က သူလျှိုတစ်ယောက် မဟုတ်လား"

ယွန်းဝါကျင်း၏မျက်နှာပေါ်တွင် စိတ်ပျက်လက်ပျက်သော
ဟန်မူရာများ ပေါ်လွင်လာလေသည်။

"ခန်းချောင် ... ရှင် တကယ်မသိတတ်တဲ့လူပဲ၊ ကျွန်မက
သာ ရှင့်ကို ဒုက္ခပေးချင်တဲ့ ကြေးဝါရောင်မျက်နှာဖုံးရှင်ရဲ့အဖွဲ့ထဲက
ဆိုရင် အခုချိန်မှာ ရှင်ဟာ လူသေတစ်ယောက်ဖြစ်နေပြီဆိုတာ နား
လည်သင့်ပါတယ်"

ဓားတစ်ချက်ခန်းချောင်သည် တွေဝေသွား၏။

အကယ်၍သာ ယွန်းဝါကျင်းသည် မိမိတွေးထင်သကဲ့သို့ တစ်
ဖက်ရန်သူအဖွဲ့မှ လူဖြစ်ခဲ့ပါလျှင် မိမိသတိမမူနေစဉ် အလွယ်တကူ
သတ်ဖြတ်နိုင်ပေလိမ့်မည်။

ထို့ကြောင့် ...

သူမအား သံသယစာရင်းမှ ထုတ်ပယ်သင့်၏။

သို့သော် ... မိမိ နှင်းတောင်ပေါ်မှ ပြန်ဆင်းလာမည့်အချိန်

www.burmeseclassic.com

www.burmeseclassic.com



နှင့် ယွဲ့ကျင်းတည်ခိုခန်း ဆောက်သောအချိန်သည် တိုက်တိုက်ဆိုင် ဆိုင်ဖြစ်နေ၏။

သူမသည် မိမိနှင်းတောင်ပေါ်မှ ပြန်ဆင်းလာပြီး ဤနေရာ အရောက်တွင် နားခိုရန် လိုအပ်မည့်အခြေအနေကို နားလည်သဖြင့် ယခုကဲ့သို့ ကြိုတင်၍ တည်းခိုခန်းဆောက်ကာ စောင့်နေသည်ဟု ယူဆရ၏။

မည်သို့ဆိုစေ ...

ယွဲ့ဝါကျင်းသည် မိမိအတွက် ယခုအခါ အကူအညီပေး သော ကျေးဇူးရှိသဖြင့် အခြေအနေကို ဆက်လက်စောင့်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ယင်းသို့ဆုံးဖြတ်လိုက်သည်နှင့် တစ်ပြိုင်နက် ယွဲ့ဝါကျင်း၏ ပခုံးအား ဆုပ်ကိုင်ထားသော သူ့လက်အား ပြန်လည်ဖယ်ရှားလိုက် သည်။

ယွဲ့ဝါကျင်းသည် သူ့အား လှပစွာပြုံးပြလိုက်၏။

"မဆိုးဘူး ... ရှင် သဘောပေါက်လာပြီပဲ"

ဓားတစ်ချက်ခန်းချောင် သူ့အား စေ့စေ့ကြည့်လိုက်၏။

"မင်း မှားနေပြီ၊ ကျုပ်က မသေချာခင် မင်းကို အသက် ချမ်းသာပေးထားတဲ့သဘောပါ"



ယွဲ့ဝါကျင်းသည် ပခုံးတစ်ချက်တွန့်လိုက်သည်။

"ကဲ ... ရှင် ထင်ချင်သလို ထင်ပါတော့၊ ဒါပေမဲ့ လောလော ဆယ်တော့ ရှင့်ကို ကိုယ်လက်သန့်စင်ပြီး ဒဏ်ရာကို ဆေးထပ်ထည့် ပေးပါရစေ"

ဓားတစ်ချက်ခန်းချောင်၏မျက်နှာ နီရဲသွားသည်။

မိမိဘဝတစ်သက်တာတွင် မည်သည့်မိန်းကလေးကိုမျှ ပတ်သက်ရင်းနှီးဖူးခြင်း မရှိသဖြင့် မိန်းမပျိုတစ်ယောက်က ပြုစုမည့် အခြေအနေမျိုးကို ရှက်ရွံ့နေမိ၏။

ယင်းကြောင့် ... ခေါင်းတွင်တွင် ခါယမ်းလိုက်သည်။

ယွဲ့ဝါကျင်းသည် သူ၏မျက်နှာအား အံ့သြစွာ တစ်ချက် ကြည့်လိုက်သည်။

"ဩော် ... ဟုတ်ပါရဲ့ ရှင် သတိမေ့နေတုန်း ကျွန်မ ဆေး ထည့်ပေးတာ ရှင့်အတွက် အကြောင်းမဟုတ်ပေမယ့် အခုလို သတိရ နေချိန်မှာတော့ အခက်အခဲရှိနေမယ်ဆိုတာ ကျွန်မ နားလည်ရမှာ ပေါ့ ... ခစ် ခစ် ခစ်"

ဓားတစ်ချက်ခန်းချောင်သည် ကလေးတစ်ယောက်ပမာ အပြစ်ကင်းမဲ့စွာ ရယ်မောနေသော သူမ၏မျက်နှာလေးအား ငေး ငိုင်ကာ ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် ...

ယွဲ့ဝါကျင်းသည် ပခုံးတစ်ချက် တွန့်ပြလိုက်၏။

"ကဲ ... ကျွန်မ ရှင့်အတွက် ရေဇလုံနဲ့ ဆေးဝါးပစ္စည်းတွေ သွားယူပေးပါ့မယ်"

ပြောပြီး အခန်းထဲမှ ထွက်ခွာသွားသည်။

တစ်ခဏအကြာ ... သူမ ပြန်လည်ဝင်ရောက်လာ၏။

သူမ၏လက်ထဲတွင် ရေအေးနှင့်ရေနွေးစပ်ထားသော ရေဇလုံနှင့် ဆေးဝါးပစ္စည်းများ ထည့်ထားသော လွယ်အိတ်တစ်လုံး ပါရှိလာလေသည်။

ဤတစ်ကြိမ် ...

သူမသည် စကားတစ်ခွန်းမျှ မပြောတော့ဘဲ ပစ္စည်းများကို ထားခဲ့ကာ ပြန်လည်ထွက်ခွာသွားလေတော့သည်။

❋

ဓားတစ်ချက်ခန်းချောင်သည် ကိုယ်လက်သန့်စင်ပြီး ဒဏ်ရာအား ဆေးထည့်ပြီး ဖြစ်၏။



သူ၏စိတ်ထဲတွင် ကိုယ်လက်သန့်စင်လိုက်ရသဖြင့် အနည်းငယ် ပေါ့ပေါ့ပါးပါးဖြစ်နေလေတော့သည်။

ယင်းအချိန် ... တိုးညင်သော ခြေသံကြောင့် အခန်းဝသို့ လှည့်ကြည့်လိုက်၏။

ယွဲ့ဝါကျင်းသည် လင်ပန်းတစ်ချပ်ကို ကိုင်ဆောင်၍ ဝင်ရောက်လာခြင်းကို တွေ့မြင်လိုက်ရ၏။

လင်ပန်းထဲ၌ အငွေ့တထောင်းထောင်းထနေသော ပန်းကန်လုံးတစ်လုံး ပါရှိလာလေသည်။

သူမသည် ဓားတစ်ချက်ခန်းချောင်အား လှပစွာပြုံးပြလိုက်၏။

"ခန်းချောင် ... ဒီမှာ အားတိုးဆေးနဲ့ ကြက်ပေါင်းရည်ပါတယ်၊ ရှင် အားရှိသွားအောင် သောက်လိုက်ပါဦး"

ဓားတစ်ချက်ခန်းချောင်သည် ဝမ်းဗိုက်အတွင်း ဆာလောင်နေသဖြင့် ငြင်းဆန်ခြင်းမပြုဘဲ ကြက်ပေါင်းရည်ပန်းကန်ကို ယူကာ တဖူးဖူးမှုတ်၍ သောက်ချလိုက်လေသည်။

ယင်းနောက် ... ပန်းကန်အား ယွဲ့ဝါကျင်းလက်ထဲတွင် ကိုင်ဆောင်ထားသော လင်ပန်းပေါ်သို့ ပြန်လည်တင်ပေးလိုက်၏။

ယွဲ့ဝါကျင်းသည် သူ့အား ပြုံးပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ ... ကြက်ပေါင်းရည်က သောက်လို့ကောင်း
လား"

မားတစ်ချက်ခန်းချောင် ခေါင်းညိတ်ပြလိုက်သည်။

ယွဲ့ဝါကျင်း ကျေနပ်စွာ ပြုံးလိုက်၏။

"ဒါဆိုရင် ... ရှင် ကျွန်မကို ကျေးဇူးတင်စကား မပြောသ
ဘူးလား"

မားတစ်ချက်ခန်းချောင်သည် သူမအား အေးစက်စက်မျက်
ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်သည်။

"ဝမ်းနည်းပါတယ်၊ ကျုပ်က မင်းရဲ့ပြုစုစောင့်ရှောက်မှု
အတွက် တန်ရာတန်ကြေးပေးမှာမို့ ကျေးဇူးတင်စကားမပြောနိုင်ပါ
ဘူး"

ယွဲ့ဝါကျင်း အလွန်အံ့ဩသွားမိသည်။

မားတစ်ချက်ခန်းချောင်သည် မိမိတွေ့မြင်ခဲ့ဖူးသော
ယောက်ျားများနှင့် မတူဘဲ တစ်မူထူးခြားနေ၏။

အခြားယောက်ျားများသည် သူမအား တွေ့လျှင် ယူယ
ကြင်နာသည်။

စကားပြောဆိုလျှင်လည်း နူးညံ့သိမ်မွေ့ပျော့ပျောင်း၏
သို့သော် ...ဟန်ဆောင်၍ ပြောနေကြခြင်းဖြစ်ကြော



သူမ နားလည်ထားသည်။

ယခု ...

မားတစ်ချက်ခန်းချောင်ကမူ အခြားယောက်ျားများနှင့် မတူ
ဘဲ အပြောအဆိုရိုင်းစိုင်းကြမ်းတမ်းသည်ဟု ထင်ရသော်လည်း ဖြတ်
သားပြီး ဟန်ဆောင်မှုကင်းကြောင်း တွေ့ရှိရလေသည်။

ထို့ပြင် ... မည်သည့်ယောက်ျားမဆို သူမ၏အလှပေါ်
မက်မောတွယ်တာကြသည်။

မားတစ်ချက်ခန်းချောင်ကမူ ဤသို့မဟုတ်ပါ။

သူသည် မိမိ၏အလှကို ကြည့်ရှုန်ပင် ရှောင်နေတတ်၏။

ဤသို့ဆိုလျှင် ... မားတစ်ချက်ခန်းချောင်သည် အလှကို
မခံစားတတ်၍လော။

သူမသည် သက်ပြင်းတစ်ချက်ကျိတ်ချကာ မားတစ်ချက်
ခန်းချောင်၏အခန်းထဲမှ ပြန်လည်ထွက်ခွာခဲ့လေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

အမှောင်ထုသည် တစ်ကျော့ပြန်လည် ရောက်ရှိလာ၏။

နေပြီးလျှင် ညရောက်စမြဲ မဟုတ်ပါလော။

အမှောင်ထုသည် နှင်းမြူများကို အဖော်ပြုကာ ဝန်းကျ တစ်ခုလုံးအား တိတ်ဆိတ်လွှမ်းခြုံလိုက်၏။

သို့သော် ... နှင်းပန်းဂေဟာထဲ၌မူ အလင်းရောင် လောက်စွာရှိနေ၏။

မီးအိမ်သုံးလုံးမှ ထွက်ပေါ်လာသော အလင်းရောင်မျ ဖြစ်သည်။

ထိုအလင်းရောင်ကြောင့် ယွဲ့ဝါကျင်း ဧည့်ခန်းထဲ၌ ခေါ တုံ့ခေါက်ပြန် လျှောက်နေခြင်းကို တွေ့မြင်နေရ၏။

သူမသည် စိတ်ဂနာမငြိမ်ဟန်နှင့် မကြာခဏဆိုသကဲ့ ဖွင့်ဟထားသော တံခါးဝမှတစ်ဆင့် အမှောင်ထုထဲသို့ လှမ်းမျှေ ကြည့်နေသည်။



တစ်စုံတစ်ယောက်အား စောင့်မျှော်နေဟန်ဖြစ်၏။

ဤသို့ဆိုပါလျှင် ...

ယခုကဲ့သို့ လူသူကင်းဝေးပြီး ရာသီဥတုဆိုးဝါးသော အချိန် မျိုး၌ မည်သည့်လျှို့ဝှက်ချက်ကြောင့် သူမထံသို့ ရောက်ရှိလာချိန် ရှိနေပါသနည်း။

❋

ညဥ့်သည် တစ်စထက်တစ်စ အိုမင်းရင့်ရော်လာ၏။

နှင်းမြူများသည် နှင်းပန်းဂေဟာ၏ အုတ်ကြွပ်ပြားဆီသို့ အဆက်မပြတ် ကျဆင်းနေ၏။

လရောင်ကင်းခဲ့သော ညသည် ချောက်ချားဖွယ်ရာ ကောင်းလှပေသည်။

ယွဲ့ဝါကျင်းသည် ဧည့်ခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက် နေရာမှ ရုတ်တရက် ဝေဒနာပြင်းပြင်းထန်ထန်ခံစားလိုက်ရဟန်ဖြင့် မျက်နှာတစ်ခုလုံး ရှုံ့မဲ့လာလေသည်။

ယင်းနောက် ...

www.burmeseclassic.com

www.burmeseclassic.com



ခါးကုန်းလျက် ချောင်းတဟွတ်ဟွတ် ဆိုးနေ၏။

"အ ... ဟွတ် ... ဟွတ်"

ထို့ပြင် သူမ၏နှုတ်ခမ်းထောင့်မှ ညိုမည်းသောသွေးမျာ[း] စီးဆင်းကျလာလေသည်။

နဖူးပြင်မှ ချွေးသီးချွေးပေါက်များ အဆက်မပြတ်ကျဆင်[း]လျက် ဒူးနှစ်ဖက်သည် အားအင်ချည့်နဲ့လာသူပမာ တဆတ်ဆတ် တုန်ခါလျက် ကြမ်းပြင်ပေါ်သို့ ပြိုကျသွား၏။

ယင်းတခဏ်လေးမှာပင် ...

အမှောင်ထုထဲမှ မိန်းကလေးတစ်ယောက်၏အသံ ထွက်ပေါ်လာလေသည်။

**"ပန်းသခင်မ**

**အလှမာန်ဝင့် ... သိုင်းဟန်တင့်**

**သခင့်ရင်ခွင် ... နားမည့်ပြင်**

**ကြင်သူချွေဆင့် ... ပန်းကြွေလွင့်ပြီ"**

အသံသည် စူးရှသည်၊ တုန်ခါသည်။

ခံပြင်းခြင်း၊ ဒေါသထွက်ခြင်း၊ ကြေကွဲဝမ်းနည်းခြင်း စသော အသွင်များ ပေါ်လွင်နေ၏။

မည်သို့ဆိုစေ ...

BURMESE CLASSIC .com



အသံသည် ချိုလွင်၍ ဆွဲဆောင်မှုအပြည့်ရှိနေ၏။

သို့သော် ယွဲ့ဝါကျင်းသည် ထိုရယ်မောသံကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် မြွေဆိုးတစ်ကောင်အကိုက်ခံလိုက်ရသည့် အလား ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားလေသည်။

ဝေဒနာကြားမှ လူးလဲထကာ ဒူးထောက်လိုက်၏။

"မမ ... မမ ... ကျွန် ... ကျွန်မ"

ဝေဒနာပြင်းထန်လွန်းသဖြင့် သူမစကားမဆက်နိုင်တော့ဘဲ ခန္ဓာကိုယ် တဆတ်ဆတ်တုန်ခါနေ၏။

အမှောင်ထဲမှ မိန်းကလေး၏အသံထွက်ပေါ်လာ၏။

"ယွဲ့ဝါကျင်း ... ညည်းကို ကြည့်ရတာ တကယ်သနားစရာပဲ၊ ငါ ညည်းရဲ့ဝေဒနာကို ဆေးကုပေးချင်ပါတယ်၊ ဒါပေမဲ့ ... ညည်းက တာဝန်မကျေတော့"

သူမ စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလေသည်။

ယွဲ့ဝါကျင်း၏မျက်လုံးအစုံမှာ ပြူးကျယ်သွားလေသည်။

"မ ... မမ အထင်လွဲနေပါတယ်၊ ကျွန်မကို မမ တာဝန်ပေးထားတဲ့အတိုင်း သူ့ကို အစွမ်းကုန်ပြုစုခဲ့တယ် ...ဒါပေမဲ့"

အမှောင်ထုထဲမှ မိန်းကလေး၏အေးတိအေးစက်အသံ ထွက်ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ … ဘာဖြစ်လဲ"

ယွဲ့ဝါကျင်းသည် နဖူးပေါ်မှ စီးကျနေသော ချွေးများကို လက်ခုံဖြင့် တစ်ချက်သုတ်ကာ မရှိပြုံးပြုံးလိုက်၏။

"ဒါပေမဲ့ … သူ … သူက ကျွန်မကို ဂရုမစိုက်ဘူး"

"ဘယ်လို … ညည်းလောက်လှတဲ့ မိန်းကလေးကို ဂရုမစိုက်ရအောင် သူက ရူးသွပ်နေတဲ့သတ္တဝါလား"

"ဒါ … ဒါတော့ … ကျွန်မ မသိဘူး၊ တစ်ခုတော့ ရှိတယ်"

"ဘာလဲ"

"သူ … ကျွန်မကို သံသယရှိနေတယ်"

မိန်းကလေး၏အေးတိအေးစက်သံ ထွက်ပေါ်လာပြန်လေသည်။

BURMESE CLASSIC .com

"ဘယ်လို သံသယလဲ"

ယွဲ့ဝါကျင်းသည် ဝေဒနာပြင်းထန်စွာ ခံစားနေရသည့်ကြားမှ အမှောင်ထုထဲသို့ လှမ်းမျှော်ကြည့်လိုက်၏။

"ကျွန်မကို ကဗျာရွတ်ဆိုတဲ့ မိန်းကလေး … ဒါမှမဟုတ် ကြေးဝါရောင်မျက်နှာဖုံးရှင်ရဲ့အဖွဲ့ထဲကလို့ ထင်နေတယ်"

"ဟား … ဟား … ဟား"

အမှောင်ထုထဲမှ ရယ်မောသံထွက်ပေါ်လာလေသည်။



အတန်ကြာမှ ရယ်မောခြင်းကို ရပ်တန့်လျက် ရက်စက်ကြမ်းကြုတ်သောအသံဖြင့် …

"ခေါ်တစ်ချက်ခန်းချောင် … ခေါ်တစ်ချက်ခန်းချောင် … ရှင်လည်း ကျွန်မကို အမှတ်တရရှိနေတာပဲကိုး … ဟင်း … ဟင်း"

ယွဲ့ဝါကျင်း၏မျက်ခုံးအစုံ နဖူးပေါ်သို့ ပင့်တက်သွားသည်။

"မ … မမနဲ့သူ့ရဲ့ကြားမှာ ထိပ်တန်းလျှို့ဝှက်ချက်တစ်ခု ရှိနေလို့လားဟင်"

အမှောင်ထုထဲမှ မိန်းကလေး၏အော်ငေါက်သံ ထွက်ပေါ်လာလေသည်။

"တိတ်စမ်း … ဒါ ညည်းအလုပ် မဟုတ်ဘူး၊ ညည်းအလုပ်က ဆရာမှာလိုက်တဲ့စကားကို တိတိကျကျလိုက်နာဖို့ပဲ"

ယွဲ့ဝါကျင်း ထိတ်လန့်တုန်လှုပ်စွာ ခေါင်းညိတ်လိုက်၏။

"ဟုတ် … ဟုတ်ကဲ့၊ ကျွန်မ ဆရာမှာလိုက်တဲ့စကားကို တိတိကျကျလိုက်နာမှာပါ"

အမှောင်ထုထဲမှ မိန်းကလေး၏အသံက အေးတိအေးစက်ဖြင့် ထွက်ပေါ်လာလေသည်။

"ကောင်းပြီ … ဒါဖြင့် ဆရာမှာတဲ့စကားကို ညည်းရွတ်ပြစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ဝါကျင်းသည် မချိပြုံးပြုံးလျက် ...

"ဓား ... ဓားတစ်ချက်ခန်းချောင်ကို နှင်းပွင့်မြို့ပြင်နဲ့ သုံးလီအကွာမှာ တည်ဆောက်ထားတဲ့ နှင်းပန်းဂေဟာက စောင့်ပါ၊ သူရောက်လာရင် ရင်းနှီးအောင်ပေါင်းပြီး မာယာနဲ့ မြူဆွယ်ပါ၊ ညအိပ်ရာဝင်တိုင်း သူ့ကို အရက်နဲ့အရိုးဆွေးအဆိပ် တိုက်ရမယ်"

သူမ၏မျက်နှာတစ်ချက် ရှုံ့မဲ့သွားပြီး စကားဆက်လိုက်သည်။

"နောက် ... နောက်ထပ်ညွှန်ကြားစရာရှိတာကို မမ လာပြီးညွှန်ကြားမယ်၊ အမှားအယွင်းရှိရင် သေဒဏ်၊ ကောင်းပြီ ... ဒါဆိုရင် အခု ညည်း သူ့ကို အရက်နဲ့အရိုးပျော့ဆေး တိုက်ပြီးပြီလား"

"ဟုတ် ... ဟုတ်ကဲ့ တိုက်ပြီးပါပြီ၊ ဒါကြောင့်လည်း မမကို ကျွန်မ မျှော်နေမိတာပါ"

အမှောင်ထုထဲမှ မိန်းကလေး၏အသံ တိတ်ဆိတ်သွားသည်။

ထိုအခါ ...

ဝန်းကျင်တစ်ခုလုံးတွင် နှင်းမြူများ ကျဆင်းသံမှလွဲ၍ ကြောက်မက်ဖွယ်ရာကောင်းအောင် တိတ်ဆိတ်ငြိမ်သက်သွားလေသည်။



ယွဲ့ဝါကျင်း၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"မ ... မမ"

သူမ အသံကုန်အော်လိုက်သည်။

"တိတ်စမ်း ... ညည်းကို အရိုးဆွေးအဆိပ်ဖြေဆေး မပေးဘဲ ပြန်သွားမှာစိုးလို့ အော်ဟစ်နေတာ မဟုတ်လား"

အေးတိအေးစက်စကားဆုံးသံနှင့်အတူ တံခါးဝမှ လူတစ်ယောက် လှမ်းဝင်လာ၏။

အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက်ဖြစ်၏။

အဖြူရောင်နှင်းကာဝတ်စုံကို ခြုံထားပြီး မျက်နှာပေါ်တွင် အလွန်ကြောက်မက်ဖွယ်ရာကောင်းသော ကြေးဝါရောင်မျက်နှာဖုံးတစ်ခု ဖုံးအုပ်ထားသည်။

ယွဲ့ဝါကျင်းသည် ဝေဒနာပြင်းပြင်းထန်ထန်ခံစားရသောမျက်လုံးအစုံဖြင့် ကြည့်လိုက်၏။

"ကျွန် ... ကျွန်မ"

သူမသည် ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ခါလာသဖြင့် စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်လိုက်သည်။

ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်သည် သူမအား တစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ငုံ့ကြည့်ကာ အကျီအိတ်ထဲမှ ကြွေဘူးအဖြူတစ်လုံး ထုတ်ယူလိုက်၏။

ယင်းနောက် ...

ဘူးဖုံးကိုဖွင့်ကာ ဆေးလုံးတစ်လုံး ထုတ်ပေးလိုက်၏။

ယွဲ့ဝါကျင်းသည် တုန်ယင်နေသော လက်တစ်ဖက်ဖြင့် ဆေး လုံးကို လှမ်းယူကာ ပါးစပ်ထဲသို့ ထည့်လိုက်သည်။

မျက်လုံးအစုံကိုမှိတ်ကာ တင်ပျဉ်ခွေထိုင်ပြီး အတွင်းအာ လေ့ကျင့်နေလေသည်။

တစ်ခဏအကြာ ... သူမ၏မျက်နှာတစ်ခုလုံးမှာ သွေး ရောင်လွှမ်းလာကာ ခန္ဓာကိုယ်တစ်ခုလုံး ပူနွေးလာ၏။

ထို့ကြောင့် ... သက်ပြင်းတစ်ချက်ချကာ မျက်လုံးတို့ ဖြည်း ညင်းစွာ ဖွင့်ကြည့်လိုက်၏။

ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်သည် သူမရှေ့တွင် ရပ်လျက် စူးစိုက်၍ ကြည့်နေခြင်းကို တွေ့မြင်လိုက်ရ၏။

"ဝါကျင်း ... ညည်း နေသာထိုင်သာရှိပြီ မဟုတ်လား"

ယွဲ့ဝါကျင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

ကြေးဝါရောင် မျက်နှာဖုံးပိုင်ရှင်က သူမအား အေးတိအေး



စက်အသံဖြင့် တစ်ခွန်းချင်း ပြောလိုက်၏။

"ကောင်းပြီ ... ဒါဆိုရင် ညည်းကို သူ့ အမြန်ဆုံး သံယော ဇဉ်ရှိအောင် ကြိုးစားပါ"

"ကျွန်မ ကြိုးစားချင်ပါတယ်၊ ဒါပေမဲ့ ... အချိန်မရှိတော့ ဘူး"

"ညည်းစကားက ဘာအဓိပ္ပာယ်လဲ"

"အင်း ... သူက မနက်ဖြန်ဆိုရင် ခရီးထွက်တော့မယ်တဲ့"

ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်သည် အနည်းငယ်တွေဝေ သွား၏။ အတန်ကြာမှ ...

"ဒါဆိုရင် ... ညည်းလိုက်သွားပေါ့"

ယွဲ့ဝါကျင်း မချိပြုံး ပြုံးလိုက်၏။

"သူ ခေါ်ပါ့မလားရှင်"

ကြေးဝါရောင် မျက်နှာဖုံးပိုင်ရှင်သည် အေးတိအေးစက်ဖြင့် ရယ်မောလိုက်သည်။

"သူရဲကောင်းတွေဟာ မိန်းမလှတွေကို မကျော်နိုင်ဘူးဆို တဲ့ စကားကို ညည်း ကြားဖူးတယ်မဟုတ်လား"

ယွဲ့ဝါကျင်းသည် တွေဝေငေးငိုင်နေမိ၏။

ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်သည် သူမနံဘေးတွင် ဒူး

www.burmeseclassic.com

www.burmeseclassic.com



ထောက်ထိုင်ချလိုက်လေသည်။

"ဝါကျင်း ... ညည်း ဖြေဆေးအချိန်မီမရမှာ စိုးရိမ်နေသ
လား"

ယွဲ့ဝါကျင်း သူမအား ဖြည်းညင်းစွာ မော့ကြည့်လိုက်၏။

"ကျွန်မ ဖြေဆေးအချိန်မီမရမှာထက် ပဟေဠိတွေကို သိ
ချင်နေတာပါ"

"ဘာပဟေဠိလဲ"

"မမ ... သူ့ကို ဘာဖြစ်လို့ ဒီလောက်မုန်းနေသလဲ
တကယ်ဆိုရင် ခုချိန်မှာ သူ့ကို အလွယ်တကူ သတ်ခွင့်ရှိပါလျက်
မသတ်ဘဲ ဘာဖြစ်လို့ ကျွန်မနဲ့ ရင်းနှီးမှုရယူစေချင်တာလဲဟင်"

ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်၏မျက်နှာဖုံးအောက်မှ မျက်
ဝန်းအစုံသည် ကြောက်မက်ဖွယ်ရာကောင်းအောင် အေးစက်တင်းမာ
လာ၏။

"ဒါတွေ ... ညည်း အချိန်တန်ရင် သိရမှာပေါ့။ အခုလော
လောဆယ်တော့ ညည်းကို တစ်ခုပဲ ပြောပြနိုင်မယ်"

ယွဲ့ဝါကျင်းသည် စိတ်ဝင်စားစွာ နားစွင့်နေ၏။

ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်သည် အတန်ကြာငြိမ်သက်
နေပြီးမှ အေးတိအေးစက်သံဖြင့် ...



"ခန်းချောင်ဆိုတဲ့လူကို ... ရှင်လျက်နဲ့ သေသူဖြစ်အောင်
လုပ်မယ်"

ယွဲ့ဝါကျင်း၏ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားသည်။

ဖြေဆေးသောက်၍ အသက်ရှင်ခွင့်ရယူနေသော မိမိသည်
လည်း ရှင်လျက်နှင့် သေသူတစ်ယောက်ဖြစ်နေသည်ဟု နားလည်
လိုက်မိသည် မဟုတ်ပါလော။

ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်သည် သူမ၏ရင်ထဲမှခံစား
ချက်ကို ထိုးဖောက်မြင်တွေ့နေသည့်အလား ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား ... ညည်း စိတ်ထဲမှာ ညည်းဘဝ
ကို ရှက်လျက်နဲ့ သေသူဖြစ်နေတယ်လို့ ခံစားမိတယ် မဟုတ်လား"

ယွဲ့ဝါကျင်းသည် သူမအား ငေးမောကြည့်လျက် ...

"ဟုတ်ပါတယ်"

ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်က အင်္ကျီအိတ်ထဲမှ ကြွေ
ဘူးကို ထုတ်ယူကာ သူမလက်ထဲသို့ ထည့်ပေးလိုက်၏။

"ဒါ ... ဒါက"

ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်သည် သူမ၏ပခုံးနှစ်ဖက်
အား ယုယစွာ ဆုပ်ကိုင်လိုက်သည်။

"ညီမလေး ဝါကျင်း ... ညည်းနဲ့ငါက တစ်ဆရာတည်း

www.burmeseclassic.com

www.burmeseclassic.com



တပည့်တွေပါ။ ဒါကြောင့် သွေးသောက်ညီအစ်မဆိုရင်လည်း မမှားဘူး”

သူမက သက်ပြင်းတစ်ချက်ချလိုက်၏။

“အင်း ... ခန်းချောင်ကို ကလဲ့စားချေချင်တဲ့စိတ်ကြောင့် ညည်းတာဝန်မကျေမှာစိုးရိမ်ပြီး အခုလို အဆိပ်ကြွေးခဲ့ရပေမယ့် ဆရာနဲ့မမရဲ့ရင်ထဲမှာ ဝမ်းနည်းကြေကွဲနေမိကြတာ အမှန်ပါပဲ၊ ဒါကြောင့် ... ဒီဆေးဘူးကို ယူထားပါ၊ ခန်းချောင်ခရီးထွက်လို့ ညည်းလိုက်သွားရင်တောင်မှ ဖြေဆေး အချိန်မီမရမှာကို မစိုးရိမ်ရတော့ပါဘူး”

ယွဲ့ဝါကျင်း၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲလာ၏။

“မိဘမဲ့ဘဝနဲ့ သူများစော်ကားခံရမယ့်ဘဝမှာ ဆရာနဲ့မမတို့ကသာ မကယ်တင်ခဲ့ရင် ကျွန်မဘဝ အခုချိန်ထိ အသက်ရှူခွင့်ရနိုင်မှာ မဟုတ်ဘူး၊ ဒါကြောင့် ဆရာနဲ့မမတို့ရဲ့ ကျေးဖူးကို ကျွန်မပြန်ဆပ်ခွင့်အဖြစ် ပေးအပ်ထားတဲ့တာဝန်ကို ကြိုးစားထမ်းဆောင်ပါ့မယ်ရှင်”

ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်က ခေါင်းတစ်ချက်ညိတ်လိုက်လေသည်။

“ကောင်းပြီ၊ ညည်းတာဝန်ကျေ မကျေဆိုတာ ငါနဲ့ဆရာ



စောင့်ကြည့်နေတယ်ဆိုတာ မမေ့ပါနဲ့”

ပြောပြီး တစ်လှမ်းချင်း ထွက်ခွာသွား၏။

မကြာမီ သူမ၏ခန္ဓာကိုယ်သည် အမှောင်ထုထဲသို့ တိုးဝင်ပျောက်ကွယ်သွားလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

လေသည် ပြင်းထန်စွာ တိုက်ခတ်နေ၏။

နှင်းပွင့်များ တဖွဲဖွဲကျနေသည်။

ဤကဲ့သို့ နှင်းပွင့်များ ထူထပ်စွာကျရောက်ပြီး လေပြင်းထန်စွာ တိုက်ခတ်ချိန်တွင် ခရီးထွက်လိုသူ ရှားပါးလှ၏။

သို့သော် ... ခားတစ်ချက်ခန်းချောင်သည် ခရီးထွက်ရန် အသင့်ပြင်ဆင်ပြီးဖြစ်သည်။

သူ့အခန်းထဲမှ လှမ်းထွက်ရန်ဟန်ပြင်လိုက်စဉ် ...

ယွဲ့ဝါကျင်းသည် လင်ပန်းလေးတစ်ချပ်ကို သယ်ပိုးကာ ရောက်ရှိလာလေသည်။

လင်ပန်းထဲတွင် အငွေ့တထောင်းထောင်းထနေသော ဆန်ပြုတ်တစ်ပန်းကန်နှင့် ရေနွေးကြမ်းပန်းကန်တစ်လုံးပါရှိလာ၏။

သူမသည် ချစ်စဖွယ်ပြုံးလျှက် နှုတ်ခွန်းဆက်လိုက်သည်။

"ခားတစ်ချောင်းခန်းချောင် ... ရှင် နိုးနေပြီကိုး၊ နံနက်စာ



စားလိုက်ပါဦး"

ခားတစ်ချောင်းခန်းချောင်သည် ငြင်းဆိုရန် ဟန်ပြင်ပြီးမှ မွှေးပြိုင်သောဆန်ပြုတ်နံ့ကြောင့် စကားတစ်ခွန်းမှမပြောတော့ဘဲ ဆန်ပြုတ်ပန်းကန်ကိုယူကာ ဇွန်းဖြင့် ခပ်သောက်လိုက်၏။

ပူနွေးသောဆန်ပြုတ်များ ဝမ်းဗိုက်ထဲသို့ အတန်များများ ရောက်ရှိသွားသည့်အခါ ရင်ထဲ၌ နွေးနွေးထွေးထွေး ရှိလာ၏။

ဆန်ပြုတ်များ ကုန်သွားသဖြင့် ပန်းကန်အား လင်ပန်းထဲသို့ ပြန်ထည့်ပေးလိုက်စဉ် ...

ယွဲ့ဝါကျင်းသည် ရေနွေးကြမ်းပန်းကန်လုံးအား ကမ်းပေးလိုက်၏။

"လက်ဖက်ရည်ပူပူလေး သောက်လိုက်ပါဦး"

ခားတစ်ချက်ခန်းချောင်သည် သူမကမ်းပေးသော ရေနွေးကြမ်းပန်းကန်လုံးအား လှမ်းယူကာ ဖြည်းညင်းစွာ မှုတ်သောက်ရင်း မိမိကိုယ်မိမိ အံ့ဩနေမိလေသည်။

အကြောင်းကား ... သူ့ရင်ထဲ၌ အမျိုးအမည်မသိသော ဝေဒနာတစ်ခုကို ခံစားနေသည်မဟုတ်ပါလော။

ယင်းဝေဒနာသည် နွေးထွေးခြင်း၊ ကြည်နူးခြင်း၊ ကျေနပ်ခြင်း စသောခံစားမှုများ ပါဝင်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

သူ၏မျက်နှာတစ်ခုလုံးမှာမူ အေးစက်စက်ရှိနေသေး၏။

ရေနွေးကြမ်းပန်းကန်ထဲ၌ ရေနွေးကြမ်းအနည်းငယ်မျှ မကျန်သည့်အခါ ရေနွေးကြမ်းပန်းကန်လုံးအား လင်ပန်းပေါ်သို့ ပြန် တင်ပေးလိုက်သည်။

ထို့နောက် ... ဓားကို ကျောတွင်ပိုးလွယ်ကာ ယွဲ့ဝါကျင်း အား မကြည့်ဘဲ မေးလိုက်၏။

"အခန်းခနဲ့ စားသောက်ခ ဘယ်လောက်လဲ"

ယွဲ့ဝါကျင်းသည် လှပစွာပြုံးလျက် ...

"ကျွန်မကို ရှင်နဲ့အတူ လိုက်ခွင့်ပြုရမယ်"

"ဘာ"

ဓားတစ်ချက်ခန်းချောင်သည် ထိတ်လန့်စွာ အော်ဟစ်ရင်း သူမအား ချာခနဲ လှည့်ကြည့်လိုက်၏။

ယခုမှ ... ယွဲ့ဝါကျင်း၏ခန္ဓာကိုယ်ပေါ်တွင် သစ်လွင် တောက်ပသော ကြည်ပြာရောင်ပိုးသားဝတ်စုံကို ဝတ်ဆင်ထားပြီး ယုန်မွေးခွယ်တာရှည်ကို သေသပ်စွာ ဝတ်ဆင်ထားခြင်းကို တွေ့မြင် လိုက်ရ၏။

ထို့ပြင် ... မျက်နှာပေါ်တွင် ပြင်ဆင်ချယ်သထားသဖြင့်



ခရီးတစ်ခုထွက်ရန် အသင့်ရှိနေပုံရ၏။

ဓားတစ်ချက်ခန်းချောင်သည် သူမအား ခြေဆုံးခေါင်းဆုံး ကြည့်ရင်း မျက်မှောင်ကြုတ်လိုက်၏။

"မင်း ဘာပြောလိုက်သလဲ"

ယွဲ့ဝါကျင်းသည် လှပစွာ ပြုံးလိုက်သည်။

"အခန်းခနဲ့စားသောက်စရိတ်အတွက် ရှင်နဲ့အတူ ခရီးထွက် ခွင့်ပြုပါလို့ ပြောတာပါ"

ဓားတစ်ချက်ခန်းချောင် ခေါင်းခါယမ်းလိုက်၏။

"မဖြစ်နိုင် ... ဒါ ... လုံးဝမဖြစ်နိုင်ဘူး"

ယွဲ့ဝါကျင်း၏မျက်နှာညှိုးနွမ်းသွားသည်။

"ရှင် ဘာဖြစ်လို့ ဒီလောက်ခါးခါးသီးသီး ငြင်းနေတာလဲ"

ဓားတစ်ချက်ခန်းချောင် သူမအား စေ့စေ့ကြည့်လိုက်၏။

"ကျုပ် အခုသွားမယ့်ခရီးဟာ အန္တရာယ်တွေနဲ့ ပြည့်နှက် နေတယ် ... နောက်ပြီး မင်းလို မိန်းကလေးတစ်ယောက်နဲ့ မပတ် သက်ချင်ဘူး"

ယွဲ့ဝါကျင်း၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

"ရှင့်ကိုကြည့်ရတာ မိန်းမတွေကို နာကြည်းနေတယ်ထင် တယ်၊ ဘာလဲ ... မိန်းမတစ်ယောက်နဲ့ ပတ်သက်ပြီး"

www.burmeseclassic.com

www.burmeseclassic.com



သူမ၏စကားမဆုံးမီ ဓားတစ်ချက်ခန်းချောင်က ခေ...
ငေါက်လိုက်လေသည်။

"တိတ်စမ်း ... ကျုပ်ဘဝမှာ ဘယ်မိန်းမနဲ့မှ မပတ်သ...
ခဲ့ဖူးဘူး၊ ဘယ်တော့မှလည်း ပတ်သက်လာမှာမဟုတ်ဘူး"

ယွဲ့ဝါကျင်း တွေဝေသွား၏။

အမှန်တွင် ...

သူမသည် ခန်းချောင်နှင့် ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်...
နှစ်ယောက်မှာ တစ်စုံတစ်ခုပတ်သက်မှုရှိခဲ့သဖြင့် ယခုကဲ့သို့ က...
စားချေရန် မိမိအား အသုံးချနေသည်ဟု ထင်မှတ်ထား၏။

ယခု ... ဓားတစ်ချက်ခန်းချောင်မှ ငြင်းပယ်လိုက်သောအ...
မည်သို့မျှ စဉ်းစား၍မရနိုင်အောင် ဖြစ်နေရလေသည်။

ထိုအချိန်တွင် ဓားတစ်ချက်ခန်းချောင်က မျက်မှောင်ကြု...
၍ကြည့်ကာ မေးလိုက်၏။

"နေစမ်းပါဦး ... မင်းက ဘာရည်ရွယ်ချက်နဲ့ ကျုပ်နော...
လိုက်ချင်ရတာလဲ"

ယွဲ့ဝါကျင်း၏ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ကျွန် ... ကျွန်မရဲ့အမေကို ရှာချင်လို့ပါ"

ဓားတစ်ချက်ခန်းချောင် ပို၍မျက်မှောင်ကြုတ်လိုက်၏။



"ဘယ်လို ... မင်းအမေကို ရှာချင်လို့ ဟုတ်လား"

ယွဲ့ဝါကျင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ဓားတစ်ချက်ခန်းချောင်က မဲ့ပြုံးပြုံးလိုက်၏။

"နေပါဦး ... ကျုပ်နဲ့ မတွေ့ခင်က မင်းအမေကို ရှာဖို့ ဘာ
ဖြစ်လို့ စိတ်ကူးမရှိခဲ့တာလဲ"

ယွဲ့ဝါကျင်း သက်ပြင်းတစ်ချက် ကျိတ်ချလိုက်သည်။

"အင်း ... အမှန်တော့ ကျွန်မအမေကိုရှာချင်ခဲ့တာ ကြာပါ
ပြီ၊ ဒါပေမဲ့ ... ကင်းမြီးကောက်ညီနောင်ကို ကြောက်လို့ပါ"

ဓားတစ်ချက်ခန်းချောင်၏မျက်လုံးအစုံ နဖူးပေါ်သို့ ခုန်
တက်သွားလေသည်။

"လမ်းဓားပြ ကင်းမြီးကောက်ညီနောင်ကို ပြောတာလား"

ယွဲ့ဝါကျင်း ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်ရှင်"

ဓားတစ်ချက်ခန်းချောင်သည် သူမအား အကဲခတ်ကြည့်
လိုက်၏။

"နေပါဦး ... ကင်းမြီးကောက်ညီနောင်နဲ့ မင်း ဘယ်လိုပတ်
သက်ခဲ့သလဲ"

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ဝါကျင်း၏မျက်ဝန်းအစုံမှ မျက်ရည်များ သွင်သွင်ကျ ဆင်းလာလေသည်။

"ကျွန်မအဖေဆုံးလို့ အမေနဲ့ ကျွန်မဟာ အမေ့ရဲ့အစ်ကို ကြီးရှိတဲ့ နှင်းပွင့်မြို့ကို လာခဲ့ကြပါတယ်၊ နှင်းပွင့်မြို့ရောက်တော့ အမေ့ရဲ့အစ်ကိုကြီးကို ရှာမတွေ့တာကြောင့် ကျွန်မအမေနဲ့ကျွန်မ ဟာ ကိုယ့်ရွာကို ကိုယ်ပြန်နေမယ်ဆိုပြီး ပြန်ထွက်ခဲ့ပါတယ်"

ဓားတစ်ချက်ခန်းချောင်သည် သူမအား စေ့စေ့ကြည့်လျက် စကားဖြတ်ပြောလိုက်၏။

"အဲဒီမှာတင် ကင်းမြီးကောက်ညီနောင်နဲ့ တွေ့တယ်ဆိုပါ တော့ ... ဟုတ်လား"

ယွဲ့ဝါကျင်း ခေါင်းညိတ်လိုက်၏။

"ဟုတ် ... ဟုတ်ပါတယ်ရှင်"

ဓားတစ်ချက်ခန်းချောင်သည် သူမအား စေ့စေ့ကြည့်လိုက် သည်။

"နောက်ကော"

ယွဲ့ဝါကျင်းသည် မျက်ရည်များရစ်ဝဲနေသော မျက်ဝန်းအစုံ ဖြင့် ကြည့်လိုက်၏။

"ကင်းမြီးကောက်ညီနောင်က ဓားပြတိုက်ဖို့ ... ကျွန်မတို့



မြင်းလှည်းကို တားရာက ကျွန်မကို အဓမ္မကျင့်ဖို့ ကြိုးစားပါတယ်၊ အမေဟာ ကျွန်မကို ကာကွယ်ဖို့အတွက် ကင်းမြီးကောက်ညီနောင် ကို တိုက်ခိုက်ခဲ့တယ်၊ ကျွန်မကိုတော့ ထွက်ပြေးနိုင်းလို့ ထွက်ပြေးခဲ့ ရပါတယ်"

သူမက သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း ... ကျွန်မအမေ သေသလား၊ ရှင်သလားဆိုတာ သိချင်လို့ လိုက်ရှာချင်ပေမယ့် ကင်းမြီးကောက်ညီနောင်ကို ကြောက် လို့ ဒီလို လူသူကင်းဝေးကွဲနေရာမှာ လာပြီး အိမ်ဆောက်နေတာပါ"

ဓားတစ်ချက်ခန်းချောင်က သူမအား စူးရှသောမျက်လုံး အစုံဖြင့် စိုက်ကြည့်နေ၏။

အတန်ကြာမှ ... ခေါင်းတစ်ချက် ဆတ်လိုက်သည်။

"ကောင်းပြီလေ ... ဒါဆိုရင်လည်း ကျုပ်နဲ့လိုက်ခဲ့ပေါ့"

ယွဲ့ဝါကျင်း၏မျက်ဝန်းအစုံ ဝင်းလက်တောက်ပသွားသည်။

"အို ... ကျေးဇူးတင်ပါ"

သူမ၏စကားမဆုံးမီ ...

ဓားတစ်ချက်ခန်းချောင်က လက်ကာပြလိုက်၏။

"နေဦး ... မင်း ကျုပ်ကို ကျေးဇူးတင်စရာမလိုဘူး၊ ကျုပ် ခုလို မင်းကို ခေါ်သွားမယ်ဆိုတာက မင်းကို ကူညီချင်လို့ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ယွဲ့ဝါကျင်း နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

"ရှင် ... ဒါဖြင့်"

ဓားတစ်ချက်ခန်းချောင်က မဲ့ပြုံးပြုံးလိုက်၏။

"ကျုပ်က မင်းကို သံသယရှိနေလို့ပဲ"

"ဟင် ... ကျွန်မကို သံသယရှိတယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လို သံသယရှိတာလဲဟင်"

"မင်းပြောပြတဲ့ မင်းအမေပျောက်ဆုံးသွားတဲ့ ပုံပြင်ဟာ နားထောင်လို့ ကောင်းပေမယ့် အဓိပ္ပာယ်မရှိဘူး၊ ရှင်းရှင်းပြောရရင် မင်း ဒီလိုနေရာမျိုးမှာ နှင်းပန်းဂေဟာ လာဆောက်နေတာကိုက ကျုပ်အတွက် ကြောက်စရာကောင်းတဲ့ ထောင်ချောက်တစ်ခု ဖန်တီးထားတယ်ဆိုတာ ကျုပ် နားလည်တယ်"

ယွဲ့ဝါကျင်း၏ရင်ထဲ၌ ထိတ်ခနဲ ဖြစ်သွားလေသည်။

သို့သော် ... ဣန္ဒြေဆယ်ကာ မေးလိုက်၏။

"ရှင် ဒီလောက် ကျွန်မကို သံသယများနေမှတော့ ... ဘာဖြစ်လို့မသတ်သလဲ"

ဓားတစ်ချက်ခန်းချောင်သည် ပခုံးတစ်ချက် တွန့်လိုက်၏။

"ဘယ်သတ်လို့ဖြစ်ပါ့မလဲ၊ မင်းကို သတ်လိုက်ရင် ... မင်း



နောက်က ထိန်းချုပ်နေတဲ့ လူကို သဲလွန်စဖြတ်တောက်လိုက်သလို ဖြစ်သွားမှာပါ"

ယွဲ့ဝါကျင်း၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

"ရှင် ... ရှင်"

ဓားတစ်ချက်ခန်းချောင်သည် မဲ့ပြုံးပြုံးလိုက်၏။

"မင်း လိမ်ချင်သေးလား၊ အဲဒီလူဟာ နှင်းတောင်ပေါ်မှာ ကဗျာရွတ်ဆိုတဲ့ မိန်းကလေး၊ ဒါမှမဟုတ် ကြေးဝါရောင်မျက်နှာဖုံး ပိုင်ရှင်ပဲဖြစ်ရမယ် ... ဟုတ်တယ်မဟုတ်လား"

ယွဲ့ဝါကျင်း၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

ထိတ်လန့်တုန်လှုပ်သော မျက်ဝန်းအစုံဖြင့် သူ့အား စိုက်ကြည့်လျက် ခေါင်းသွင်သွင်ခါယမ်းလိုက်၏။

"မသိဘူး ... မသိဘူး ... ကျွန်မ မသိဘူး"

ဟု အော်ဟစ်လိုက်သည်။

ဓားတစ်ချက်ခန်းချောင်က ပြုံးလိုက်သည်။

"မင်း မပြောချင်လည်း ရတယ်၊ ဘာပဲဖြစ်ဖြစ် မင်း ကျုပ်နဲ့အတူ ရှိနေမယ်ဆိုရင် တစ်နေ့မှာ မင်းနောက်က ကြိုးကိုင်ထိန်းချုပ်တဲ့လူနဲ့ ကျုပ် ထိပ်တိုက်တွေ့ရမှာပဲ"

ယွဲ့ဝါကျင်းသည် ငေးငိုင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ဓားတစ်ချက်ခန်းချောင် သူမအား စေ့စေ့ကြည့်လျက် ...

"မင်းရဲ့အဝတ်အစားထုပ်ကို အမြန်ဆုံးသွားယူပြီး ကျုပ်နဲ့လိုက်ခဲ့ပါ"

ယွဲ့ဝါကျင်းသည် သက်ပြင်းတစ်ချက်ချကာ အခန်းထဲမှ ထွက်ခွာသွားလေသည်။

သူမပြန်လည်ဝင်ရောက်လာသောအခါ ကျောပိုးအိတ်တစ်လုံးပိုးလွယ်လာခြင်းကို တွေ့မြင်လိုက်ရ၏။

ဓားတစ်ချက်ခန်းချောင်က သူမအား စိုက်ကြည့်လိုက်၏။

"ခရီးမထွက်ခင် တစ်ခုသတိပေးရဦးမယ်"

ယွဲ့ဝါကျင်းက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

"အမိန့်ရှိပါဦးရှင်"

ဓားတစ်ချက်ခန်းချောင်က သူမအား အေးစက်စက်မျက်လုံးအစုံဖြင့် ကြည့်ကာ ...

"လမ်းခရီးတစ်လျှောက် ... ကျုပ်အမိန့်မရဘဲ ဘာမှမလုပ်ပါနဲ့၊ ဘာမဆို ကျုပ်ဆီက ခွင့်ပြုချက်တောင်းပြီးမှ လုပ်ရမယ် ... ကြားလား"

ပြောပြီး ယွဲ့ဝါကျင်းအား လှည့်မကြည့်ဘဲ ဓားကို တုတ်ကောက်သဖွယ် အသုံးပြုကာ အခန်းထဲမှ လှမ်းထွက်သွား၏။



ယွဲ့ဝါကျင်းသည် သူ၏နောက်ကျောပြင်အား ငေးမောကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

ယခု ... မိမိ၏ဘဝသည် ကြေးဝါရောင်မျက်နှာဖုံးပိုင်ရှင်နှင့် ဓားတစ်ချက်ခန်းချောင်တို့၏စစ်တုရင်ခုံပေါ်တွင် အသုံးပြုခံရသော နယ်ရုပ်တစ်ရုပ်ဖြစ်နေပြီဟု တွေးလိုက်မိ၏။

မည်သို့ဆိုစေ ... သူမသည် ဓားတစ်ချက်ခန်းချောင်နောက်သို့ လိုက်သွားရပေတော့မည်။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ညနေချိန် ဖြစ်သည်။

နေရောင်ခြည်သည် ကောင်းကင်၌ ဖြန့်ကျက်နေဆဲ ဖြစ်သည်။

သို့သော် ... ကောင်းကင်၌ လထွက်နေပြီဖြစ်၏။

❋

အေးစိမ့်သော လေသည် တဟူးဟူးတိုက်ခတ်နေ၏။

မြူနှင်းများသည် လေနှင့်အတူ ကခုန်မြူးတူးနေ၏။

ထို့ကြောင့် နှင်းပွင့်မြို့ဝင်လမ်းကလေးအတိုင်း လှမ်းလျှောက်ဝင်လာကြသော လူနှစ်ယောက်၏ခန္ဓာကိုယ်ပေါ်မှ ဝတ်စုံများသည် လေထဲ၌ တဖျပ်ဖျပ်လူးလွန့်နေလေသည်။



ထိုလူနှစ်ယောက်ကား အခြားလူများ မဟုတ်ပါ။

ဓားတစ်ချက်ခန်းချောင်နှင့် ယွဲ့ဝါကျင်းတို့ ဖြစ်ကြ၏။

ယွဲ့ဝါကျင်းသည် ငယ်ရွယ်ချောမောသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

သူမ၏ခန္ဓာကိုယ်ပေါ်တွင် ကြည်ပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသောကြောင့် သူမအလှမှာ ပို၍ပေါ်လွင်နေ၏။

ဓားတစ်ချက်ခန်းချောင်သည် သူမကဲ့သို့လှပသော မိန်းကလေးမျိုးကို ဘဝတစ်သက်တာတွင် တစ်ကြိမ်မျှ မြင်တွေ့ခဲ့ဖူးခြင်းမရှိပါ။

ထို့ကြောင့် လောကပေါ်တွင် ပြိုင်ဘက်ကင်းသော မိန်းကလေးဟု ရင်ထဲ၌ ခံစားနေမိလေသည်။

သို့သော် ... သူမ၏မျက်ဝန်းအစုံသည် သူမအား မကြည့်ပါ။

အကြောင်းကား သူမအား ကြည့်မိသည့်အကြိမ်တိုင်း ရင်ထဲ၌ ပြင်းပြင်းထန်ထန် လှုပ်ရှားလာမိသောကြောင့်ပင်။

❋

www.burmeseclassic.com

www.burmeseclassic.com



ရေလှိုင်းသည် ကမ်းပါးကို ရိုက်ခတ်၏။

သူတော်စင်တစ်ဦးမဟုတ်သော ဓားတစ်ချက်ခန်းချောင်၏ အသည်းကမ်းပါးကိုမူ ယွဲ့ဝါကျင်းဟူသော ရေလှိုင်းသည် မရိုက်ခတ်ဘဲ ရှိနိုင်မည်လော။

သို့ရာတွင် ဓားတစ်ချက်ခန်းချောင်၏နှလုံးသားထဲ၌ ယွဲ့ဝါကျင်းအား သံသယရှိနေသဖြင့် စိတ်နှလုံးကို တင်းကျပ်စွာ ထိန်းချုပ်ထားလေသည်။

မည်သို့ဆိုစေ ...

ယခုကဲ့သို့ ညနေဆည်းဆာ၏အလှအောက်တွင် ယွဲ့ဝါကျင်းနှင့်အတူ လမ်းလျှောက်လာရသဖြင့် ရင်ထဲ၌ ကြည်နူးနေမိသည်ကိုမူ ကိုယ့်ဘာသာကိုယ်အံ့ဩစွာ နားလည်လက်ခံနေမိ၏။

ဤသို့ဆိုပါလျှင် ...

ယွဲ့ဝါကျင်း၏ရင်ထဲ၌ ဓားတစ်ချက်ခန်းချောင်အပေါ် မည်သို့သဘောထားနေပါသနည်း။

❋



ယွဲ့ဝါကျင်းသည် လေကိုဆန်၍ ဓားတစ်ချက်ခန်းချောင်၏ လက်ကိုဆွဲကိုင်ကာ လှမ်းလျှောက်လာ၏။

ဓားတစ်ချက်ခန်းချောင်သည် သူမအား မကြည့်ပါ။

စကားလည်း မပြောပါ။

သို့သော် ... သူမသည် ဓားတစ်ချက်ခန်းချောင်အား မကြာခဏဆိုသကဲ့သို့ မော့ကြည့်ရင်း စကားဖောင်ဖွဲ့လာ၏။

ထို့ပြင် မိမိပြောသော စကားကို မိမိဘာသာ သဘောကျစွာဖြင့် ရယ်မောလျက်ရှိသည်။

သူမ၏ရယ်မောသံသည် ဝန်းကျင်တစ်ဝိုက် တိုးတိတ်ညင်သာစွာ လွင့်ပျံ့လျက်ရှိသည်။

အမှန်တွင် သူမဘဝ၌ ယခုကဲ့သို့ တစ်ကြိမ်တစ်ခါမျှ ပျော်ရွှင်မှုကို မခံစားခဲ့ရပါချေ။

ယခုတစ်ကြိမ် သူမအတွက် ပထမဆုံးအကြိမ် လောကနှင့် ထိတွေ့ရခြင်းဖြစ်၏။

အရာရာတိုင်းသည် သူ့အတွက် အတွေးသစ်၊ အမြင်သစ်၊ အတွေ့အကြုံသစ်ဖြစ်နေ၏။

ထို့ပြင် ...

www.burmeseclassic.com

www.burmeseclassic.com



ဓားတစ်ချက်ခန်းချောင်မှ မိမိအား စကားတစ်ခွန်းမျှ မပြောသော်လည်း စကားပေါင်းထောင်သောင်းမက ပြောဆိုသည်ထက်ပင် ပြီးပြည့်စုံနေသည်ဟု မှတ်ယူနေမိလေသည်။

ဤသို့ဆိုလျှင် ...

သူမသည် ဗဟုသုတအသစ်အဆန်းများ မြင်တွေ့နေရ၍ ပျော်ရွှင်နေခြင်းလော။

သို့မဟုတ် ...

သူမနားတွင် ဓားတစ်ချက်ခန်းချောင်ရှိနေ၍ ပျော်ရွှင်နေခြင်းပေလော။

❊

ယွဲ့ဝါကျင်းသည် ဓားတစ်ချက်ခန်းချောင်၏လက်ကိုဆွဲကိုင်ကာ ရယ်မောရင်း စကားပြောဆိုလာ၏။

ဓားတစ်ချက်ခန်းချောင်သည် သူမအား စကားတစ်ခွန်းမျှ ပြန်မပြောဘဲ လှမ်းလျှောက်လာလေသည်။

သို့သော် ... အစဉ်သဖြင့် အေးတိအေးစက်နိုင်လှသော သူ



၏မျက်နှာပေါ်တွင် ထူးခြားသောဟန်မူရာများ ပေါ်လွင်နေ၏။

မျက်ဝန်းအစုံတွင်လည်း နွေးထွေးသော ဟန်မူရာများ ပေါ်လွင်နေလေသည်။

ယင်းအချိန် စားသောက်ဆိုင်ထဲမှ အနက်ရောင်ဝတ်ဆင်ထားသော လူနှစ်ယောက် ခြေလှမ်းသွက်သွက်ဖြင့် လှမ်းထွက်လာနေခြင်းကို တွေ့မြင်လိုက်ရ၏။

ထိုလူနှစ်ယောက်သည် ယွဲ့ဝါကျင်းအား စူးစူးရှရှစိုက်ကြည့်ရင်း လှမ်းထွက်လာနေခြင်း ဖြစ်သည်။

ဓားတစ်ချက်ခန်းချောင်၏မျက်ခုံးအစုံသည် ကုပ်ဆင်းသွားလေသည်။

တစ်ချိန်တည်းမှာပင် ယွဲ့ဝါကျင်း၏ကြည်လင်သော ရယ်မောသံမှာ တိခနဲပြတ်တောက်သွားသည်။

ယင်းတဒင်္ဂအချိန်လေးမှာပင် ...

အနက်ရောင်ဝတ်ဆင်ထားသော လူနှစ်ယောက်သည် ကျောင်းရှေ့သို့ ရောက်ရှိလာပြီဖြစ်လေတော့သည်။

❊

www.burmeseclassic.com

www.burmeseclassic.com



အနက်ရောင်ဝတ်ဆင်ထားသော လူနှစ်ယောက်သည် ယွဲ့ဝါကျင်းရှေ့သို့ ရောက်ရှိလာကြလေသည်။

သူတို့၏မျက်ဝန်းနှစ်စုံသည် ယွဲ့ဝါကျင်းအား ခြေဆုံးခေါင်းဆုံး အပြန်အလှန်ကြည့်ရင်း ရှုံ့မွက်၏အရိပ်အယောင်များ ပေါ်လွင်လာ၏။

ပိန်ရှည်ရှည်လူက အားပါးတရပြုံးလိုက်သည်။

"ညီလေး ... အင်မတန်ရှားပါးတဲ့ ရတနာတစ်ပါးကို ကျုပ်တို့ အပြီးတိုင် ဆုံးရှုံးလိုက်ရပြီထင်နေတာ ... အခုတော့ စားရတဲ့ကံကြီးလို့ မုတ်ဆိတ်ပျားစွဲနေပါပေါ့လား ... ဟီး ဟီး ဟီး"

ကျန်လူက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါရဲ့ ... ဒီတစ်ခါတော့ ကျုပ်တို့ သူ့ကို အလွတ်ပေးစရာမလိုတော့ဘူး အစ်ကိုကြီး"

ပြောပြီး ရှေ့သို့ တစ်လှမ်းတိုးလိုက်သည်။

ယွဲ့ဝါကျင်းသည် ထိတ်လန့်တုန်လှုပ်သွားလေသည်။

သူမသည် ဓားတစ်ချက်ခန်းချောင်၏လက်ကို တင်းကျပ်စွာဆုပ်ကိုင်ရင်း အသံတုန်တုန်ယင်ယင်ဖြင့် ...

"အစ် ... အစ်ကို ... သူ ... သူတို့က ကင်းမြီးကောက်



ညီနောင်၊ တစ်ချိန်က ကျွန် ... ကျွန်မအဒေမေကို သတ်ခဲ့တယ်"

ဓားတစ်ချက်ခန်းချောင်၏မျက်လုံးအစုံ နဖူးပေါ် ခုန်တက်သွားလေသည်။

သို့သော် သူသည် စကားတစ်ခွန်းမျှမပြောဘဲ ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ ငြိမ်သက်စွာရပ်နေ၏။

ကင်းမြီးကောက်ညီနောင်သည် ယခုမှ ဓားတစ်ချက်ခန်းချောင်အား အကဲခတ်ကြည့်လိုက်မိသည်။

သူတို့၏မျက်လုံးအစုံမှာ ရုတ်တရက်ပြူးကျယ်သွားကြလေသည်။

"ဟင် ... မင်း ... ခင်ဗျားက ဓားတစ်ချက်ခန်းချောင်မဟုတ်လား"

ဓားတစ်ချက်ခန်းချောင်က မျက်မှောင်ကြုတ်လျက် ...

"ခင်ဗျားတို့ ဘာဖြစ်လို့ ဒီလိုပြောနိုင်တာလဲ"

ကင်းမြီးကောက်ညီနောင်အနက် အစ်ကိုကြီးဖြစ်သူက မဲ့ပြုံးပြုံးလိုက်၏။

"မင်းလို ကိုယ့်ရဲ့မွေးစားအဖေကိုတောင် ပြန်သတ်တဲ့ လူယုတ်မာတစ်ယောက်ကို သိုင်းလောကတစ်ခုလုံးက ပုံတူပန်းချီကားတွေဆွဲပြီး ရှုပ်ချစာတန်းတွေ ကပ်ထားတာပဲ မသိဘဲ နေမလား"

www.burmeseclassic.com

www.burmeseclassic.com



ဓားတစ်ချက်ခန်းချောင် သူ့အား စိုက်ကြည့်လိုက်၏။

"တိတ်စမ်း … ကျုပ် ဓားတစ်ချက်ခန်းချောင်က ဘယ်တော့မှ ခွေးဇာတ်မခင်းဘူး"

ဟု အသံကျယ်လောင်စွာ အော်ဟစ်လိုက်၏။

သူ၏အသံ အနည်းငယ်ကျယ်လောင်သွားသဖြင့် မင်းလမ်းမဘေးတစ်ဖက်တစ်ချက်ရှိ စားသောက်ဆိုင်များမှ လူအများသည် ကောင်းစွာကြားလိုက်ရလေသည်။

အမှန်တွင် ယခုကဲ့သို့ ဓားတစ်ချက်ခန်းချောင်က ဒေါသကြီးစွာ အော်ဟစ်လိုက်ခြင်းသည် မိမိ၏အန္တရာယ်ကို ဖိတ်ခေါ်လိုက်သကဲ့သို့ ရှိနေသည် မဟုတ်ပါလော။

သူမသည် ဓားတစ်ချက်ခန်းချောင်၏ လက်ကိုဆွဲကိုင်ကာ ထိုနေရာမှ အမြန်ဆုံးထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။

သို့သော် နောက်ကျသွားချေပြီ။

လမ်းနံဘေးရှိ စားသောက်ဆိုင်ထဲမှ လူဆယ်ယောက်ခန့်တို့သည် လက်နက်ကိုယ်စီ ကိုင်ဆောင်လျက် အသီးသီးလှမ်းထွက်လာနေခြင်းကို တွေ့မြင်လိုက်ရပြီ မဟုတ်ပါလော။

❖



ဓားတစ်ချက်ခန်းချောင်၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာနေလေသည်။

မျက်လုံးအစုံသည် ဒေါသကြောင့် နီရဲနေ၏။

သူသည် မိမိလက်ကို ဆုပ်ကိုင်ထားသော ယွဲ့ဝါကျင်း၏လက်ကို လက်တစ်ဖက်ဖြင့် ဖယ်ရှားလိုက်သည်။

"မင်း တစ်နေရာသွားနေပါ"

ယွဲ့ဝါကျင်းသည် သူ့အား စိုးရိမ်စွာဖြင့် မော့ကြည့်လိုက်၏။

"သူ … သူတို့နဲ့ ရင်ဆိုင်မလို့လား"

ဓားတစ်ချက်ခန်းချောင်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် … ဒီလူတွေထဲမှာ ကျုပ်တို့ နေလကျေးရွာကို ဒုက္ခပေးတဲ့လူ ပါလာမှာသေချာတယ်"

ယွဲ့ဝါကျင်း သက်ပြင်းတစ်ချက် ချလိုက်မိသည်။

ယခုမှ သူမသည် ဓားတစ်ချက်ခန်းချောင် အဘယ်ကြောင့် ယခုကဲ့သို့ အသံကျယ်လောင်စွာ အော်ဟစ်လိုက်သည်ကို သဘောပေါက်မိလေသည်။

အမှန်တွင် ဓားတစ်ချက်ခန်းချောင်က ဤကဲ့သို့ ရန်သူများ

www.burmeseclassic.com

www.burmeseclassic.com



အား ဖိတ်ခေါ်မှသာ နေလကျေးရွာအား ဒုက္ခပေးခဲ့သော ရန်သူကို သဲလွန်စရနိုင်မည်ဟု မှတ်ယူထားသည် မဟုတ်ပါလော။

သို့ရာတွင် ပေါင်၌ ရရှိထားသော ဒဏ်ရာကြောင့် ဓားတစ်ချက်ခန်းချောင်အနေဖြင့် ဤရန်သူများကို နိုင်အောင်တိုက်ခိုက်၍ ရနိုင်ပါ့မလားဟု စိုးရိမ်နေမိလေသည်။

မည်သို့ဆိုစေ ... ယခုကဲ့သို့ အခြေအနေမျိုးတွင် သူမ ရှိနေပါက ဓားတစ်ချက်ခန်းချောင်အတွက် တိုက်ခိုက်ရာတွင် အခက်ကြုံနိုင်သဖြင့် တဖြည်းဖြည်းနောက်သို့ဆုတ်ကာ တိမ်းရှောင်ပေးလိုက်ရလေတော့သည်။

❋

လက်နက်မျိုးစုံကိုင်ဆောင်ထားသော သိုင်းသမားဆယ်ယောက်တို့သည် ဓားတစ်ချက်ခန်းချောင်အား ဝန်းရံထားလိုက်ကြ၏။

ဓားတစ်ချက်ခန်းချောင်သည် အေးစက်စက်မျက်နှာထားဖြင့် ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ မလှုပ်မယှက်ရပ်နေလေသည်။

ကင်းမြီးကောက်ညီနောင်သည် ဝန်းရံလာသော ဂျူဆယ်ယောက်ကိုကြည့်ကာ သဘောကျစွာ ရယ်မောလိုက်၏။

"ဟား ဟား ဟား ... ဓားတစ်ချက်ခန်းချောင်ဆိုတဲ့ကောင်လေးက ကိုယ့်အခြေအနေ ကိုယ်မသိဘဲ ခြင်္သေ့တစ်ကောင်လို ဟိန်းဟောက်နေတာကိုး"

ဓားတစ်ချက်ခန်းချောင် မဲ့ပြုံးပြုံးလိုက်သည်။

"နေလကျေးရွာက ကျေးရွာပိုင်ရှင်ရဲ့ ကိုယ်ရံတော်ဟာ အစဉ်အမြဲ ခြင်္သေ့တစ်ကောင်လိုပဲ ရဲရင့်နေတတ်တယ်ဆိုတာ မင်းတို့ သိထားပါ"

သူသည် ဝန်းရံထားသော လူများအား မျက်လုံးတစ်ချက်ဝေ့ကြည့်ကာ အေးတိအေးစက်ဖြင့် မေးလိုက်၏။

"ပြောစမ်း ... မင်းတို့ထဲက ဘယ်သူက နေလကျေးရွာကို အကောက်ကြံခဲ့တာလဲ၊ ဘယ်သူက နေလကျေးရွာနဲ့ပတ်သက်ပြီး ကျူပ်ကို မဟုတ်မမှန်တဲ့သတင်းနဲ့ လုပ်ကြံခဲ့တာလဲ"

လက်နက်မျိုးစုံကိုင်ဆောင်ထားသော သိုင်းသမားဆယ်ယောက်အနက် ကြီးမားသည့် ရဲတင်းကိုင်ဆောင်ထားသော လူဝကြီးတစ်ယောက်က ရှေ့သို့ တိုးထွက်လာလေသည်။

"ဓားတစ်ချက် ... မင်း ဘာမှလုပ်ညှိပတ်လိမ်ညာဖို့ ကြိုးစားမနေနဲ့၊ နေလကျေးရွာပိုင်ရှင် သခင်ကြီးတုကိုသတ်ပြီး ယူထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



နေလသိုင်းကျမ်းဟာ မင်းအုကျိုရဲ့ကော်လံထဲမှာ ရှိတယ်ဆိုတာ ကျုပ်တို့ သတင်းအတိအကျရထားတယ်"

ဓားရှည်ကိုင်ဆောင်ထားသော လူကလည်း အော်ငေါက်လိုက်၏။

"ဟုတ်တယ် ခန်းချောင် ... မင်း ဆက်ပြီး အသက်ရှူခွင့်ရချင်သေးတယ်ဆိုရင် နေလသိုင်းကျမ်းကို ထုတ်ပေးပါ"

ဓားတစ်ချက်ခန်းချောင်သည် သူတို့အားကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားတို့ တကယ်မသိတတ်တဲ့လူတွေပဲ၊ နေလသိုင်းကျမ်းဆိုတာ နေလကျေးရွာရဲ့ မူပိုင်တီထွင်ထားတဲ့ သိုင်းကျမ်းပါ။ ခင်ဗျားတို့နဲ့ တန်ပါ့မလား"

ထိုစကားကြောင့် ဝန်းရံထားသော လူများ၏မျက်နှာများ မည်းမှောင်သွားကြလေသည်။

သူတို့သည် စကားမပြောကြတော့ပါ။

တစ်ယောက်နှင့်တစ်ယောက် မျက်ရိပ်ပြကာ ပြိုင်တူဝင်ရောက်တိုက်ခိုက်လိုက်ကြလေတော့သည်။

❊ ❊ ❊



## အခန်း (၁၄)

တိုက်ပွဲသည် ပြင်းထန်နေ၏။

ယွဲ့ဝါကျင်းသည် တိုက်ပွဲကို ရှောင်တိမ်းရင်း စားသောက်ဆိုင်တစ်ဆိုင်၏တံခါးဝသို့ ရောက်ရှိလာလေသည်။

သူမရင်ထဲတွင် ဓားတစ်ချက်ခန်းချောင်အတွက် စိုးရိမ်ရလွန်းသဖြင့် မျက်လုံးလေးများ ဝိုင်းစက်ပြူးကျယ်နေ၏။

ယင်းအချိန် လက်တစ်ဖက်က သူမ၏ပခုံးအား လာရောက်ဆုပ်ကိုင်ခြင်းကို ခံစားလိုက်ရလေသည်။

"အမယ်လေး"

သူမ ထိတ်လန့်စွာ ရေရွတ်ရင်း ချာခနဲလှည့်ကြည့်လိုက်၏။

မိမိနှင့်အသက်အရွယ် မတိမ်းမယိမ်းရှိသော ပန်းနုရောင်ဝတ်ဆင်ထားသည့် မိန်းကလေးတစ်ယောက်က ပြုံးလျက် ကြည့်နေခြင်းကို တွေ့မြင်လိုက်ရသည်။

သူမ၏ပြုံးဟန်မှာ ချိုလွင်၍ အလွန်အထက်တန်းကျသည်

www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့မြင်လိုက်ရလေသည်။

အလွန်ချောမောလှပသော မိန်းကလေးတစ်ယောက်ဖြစ်သည်။

ယွဲ့ဝါကျင်းသည် မိန်းကလေး၏မျက်နှာအား ငေးမော ကြည့်ရင်း ဖြည်းညင်းစွာ ဖယ်ရှားကာ လူဆယ်ယောက်နှင့် တိုက်ခိုက် နေသည်ကို ဓားတစ်ချက်ခန်းချောင်ထံသို့ ညွှန်ပြလိုက်၏။

"ရှင်က သူနဲ့အတူပါလာတာ မဟုတ်လား"

ယွဲ့ဝါကျင်းသည် ခေါင်းညိတ်ပြလိုက်၏။

မိန်းကလေးသည် ပြုံး၍ ထပ်မံမေးလိုက်သည်။

"သူက ဓားတစ်ချက်ခန်းချောင်ဖြစ်တယ်လို့ စားသောက် ဆိုင်ထဲကလူတွေ ပြောသံကြားလိုက်မိတယ် ... အဲဒါ ဟုတ်လား"

ယွဲ့ဝါကျင်းသည် ဒုတိယအကြိမ် ခေါင်းညိတ်လိုက်၏။

မိန်းကလေးသည် စကားမပြောတော့ပါ။

ချာခနဲလှည့်ကာ စားသောက်ဆိုင်ထဲသို့ ပြေးဝင်သွား သည်။

ယွဲ့ဝါကျင်း အံ့သြသွားမိ၏။

ဤမိန်းကလေးသည် မည်သူနည်း။

အဘယ်ကြောင့် ဓားတစ်ချက်ခန်းချောင်အကြောင်းကို လာ



ရောက်စုံစမ်းသွားပါသနည်း။

ဓားတစ်ချက်ခန်းချောင်၏မိတ်ဆွေလော။

ရန်သူလော ...

သူမ ယင်းသို့စဉ်းစားကာ ငေးငိုင်နေမိလေတော့၏။

❋

ယွဲ့ဝါကျင်းသည် ငေးငိုင်လျက် စဉ်းစားနေမိ၏။

ထိုအချိန် ...

"အား"

"အီး"

"အွန့်"

စူးရှနာကျင်သော အော်ဟစ်သံများ ဆူညံစွာထွက်ပေါ်လာ ခြင်းကို ကြားလိုက်ရလေသည်။

ယင်းအသံများကြောင့် သူမ ထိတ်လန့်တကြားဖြင့် ဓားတစ် ချက်ခန်းချောင်ထံသို့ လှမ်းကြည့်လိုက်၏။

လူဆယ်ယောက်အနက် သုံးယောက်သည် ဓားတစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ခန်းချောင်၏ခြေထောက်အနီးတွင် လဲကျသေဆုံးနေခြင်းကို တွေ့မြင်လိုက်ရသည်။

သူမ အံ့ဩသွားမိ၏။

ဓားတစ်ချက်ခန်းချောင်သည် အရိုးပျော့အဆိပ်သောက်ထားသော်လည်း ရန်သူသုံးယောက်အား တဒင်္ဂအချိန်အတွင်း အနိုင်ယူနိုင်သည် မဟုတ်ပါလော။

သူမ အံ့ဩစွာကြည့်နေစဉ် ...

ကျန်လူစုနစ်ယောက်အနက် နှစ်ယောက်သည် ဓားတစ်ချက်ခန်းချောင်အား ရှေ့နောက်ညှပ်ကာ တိုက်ခိုက်လိုက်ကြ၏။

ဓားတစ်ချက်ခန်းချောင်သည် မဲ့ပြုံးပြုံးကာ ရတ်တရက် လေထဲသို့ ခုန်တက်သွား၏။

တစ်ချိန်တည်းမှာပင် ...

သူ၏ဓားသည် စကြာသဏ္ဍာန် ဝှေ့ယမ်းသွား၏။

ရှေ့နောက်ညှပ်၍ တိုက်ခိုက်လာသော လူနှစ်ယောက်၏လည်ပင်းတွင် အနီစင်းတစ်ခုသည် ကန့်လန့်ဖြတ်အနေအထားဖြင့် ပေါ်လွင်လာလေသည်။

ယင်းနောက် ... သူတို့လက်ထဲမှ ဓားများ လွတ်ကျသွား၏။

သူတို့၏ခန္ဓာကိုယ်များမှာလည်း မြေပေါ်သို့ ပြိုကျသွား



လေသည်။

ယွဲ့ဝါကျင်းသည် ဝမ်းသာအားရဖြင့် လက်ခုပ်လက်ဝါးတီးလိုက်၏။

"ကောင်းတယ် ... ကောင်းတယ်၊ ဒီလိုလူယုတ်မာတွေသေတာ ကောင်းတယ်"

သူမ၏စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားလေသည်။

အကြောင်းကား ...

ဓားတစ်ချက်ခန်းချောင်၏ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ခါလာကာ မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်များ ကျဆင်းလာခြင်းကို တွေ့မြင်လိုက်ရသောကြောင့်ဖြစ်၏။

သူမသည် ထိတ်လန့်သွား၏။

ဓားတစ်ချက်ခန်းချောင်သည် ရန်သူများနှင့် ပြင်းပြင်းထန်ထန်တိုက်ခိုက်လိုက်သဖြင့် အရိုးပျော့အဆိပ်များ ပျံ့နှံ့လာပြီဟု နားလည်လိုက်သည် မဟုတ်ပါလော။

သူမ ယင်းသို့နားလည်လိုက်သည်နှင့် တစ်ပြိုင်နက် ဓားတစ်ချက်ခန်းချောင်ထံသို့ ပြေးသွားသွားကာ ကူညီတိုက်ခိုက်ရန် ဟန်ပြင်လိုက်၏။

သို့သော် ... ရုတ်တရက် စူးကြည့်လွင်သောအသံကြောင်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ရှာခနဲလှည့်ကြည့်လိုက်မိသည်။

"ယန်ရှာ ... မြန်မြန် ... မြန်မြန် သူ့ အခြေအနေအတော် ဆိုးနေပြီ"

ယင်းအသံနှင့်အတူ ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးသည် လူရွယ်တစ်ယောက်၏လက်ကိုဆွဲလျက် စားသောက်ဆိုင်ထဲမှ ပြေးထွက်လာ၏။

လူရွယ်သည် အသက်နှစ်ဆယ့်ငါးနှစ်ခန့်ရှိပြီဖြစ်ပြီး ခန္ဓာကိုယ်ပေါ်တွင် အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

ရုပ်ရည်သန့်ပြန့်ချောမောကာ စူးရှသောမျက်ဝန်းအစုံက ဓားတစ်ချက်ခန်းချောင်အား အကဲခတ်ကြည့်နေ၏။

သူသည် ရုတ်တရက် ခြေလှမ်းရပ်တန့်ကာ ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးအား လှည့်ကြည့်လိုက်သည်။

"ယို့ကူး ... သူက ဓားတစ်ချက်ခန်းချောင် ဟုတ်လား"

ယို့ကူးဆိုသော မိန်းကလေးသည် စိတ်မရှည်ဟန်ဖြင့် ခြေထောက်တစ်ချက် ဆောင့်လိုက်သည်။

သူမသည် ယွဲ့ဝါကျင်းအား ညွှန်ပြလိုက်၏။

"ရှင် တော်တော်ခက်ပါလား၊ ကျွန်မက သူ့ကို သေချာမေးပြီးမှ ရှင့်ကိုလာခေါ်တာရှင့်"



သူမတို့နှစ်ယောက် အချီအချစကားပြောနေစဉ် ...

ဓားတစ်ချက်ခန်းချောင်အား တိုက်ခိုက်နေသော လူငါးယောက်အနက် လူသုံးယောက်သည် ဓားတစ်ချက်ခန်းချောင်အား တိုက်ခိုက်လိုက်ကြ၏။

ဓားတစ်ချက်ခန်းချောင်သည် ဓားကို ဝှေ့ယမ်းကာကွယ်လိုက်သည်။

'ချွမ် ... ချွမ် ... ချွမ်'

သံသံချင်း ထိသံနှင့်အတူ ဝင်ရောက်တိုက်ခိုက်သော လူသုံးယောက်သည် နောက်သို့ ခြေတစ်လှမ်းခန့် ဆုတ်သွား၏။

ဓားတစ်ချက်ခန်းချောင်ကလည်း ခြေသုံးလှမ်းခန့် ဆုတ်သွား၏။

သူ၏နဖူးပြင်မှ ချွေးများသည် ဇီးသီးလုံးခန့် စီးဆင်းကျနေသော်လည်း ဓားကို မြေပြင်ပေါ်သို့ ထောက်၍ ခါးကို မတ်ကာရပ်နေလေသည်။

ထိုအချိန် ... ဝန်းရံတိုက်ခိုက်နေသော လူငါးယောက်အနက် တစ်ယောက်သည် လက်တစ်ချက်ဝှေ့ယမ်းလိုက်၏။

'ဝုန်း'

ရုတ်တရက် ပိုက်ကွန်တစ်ခုသည် ဓားတစ်ချက်ခန်းချောင်၏

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်ပေါ်သို့ လွှမ်းခြုံလာလေသည်။

ဓားတစ်ချက်ခန်းချောင်၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

ဓားကို ဝှေ့ယမ်းကာ ထိုနေရာမှ ခုန်ထွက်ရန် ဟန်ပြင်လိုက်သည်။

သူသည် ယခုကဲ့သို့ တစ်ဖက်ရန်သူ၏ပိုက်ကွန်နှင့် ဖမ်းဆီးခြင်းကို အကြိမ်ကြိမ်ခံခဲ့ရဖူးလေသည်။

ထိုအကြိမ်တိုင်းတွင် သူသည် ယခုကဲ့သို့ လေထဲပန်းကြသိုင်းကွက်ဖြင့် ပိုက်ကွန်နှင့် ဖမ်းဆီးမှုအန္တရာယ်မှ လွတ်မြောက်ရန်ကြိုးစားနိုင်ခဲ့လေသည်။

သို့သော် ... ယခုတစ်ကြိမ် သူလေထဲသို့ ခုန်တက်လိုက်စဉ်ရင်ဝ၌ ဆူးအောင့်ပူလောင်သော ဝေဒနာဆိုးကို ခံစားလိုက်ရပြီး ခန္ဓာကိုယ်တစ်ခုလုံး ပျော့ခွေလာ၏။

ယင်းကြောင့် ပိုက်ကွန်သည် သူခန္ဓာကိုယ်အား သိမ်းကျုံးအုပ်မိသွားလေတော့သည်။

❁



ပိုက်ကွန်သည် ဓားတစ်ချက်ခန်းချောင်၏ခန္ဓာကိုယ်အား သိမ်းကျုံးအုပ်မိသွား၏။

သူသည် ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် ရှိသမျှအင်အားကို စုစည်းကာ ပိုက်ကွန်အား ခုတ်ဖြတ်လိုက်သည်။

သို့သော် ပိုက်ကွန်သည် နွားသားရေဖြင့် အထူးစီမံထားသဖြင့် မာကျောလှပေသည်။

ထို့ပြင် သူ့ခန္ဓာကိုယ်၌ အင်အားများ ထူးဆန်းစွာ လျော့ကျသွားသည်ဟု ခံစားလိုက်မိ၏။

သူ၏ရင်ထဲ၌ ထိတ်လန့်လာလေသည်။

ယင်းအချိန် ...

ပိုက်ကွန်၏တစ်ဖက် ကြိုးကိုကိုင်ဆောင်ထားသော လူသည် စားသောက်ဆိုင်တစ်ဆိုင်ရှေ့ရှိ မြင်းညိုတစ်ကောင်ပေါ်သို့ လျင်မြန်စွာ ခုန်တက်လိုက်၏။

တစ်ဆက်တည်းမှာပင် ...

မြင်းကို ဒုန်းစိုင်းကာ မောင်းနှင်သွား၏။

ထိုလူ၏ဟန်မူရာသည် ဓားတစ်ချက်ခန်းချောင်အား တစ်ဦးတည်းအပိုင်ဆီးကာ ခေါ်ဆောင်သွားလျှင် နေလသိုင်းကျမ်းကို ရနိုင်မည်ဟု ယုံကြည်နေဟန်တူ၏။

www.burmeseclassic.com

www.burmeseclassic.com



ဓားတစ်ချက်ခန်းချောင် မည်သို့မျှ မတတ်နိုင်တော့ပါ။

သူသည် ဗိုက်ကွန့်ထဲတွင် ပုစွန်ထုပ်ပမာ ကွေးကောက်လျက် မြင်း၏ပြေးလမ်းကြောင်းအတိုင်း တရွတ်တိုက် ပါရှိလာ၏။

ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ပွန်းရှသော ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားနေရလေသည်။

သို့သော် ... ရုတ်တရက် သူ့အား ဆွဲခေါ်လာသောလူထံမှ စူးရှသော အော်ဟစ်သံ ထွက်ပေါ်လာ၏။

တစ်ဆက်တည်းမှာပင် ...

မြင်း၏ပြေးနှုန်း ရပ်တန့်သွားလေသည်။

ဓားတစ်ချက်ခန်းချောင် အံ့သြစွာမော့ကြည့်လိုက်ရာ ...

မြင်းပေါ်တွင် အနက်ရောင်ဝတ်ဆင်ထားသော လူရွယ်တစ်ယောက် ထိုင်နေခြင်းကို တွေ့မြင်လိုက်ရ၏။

ဓားတစ်ချက်ခန်းချောင် မှဲ့ပြုံးပြုံးလိုက်သည်။

သူ့အား သိုင်းလောကသားများအားလုံးက နေလသိုင်းကျမ်းနှင့် ရတနာမြေပုံရရှိရေးအတွက် ပြင်းပြင်းထန်ထန် လုယက်တိုက်ခိုက်နေကြသည် မဟုတ်ပါလော။

ထို့ကြောင့် ယခု သူ့အား အနက်ရောင်ဝတ်ဆင်ထားသော လူရွယ်မှာ နေလသိုင်းကျမ်းနှင့် ရတနာမြေပုံအကြောင်း မေးမြန်း



လိမ့်မည်ဟု ယုံကြည်နေ၏။

သို့သော် ... အနက်ရောင်ဝတ်ဆင်ထားသော လူရွယ်က နေလသိုင်းကျမ်းနှင့် ရတနာမြေပုံအကြောင်း မေးမြန်းခြင်း မပြုပါ။

ထိုလူရွယ်၏မျက်ဝန်းအစုံသည် ဓားတစ်ချက်ခန်းချောင်အား ဝန်းရံတိုက်ခိုက်ခဲ့ကြသော လူများအား စူးရှသောမျက်လုံးအစုံဖြင့် ကြည့်ကာ အေးတိအေးစက်ဖြင့် ပြောလိုက်သည်။

"ခင်ဗျားတို့အားလုံး နားထောင်ပါ။ သူ့ကိုထပ်ပြီး တိုက်ခိုက်လာရင် ကျုပ်က လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး"

သူ့စကားကြောင့် ဓားတစ်ချက်ခန်းချောင်က အလွန်အံ့သြသွား၏။

သူသည် ထိုလူရွယ်အား တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးပါ။

ဤသို့ဆိုလျှင် ...

ထိုလူက အဘယ်ကြောင့် မိမိအား ကယ်တင်ပါသနည်း။

❋

ဓားတစ်ချက်ခန်းချောင်သည် အနက်ရောင်ဝတ်ဆင်သော

www.burmeseclassic.com

www.burmeseclassic.com



လူရွယ်အား ပိုက်ကွန်များကြားမှ ချောင်းကြည့်ရင်း တွေဝေစဉ်းစား နေ၏။

အနက်ရောင်ဝတ်ဆင်ထားသော လူရွယ်က သူ့အား မကြည့်ပါ။

သူ၏စူးရှသော မျက်ဝန်းအစုံသည် ဓားတစ်ချက်ခန်းချောင် နှင့် တိုက်ခိုက်ခဲ့သည့် လူတစ်ဆယ့်နှစ်ယောက်အနက် ကျန်ရှိသော လူများအား စိုက်ကြည့်နေ၏။

ကျန်ရှိသော လူခုနစ်ယောက်အနက် ကင်းမြီးကောက်ညီ နောင်အစ်ကိုကြီးသည် ထိုလူရွယ်အား မျက်မှောင်ကြုတ်လျက် မေး လိုက်၏။

"မင်း ဘယ်သူလဲ၊ ဒီကိစ္စကို ဝင်မရှုပ်ရင် အသက်ရှည်လိမ့် မယ်"

အနက်ရောင်ဝတ်ဆင်ထားသော လူရွယ်က မဲ့ပြုံးပြုံးလိုက် သည်။

ယင်းအချိန် ...

စားသောက်ဆိုင်တစ်ဆိုင်ထဲမှ ပန်းနုရောင်ဝတ်ဆင်ထား သော မိန်းကလေးတစ်ယောက် ပြေးထွက်လာလေသည်။

သူမသည် မြင်းပေါ်မှ လူရွယ်အနက်ရောင်ဝတ်ဆင်ထား



သော လူရွယ်အား ညွှန်ပြကာ ...

"ရှင်တို့က သူ့နာမည် မေးနေတာလား"

သူ့အသံသည် ကြည်လွင်ပြီး ဆွဲဆောင်မှုရှိလှ၏။

ကင်းမြီးကောက်ညီနောင် အစ်ကိုကြီးက ခေါင်းညိတ်လိုက် သည်။

"ဟုတ်တယ်"

ပန်းနုရောင်ဝတ်ဆင်ထားသော မိန်းကလေးက လှပစွာ ပြုံးလိုက်၏။

"ကောင်းပြီ ... ကျွန်မ ပြောပြမယ်၊ သူ့နာမည်က တုယန့် ရှာတဲ့၊ မြောင်ကျွမ်းနယ်ခြားဒေသက သိုင်းလောကသားတွေကတော့ သူ့ကို ဓားပါရဂူလို့ ခေါ်ကြတယ်"

သူမ၏စကားဆုံးသည်နှင့် အားလုံးသောလူများက ထိတ် လန့်သွားကြသည်။

သူတို့သည် အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသော လူရွယ် အား ပြုံးကျယ်သောမျက်ဝန်းအစုံဖြင့်ကြည့်ကာ နောက်သို့ တစ် လှမ်းချင်း ဆုတ်သွားကြလေ၏။

❊ ❊ ❊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

ဓားပါရဂူတုယန်ရှာ ...

ဓားပါရဂူတုယန်ရှာသည် မြောင်နယ်ခြားဒေသ၌ လျှမ်းလျှမ်းတောက်ကျော်ကြားသော ဓားသမားတစ်ယောက်ဖြစ်သည်။

သူ၏ကျော်ကြားမှုအရှိန်အဟုန်သည် နယ်ခြားဒေသမှ တစ်ဆင့်စကား တစ်ဆင့်နားနှင့် ပြည်မရှိ သိုင်းသမားများအားလုံးထံသို့ ပျံ့နှံ့လာ၏။

ထို့ကြောင့် သူ၏အမည်ကို သိုင်းလောကသားတိုင်း အားလုံးကြားခဲ့ဖူးသဖြင့် ယခုကဲ့သို့ တိမ်းရှောင်သွားခြင်းဖြစ်သည်။

အမှန်တွင် ...

သူတို့အားလုံးသည် ဓားပါရဂူတုယန်ရှာနှင့် ဓားတစ်ချက်ခန်းချောင်တို့ကသာ လက်တွဲမိသွားပါလျှင် မိမိတို့အတွက် အခြေအနေမကောင်းနိုင်ကြောင်း ယုံကြည်ထားသောကြောင့် ဖြစ်၏။

သို့သော် ... ယခု ဓားတစ်ချက်ခန်းချောင်သည် အရိုးပျော့



အဆိပ်ဒဏ်ကို ခံစားနေရလေသည်။

အကယ်၍သာ ကင်းမြီးကောက်ညီနောင်နှင့် ကျန်လူငါးယောက်က ဤအချက်ကို သိရှိခဲ့ပါလျှင် ...

သူတို့သည် လူအင်အားနှင့် ဓားပါရဂူတုယန်ရှာအား ဝန်းရံတိုက်ခိုက်ကာ ဓားတစ်ချက်ခန်းချောင်ထံမှ နေလသိုင်းကျမ်းနှင့် ရတနာမြေပုံကို ရယူနိုင်ရန် ကြိုးစားကြမည်သာ ဖြစ်၏။

ဓားတစ်ချက်ခန်းချောင်သည် ပိုက်ကွန်ထဲ၌ ပုဇွန်ထုပ်ပမာ ကွေးနေရင်းမှ ဤအချက်ကို စဉ်းစားမိသောအခါ သက်ပြင်းတစ်ချက် ကျိတ်၍ ချလိုက်မိလေတော့သည်။

❋

ဓားတစ်ချက်ခန်းချောင်သည် သက်ပြင်းတစ်ချက် ကျိတ်၍ ချလိုက်၏။

ဓားပါရဂူတုယန်ရှာသည် ပန်းနုရောင်ဝတ်စုံဝတ်ဆင်ထားသော မိန်းကလေးအားကြည့်ကာ လက်တစ်ချက်ဝှေ့ယမ်းပြလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ယို့ကူး ... သူ့ကို ပိုက်ကွန်ထဲက ထုတ်လိုက်"

ပြောရင်း ပိုက်ကွန်၏ကြိုးစကို လက်တစ်ဖက်ဖြင့် ဖမ်းဆီ လိုက်ပြီး ဓားတစ်ချက်ခန်းချောင်အား အုပ်မိထားသည့် ပိုက်ကွန်ကြိုး စကို ဖြေပေးလိုက်သည်။

ဓားတစ်ချက်ခန်းချောင်သည် ပိုက်ကွန်ထဲမှ ရုန်းထွက်လိုက် ၏။

ရုတ်တရက် ပေါင်မှ ပြင်းထန်သော နာကျင်မှုကြောင့် ခန္ဓာ ကိုယ် တစ်ချက်ယိမ်းယိုင်သွားသည်။

ယို့ကူးသည် သူ့အား သွက်လက်စွာဖြင့် ဖေးမထားလိုက် သည်။

ဓားတစ်ချက်ခန်းချောင်က သူမအား အားတုံ့အားနာဖြင့် ကြည့်လိုက်လေသည်။

ယို့ကူးသည် သူ့အား လှပစွာ ပြုံးပြလိုက်၏။

"ရှင် ... ဒဏ်ရာပြင်းပြင်းထန်ထန်ရထားသလား"

ဓားတစ်ချက်ခန်းချောင်သည် ခေါင်းကို ဖြည်းညင်းစွာ ခါ ယမ်းလိုက်၏။

"နည်းနည်းပါးပါး"

ယို့ကူးက သူ၏ပေါင်အား ခေါင်းငုံ့ကြည့်လိုက်သည်။



ဓားတစ်ချက်ခန်းချောင်သည် ပြင်းပြင်းထန်ထန် လှုပ်ရှား လိုက်သဖြင့် ပေါင်မှနီရဲသော သွေးများသည် ဘောင်းဘီတွင် စွန်း ထင်းစိမ့်ထွက်နေခြင်းကို တွေ့မြင်လိုက်ရ၏။

"အို ... ရှင့်ဒဏ်ရာ မနည်းပါဘူး၊ ကျွန်မတို့နဲ့ လိုက်ခဲ့ပါ"

ဟု ဖိတ်ခေါ်လိုက်၏။

ဓားတစ်ချက်ခန်းချောင် သူမအား စေ့စေ့ကြည့်လိုက်၏။

"ခင်ဗျားကိုကြည့်ရတာ ကျုပ်ကို ခင်ဗျားတို့နဲ့အတူ လိုက်ခဲ့ စေချင်တယ် ထင်တယ်"

ယို့ကူး၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

သို့သော် သူမသည် ဣန္ဒြေဆယ်ကာ ပြုံးလိုက်၏။

"ရှင် ... ကျွန်မတို့အပေါ် သံသယမထားပါနဲ့ရှင်၊ ကျွန်မတို့ က ရှင့်ကို ကူညီချင်လို့ပါ"

ဓားတစ်ချက်ခန်းချောင် ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားတို့ရဲ့ကူညီမှုကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ... ကျုပ်က အရေးကြီးတဲ့တာဝန်တွေ ရှိနေသေးလို့ ခင်ဗျားတို့နဲ့ မလိုက် နိုင်ပါဘူး"

ယို့ကူးက ပခုံးတစ်ချက်တွန့်ကာ ဓားပါရဂူတုယန့်ရှာထံသို့ လှမ်းကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



တုယန့်ရှာက ဓားတစ်ချက်ခန်းချောင်အား စေ့စေ့ကြည့်လိုက်၏။

"မင်းက လိုက်ချင်သည်ဖြစ်စေ၊ မလိုက်ချင်သည်ဖြစ်စေ ကျုပ်က ရအောင်ခေါ်ရမှာပဲ"

ဓားတစ်ချက်ခန်းချောင်သည် သူ့အား အေးတိအေးစက် မျက်လုံးအစ်ဖြင့် စိုက်ကြည့်လိုက်၏။

"သေချာရဲ့လား"

ဓားပါရဂူတုယန့်ရှာ နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်သည်။

"လူမှန်းသိစအရွယ်ကတည်းက ကျုပ် မသေချာတဲ့ကိစ္စကို စကားမပြောဘူး"

ဓားတစ်ချက်ခန်းချောင် မဲ့ပြုံးပြုံးလိုက်၏။

"ဟုတ်လား၊ ဒါပေမဲ့ ကျုပ်က လက်တွေ့မဟုတ်ရင် မယုံတတ်ဘူး"

ဓားပါရဂူတုယန့်ရှာက ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ ... မင်း လက်တွေ့မြင်စေရမယ်"

ပြောပြီး ကျောတွင်ပိုးလွယ်ထားသော ဓားကို ဆွဲထုတ်ကာ မြင်းပေါ်မှ ခုန်ဆင်းလိုက်၏။

ဓားတစ်ချက်ခန်းချောင်ကလည်း သူ့အား စေ့စေ့ကြည့်ရင်း



ဓားကို ရင်ဝရှေ့တွင် ကန့်လန့်ဖြတ် ဆွဲကိုင်ထားလိုက်သည်။

သို့သော် ... အဆိပ်ဝေဒနာကို ခံစားနေရသဖြင့် သူ့လက်များ တဆတ်ဆတ်တုန်ခါနေ၏။

ဓားပါရဂူတုယန့်ရှာ၏မျက်ခုံးအစုံ နဖူးပေါ်သို့ ခုန်တက်သွားသည်။

"ဩော် ... မင်း အဆိပ်မိထားတာကိုး"

ဓားတစ်ချက်ခန်းချောင် မဲ့ပြုံးပြုံးလိုက်သည်။

"ဒါ ကျုပ်ကိစ္စပါ၊ ခင်ဗျားတိုက်ခိုက်ဖို့ အသင့်ပြင်ထားပေတော့"

ဓားပါရဂူတုယန့်ရှာသည် ခေါင်းတစ်ချက် ခါယမ်းလိုက်၏။ ယင်းနောက် ဓားကို ဓားအိမ်ထဲသို့ ပြန်ထည့်လိုက်သည်။

ဓားတစ်ချက်ခန်းချောင် မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

"ဘာလဲ ... ခင်ဗျား ကျုပ်ကို ခေါ်သွားဖို့ အစီအစဉ် ဖျက်လိုက်ပြီလား"

ဓားပါရဂူတုယန့်ရှာ မချိုပြုံးပြုံးလိုက်သည်။

"ဒီအစီအစဉ်ကို ဘယ်တော့မှ မဖျက်ဘူး ... ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ"

"ဒါပေမဲ့ မင်း အဆိပ်တွေ ခန္ဓာကိုယ်ထဲက ဖယ်ရှားပြီးတဲ့

www.burmeseclassic.com

www.burmeseclassic.com



နေ့ကျမှပဲ ခေါ်သွားမယ်"

ဓားတစ်ချက်ခန်းချောင် အနည်းငယ်အံ့ဩသွား၏။

သူသည် ဓားပါရဂူတုယန့်ရှာအား လေးစားသောမျက်လုံးအစုံဖြင့် ကြည့်လိုက်သည်။

"ကျုပ်ဆီက နေလသိုင်းကျမ်းနဲ့ ရတနာမြေပုံရယူချင်လို့ လိုက်နေကြတဲ့လောဘသားတွေထဲမှာ ခင်ဗျားတစ်ယောက်ပဲ နည်းနည်းသိုင်းလောကသား ပီသတယ်"

ဓားပါရဂူတုယန့်ရှာသည် သူ့အား စူးရှသောမျက်ဝန်းအစုံဖြင့် စိုက်ကြည့်ကာ ခေါင်းခါယမ်းလိုက်၏။

"မင်း မှားနေပြီ၊ ကျုပ်က မင်းဆီက နေလသိုင်းကျမ်းနဲ့ ရတနာမြေပုံကို ရယူချင်လို့ လိုက်နေတဲ့ သိုင်းလောကသားတစ်ယောက် မဟုတ်ဘူး"

ဓားတစ်ချက်ခန်းချောင် အနည်းငယ် စိတ်ဝင်စားလာ၏။

"နေပါဦး ... ဒါဆိုရင် ခင်ဗျား ကျုပ်ကို ခေါ်သွားချင်တဲ့ ရည်ရွယ်ချက်က ဘာလဲ"

ဓားပါရဂူတုယန့်ရှာ၏မျက်နှာတစ်ခုလုံး လေးနက်တည်ကြည်လာလေသည်။

"လူတစ်ယောက်က မင်းကို တွေ့ချင်လို့"



ဓားတစ်ချက်ခန်းချောင် ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် ... အဲဒီလူကလည်း နေလသိုင်းကျမ်းနဲ့ ရတနာမြေပုံအတွက် ကျုပ်ကို ခေါ်ခိုင်းတာ မဟုတ်လား"

ဓားပါရဂူတုယန့်ရှာသည် သူ့အား စိတ်ပျက်လက်ပျက်ဖြင့် ကြည့်ကာ ခေါင်းခါယမ်းလိုက်၏။

"မင်း ထပ်မှားပြန်ပြီ၊ အဲဒီလူက မင်းကို ကူညီချင်လို့ ခေါ်ခိုင်းတာပါ"

ဓားတစ်ချက်ခန်းချောင်သည် သူ့စကားကို ကြားလိုက်ရသောအခါ မျက်ခုံးတစ်ချက်ပင့်ကာ အားပါးတရ ရယ်မောလိုက်၏။

"ဟား ... ဟား ... ဟား ... ကျုပ်ကို နေလကျေးရွာပျက်ဆီးသွားတဲ့အချိန်ကစပြီး လူတွေအားလုံးက ကျုပ်ဆီက နေလသိုင်းကျမ်းနဲ့ ရတနာမြေပုံကို ရယူချင်လို့ ပြောင်တိုက်တာတစ်မျိုး၊ ချောင်းတိုက်တာတစ်ဖုံ စာနဲ့ရေးပြီး ချိန်းဆိုတိုက်ခိုက်တာတစ်သွယ်၊ အမျိုးစုံ တိုက်ခိုက်ကြတယ်"

သူသည် ဓားပါရဂူတုယန့်ရှား လက်ညှိုးထိုးကာ စကားဆက်လိုက်သည်။

"ခင်ဗျားကျမှပဲ ကျုပ်ကို ကူညီချင်တဲ့ စေတနာရှင်ရှိနေတယ်လို့ ပြောသံကြားရတယ်၊ ဟား ဟား ဟား ... ဒါဟာတကယ်

www.burmeseclassic.com

www.burmeseclassic.com



ရယ်စရာကောင်းတဲ့ ပြက်လုံးတစ်ခုပဲ"

ဓားပါရဂူတုယန့်ရှာသည် သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း ... မင်း ယုံသည်ဖြစ်စေ၊ မယုံသည်ဖြစ်စေ ကျုပ်က တော့ မင်း ခန္ဓာကိုယ်ထဲက အဆိပ်တွေ ဖယ်ရှားသွားတဲ့နေ့ကျရင် လာခေါ်ရလိမ့်မယ်"

သူက ယို့ကူးဘက်သို့ လှည့်ကြည့်လိုက်၏။

"ယို့ကူး ... သူ့ကို အဆိပ်ဖြေဆေးပေးလိုက်"

ယို့ကူးဆိုသော မိန်းကလေးက လှပစွာပြုံးလျက် အင်္ကျီ အိတ်ထဲမှ ကြွေဘူးတစ်ဘူးကိုထုတ်ကာ ဓားတစ်ချက်ခန်းချောင်အား လှမ်းပေးလိုက်သည်။

ဓားတစ်ချက်ခန်းချောင်သည် ကြွေဘူးအား မျက်မှောင် ကြုတ်ကာ ကြည့်လိုက်၏။

"ကျုပ်က သူများပေးကမ်း စွန့်ကြဲမှုနဲ့ အသက်ရှင်သန်ရမှာ ကို မနှစ်သက်ဘူး၊ ဒါကြောင့် ဒီဆေးကို လက်မခံပါရစေနဲ့"

ယို့ကူး၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ရှင် ... ရှင် အတော်ခေါင်းမာတာပဲ"

ဓားပါရဂူတုယန့်ရှာသည် ဓားတစ်ချက်ခန်းချောင်အား စိုက်ကြည့်လိုက်သည်။



သူ၏မျက်ဝန်းအစုံတွင် ဓားတစ်ချက်ခန်းချောင်အား ခင် မင်ရင်းနှီးလိုသောဟန်မူရာများ ပေါ်လွင်လာလေသည်။

"ကောင်းတယ် ... ယောက်ျားဆိုတာ ဒီလိုသတ္တိမျိုး ရှိသင့် တယ်၊ မင်းရဲ့သတ္တိကို လေးစားလို့ ကျုပ် စိတ်ရင်းနဲ့ တစ်ခုပြောခဲ့ပါ ရစေ"

ဓားတစ်ချက်ခန်းချောင်သည် သူ့အား မျက်စိုးပင့်ကာ ကြည့်လိုက်၏။

သူသည် ဓားပါရဂူတုယန့်ရှာအား စကားမပြောပါ။

သို့သော် ... သူ၏မျက်လုံးအစုံသည် ဓားပါရဂူတုယန့်ရှာ ပြောလာမည့်စကားကို စောင့်မျှော်နေဟန် ပေါ်လွင်နေ၏။

ဓားပါရဂူတုယန့်ရှာသည် သူ့အနီးသို့ တစ်လှမ်းချင်း လျှောက်လာသည်။

ဓားတစ်ချက်ခန်းချောင်သည် သတိကြီးစွာထားလျက် သူ့ အား စိုက်ကြည့်နေ၏။

မကြာမီ ... ဓားပါရဂူတုယန့်ရှာသည် သူ၏အနီးသို့ ရောက် ရှိလာကာ ခြေလှမ်းရပ်တန့်လိုက်သည်။

ယင်းနောက် ...

ဝန်းကျင်အား မျက်လုံးတစ်ချက်ဝေ့ကြည့်ကာ ဓားတစ်ချက်

www.burmeseclassic.com

www.burmeseclassic.com



ခန်းချောင်၏အနားသို့ တိုးကပ်လိုက်ပြီး တီးတိုးပြောလိုက်၏။

"မင်းကို အခု ခေါ်ခိုင်းတဲ့လူက နေလကျေးရွာသခင်ကြီးတု ကို လုပ်ကြံတဲ့တရားခံနဲ့ မင်းရဲ့ဘဝမှန်ကို ပြောပြနိုင်တဲ့ လူပဲ"

ဓားတစ်ချက်ခန်းချောင်၏မျက်လုံးအစုံ ပြူးကျယ်သွားသည်။

တွေဝေသော မျက်ဝန်းအစုံဖြင့် မားပါရဂူတာ့ယန့်ရှာအား အကဲခတ်ကြည့်ရင်း ကမန်းကတန်းမေးလိုက်သည်။

"ဒါ ... တကယ်ပဲလား၊ သူက တကယ်ပဲ နေလကျေးရွာ သခင်ကြီးကို လုပ်ကြံတဲ့တရားခံကို သိနေသလား"

သူ၏အသံမှာ အနည်းငယ် ကျယ်လောင်သွားလေသည်။

မားပါရဂူတာ့ယန့်ရှာသည် ဝန်းကျင်အား တစ်ချက်မျက်လုံး ဝေ့ကြည့်ရင်း ခေါင်းညိတ်ပြလိုက်၏။

ဓားတစ်ချက်ခန်းချောင်သည် သိုင်းလောကအတွေ့အကြုံ အလွန်ရင့်ကျက်သော လူရွယ်တစ်ယောက်ဖြစ်သည်။

ထို့ပြင် ဤရက်များအတွင်း သူသည် လူပေါင်းများစွာနှင့် နည်းမျိုးစုံ ဆက်ဆံခဲ့ရသဖြင့် လူကဲခတ်ရာတွင် ပါးနပ်လာသည်။

ယင်းကြောင့် မားပါရဂူတာ့ယန့်ရှာသည် မိမိအား လိမ်ညာ ပြောနေခြင်းမဟုတ်ကြောင်း အကဲခတ်မိလိုက်သည်။



"ဒါနဲ့ ... အဲဒီလူက ဘယ်သူလဲ"

ခားပါရဂူတာ့ယန့်ရှာသည် သူ၏နားအနီးသို့ တိုးကပ်ကာ တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်၏။

ထိုတဒင်္ဂအချိန်လေးမှာပင် ...

❊

ထိုတဒင်္ဂလေး၌ ...

'ဗိုး'

ရှတ်တရက် လေထဲသို့ အရာဝတ္ထုတစ်ခု တိုးဝှေ့လာသံ ကြားလိုက်ရ၏။

ဓားတစ်ချက်ခန်းချောင် ရင်ထိတ်သွားသည်။

လေထဲ၌ ပစ်လွှင့်လာသော လက်နက်ပုန်းသည် မိမိထံသို့ ဦးတည်ကာ ပစ်လွှင့်လာခြင်းဖြစ်ကြောင်း နားလည်လိုက်သည် မဟုတ်ပါလော။

ယင်းကြောင့် ...

အကျီလက်ကို ဝှေ့ယမ်းကာကွယ်ရန် ကြိုးစားလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုတခဏ်လေးတွင် ...

ခါးပါရဂူတုယန့်ရှာ၏ခန္ဓာကိုယ်သည် သိမ်းငှက်တစ်ကောင်အလား လေထဲသို့ တိုးတက်သွားသည်။

သူ လေထဲမှ ပြန်ကျလာချိန်တွင် လက်ညှိုးနှင့်လက်ခလယ်ကြားတွင် ရွှေရောင်အရာဝတ္ထုတစ်ခု ပါရှိလာ၏။

သို့သော် ...

သူသည် ထိုလက်နက်ပုန်းအား ဂရုမစိုက်နိုင်ပါ။

ဝန်းကျင်အား စူးရှသောမျက်လုံးအစုံဖြင့် ဝှေ့ယမ်းကာ တိုက်ခိုက်လာသော ရန်သူအား ရှာဖွေနေ၏။

သို့သော် ... ခါးတစ်ချက်ခန်းချောင်ကမူ သူ၏လက်ညှိုးနှင့် လက်ခလယ်ကြားတွင် ပါရှိလာသော လက်နက်ပုန်းအား လှမ်းကြည့်လိုက်၏။

ရုတ်တရက် ...

သူ၏မျက်လုံးအစုံ ပြူးကျယ်သွားလေသည်။

"ချယ်ရီပန်း ရွှေဆံထိုး"

ဟု လွှတ်ခနဲ ရေရွတ်လိုက်၏။

သူ၏အသံကြောင့် ခါးပါရဂူတုယန့်ရှာသည် ဝန်းကျင်အား မျက်လုံးဝေ့ကာ ရန်သူအား ရှာဖွေနေရာမှ လက်နက်ပုန်းအား ငုံ့



ကြည့်လိုက်၏။

ရုတ်တရက် ...

သူ၏ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားလေသည်။

မျက်နှာမှာလည်း ဖြူဖပ်ဖြူရော်အသွင်ကို ကူးပြောင်းသွား၏။

"ယို့ကူး ... ယို့ကူး"

သူသည် ချယ်ရီပန်းရွှေဆံထိုးအား ပြူးကျယ်သောမျက်လုံးအစုံဖြင့် ကြည့်ရင်း တုန်ယင်သောအသံဖြင့် ခေါ်လိုက်၏။

ယို့ကူးသည် သူ့အနီးသို့ ပြေးလွှားရောက်ရှိလာလေသည်။

"အစ်ကိုကြီးတဲ့ ဘာဖြစ်"

သူမ၏စကားတစ်ပိုင်းတစ်စဖြင့် ရပ်တန့်သွားသည်။

ဝိုင်းစက်ကြည်လင်သော မျက်ဝန်းအစုံဖြင့် ချယ်ရီပန်း ရွှေဆံထိုးအားကြည့်ရင်း ...

"ဒါ ... ဒါက"

သူမသည် စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်လျက် ဝန်းကျင်အား မျက်လုံးဝေ့ကာ တစ်စုံတစ်ယောက်ကို ရှာဖွေနေ၏။

ထို့အတူ ... ခါးပါရဂူတုယန့်ရှာကလည်း ဝန်းကျင်အား မျက်လုံးဝေ့ကြည့်ကာ တစ်စုံတစ်ယောက်ကို ရှာဖွေနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ဟန်မူရာကြောင့် ဓားတစ်ချက်ခန်းချောင်မှာ အကြီးအကျယ် အံ့သြသွားရလေသည်။

သူသည် ဓားပါရဂူတုယန့်ရှာနှင့် ယို့ကူးတို့နှစ်ယောက်သည် ချယ်ရီပန်းရွှေဆံထိုးပိုင်ရှင်နှင့် ပတ်သက်ဆက်နွယ်မှုရှိနေသည်ဟု နားလည်လိုက်၏။

ဤသို့ဆိုလျှင် ချယ်ရီပန်းရွှေဆံထိုးပိုင်ရှင်မှာ မည်သူမည်ဝါဖြစ်ကြောင်း သိရှိကြပေလိမ့်မည်။

သူသည် ထိုသို့စဉ်းစားလိုက်မိသည်နှင့် တစ်ပြိုင်နက် ဓားပါရဂူတုယန့်ရှာထံသို့ သိရှိကြပေလိမ့်မည်။

သူသည် ထိုသို့စဉ်းစားလိုက်မိသည်နှင့် တစ်ပြိုင်နက် ဓားပါရဂူတုယန့်ရှာထံသို့ လျှောက်သွားကာ ...

"ဓားပါရဂူအစ်ကိုကြီးတု ... ဒီဆံထိုးမှာ လျှို့ဝှက်ချက်ရှိနေပြီ ထင်တယ်"

ပြောရင်း ရွှေဆံထိုးအား လှမ်းယူရန် ဟန်ပြင်လိုက်၏။

ဓားပါရဂူတုယန့်ရှာသည် ရွှေဆံထိုးအား ကမန်းကတန်း အိတ်ထဲသို့ ထည့်လိုက်သည်။

ယင်းနောက် ... ဝန်းကျင်အား မျက်လုံးဝေ့ကြည့်ရင်း ...

"ဆံထိုးမှာ ဘာလျှို့ဝှက်ချက်မှ မရှိဘူး၊ လျှို့ဝှက်ချက်ရှိနေ



တာက ကျုပ်အသည်းနှလုံးထဲမှာပါ"

သူသည် ပြောရင်း ဝမ်းနည်းကြေကွဲလာဟန်ဖြင့် အသံများ တုန်တုန်ယင်ယင်ဖြစ်လာ၏။

ဓားတစ်ချက်ခန်းချောင်၏မျက်ခုံးအစုံမှာ နဖူးပေါ်သို့ ခုန်တက်သွားသည်။

သူသည် ရုတ်တရက် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် အင်္ကျီအိတ်ထဲမှ ရွှေဆံထိုးကိုထုတ်ယူကာ ဓားပါရဂူတုယန့်ရှာရှေ့တွင် ထောင်ပြလိုက်သည်။

ဓားပါရဂူတုယန့်ရှာ၏မျက်လုံးအစုံပြူးကျယ်သွားကာ ရွှေဆံထိုးအား လှမ်းယူရန် ဟန်ပြင်လိုက်သည်။

ဓားတစ်ချက်ခန်းချောင်က ကမန်းကတန်း အင်္ကျီအိတ်ထဲသို့ ထည့်လိုက်၏။

"ဝမ်းနည်းပါတယ် ... ကျုပ် ဒီဆံထိုးကို ပေးလို့မရပါဘူး"

ဓားပါရဂူတုယန့်ရှာသည် သူ့အား ထိတ်လန့်တုန်လှုပ်စွာ ကြည့်လိုက်သည်။

"မင်း ... မင်း ... ဒီဆံထိုးကို ဘယ်ကရတာလဲ"

ဓားတစ်ချက်ခန်းချောင်သည် သူ့အား စေ့စေ့ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ ကျုပ်ရဲ့အဓိကလျှို့ဝှက်ချက်ပဲ၊ ဒါကြောင့် ပြောမပြ နိုင်ဘူး၊ အဲ ... တစ်ခုတော့ရှိတယ်"

ဓားပါရဂူတုယန်ရှာက သူ့အား ကမန်းကတန်း မေးလိုက်၏။

"ပြောပါဦး"

ဓားတစ်ချက်ခန်းချောင်သည် သူ့အား အေးစက်စက်ဖြင့် ကြည့်ကာ တစ်ခွန်းချင်း ပြောလိုက်၏။

"ခင်ဗျား အသည်းနှလုံးထဲက လျှို့ဝှက်ချက်နဲ့ ကျုပ်ရဲ့လျှို့ ဝှက်ချက်ကို ဖလှယ်မယ်ဆိုရင်တော့"

သူ့စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်သည်။

ယင်းနောက် ... အမေးပုစ္ဆာပါသော မျက်လုံးအစုံဖြင့် ဓား ပါရဂူတုယန်ရှာအား စိုက်ကြည့်လိုက်၏။

ဓားပါရဂူတုယန်ရှာ၏ မျက်နှာပေါ်တွင် စိတ်လှုပ်ရှားသော ဟန်မူရာများ ပေါ်လွင်လာလေသည်။

သူသည် ဓားတစ်ချက်ခန်းချောင်မှ ရွှေဆံထိုးပိုင်ရှင်နှင့် မိမိတို့၏လျှို့ဝှက်ချက်ကို အလွန်သိချင်နေသည်ဟု နားလည်လိုက် ၏။

ထို့အတူ ... သူ၏ရင်ထဲ၌လည်း ဓားတစ်ချက်ခန်းချောင်



နှင့် ရွှေဆံထိုးပိုင်ရှင်တို့၏လျှို့ဝှက်ချက်ကို သိချင်နေမိသည်။

ယင်းကြောင့် ... ဓားတစ်ချက်ခန်းချောင်အနီးသို့ တိုးကပ် သွားကာ တစ်စုံတစ်ခုပြောရန် ဟန်ပြင်လိုက်၏။

ထိုအချိန် ရုတ်တရက် ယို့ကူးသည် ထခုန်လိုက်၏။

"အစ်ကိုကြီးတု ... ဟိုမှာ ... ဟိုမှာ"

သူမ၏အော်သံကြောင့် ဓားပါရဂူတုယန်ရှာ လှည့်ကြည့် လိုက်သည်။

သူ၏မျက်လုံးများ ပြူးကျယ်သွားလေသည်။

အကြောင်းကား ...

စားသောက်ဆိုင်တစ်ဆိုင်၏ခေါင်မိုးပေါ်တွင် အဖြူရောင် ဝတ်စုံဝတ်ဆင်ထားသော မိန်းကလေးတစ်ယောက် ရပ်နေခြင်းကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်၏။

လဝန်း၏အလင်းရောင်ကြောင့် သူမ၏ကြော့ရှင်းလှပသော ခန္ဓာကိုယ်အား တွေ့မြင်နေရ၏။

သို့သော် ...

မျက်နှာအား ဇာပဝါအဖြူဖုံးအုပ်ထားသဖြင့် မမြင်ရပါချေ။

သူမသည် ဓားပါရဂူတုယန်ရှာနှင့် ယို့ကူးတို့အား လက်ယမ်း ၍ ခေါ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဓားပါရဂူတုယန့်ရှာသည် အလွန်တည်ငြိမ်သော သိုင်းသမားလူရွယ်ဖြစ်လေသည်။

သို့သော် … ယခုမှာမူ ဆောက်တည်ရာမဲ့စွာဖြင့် ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ခါလျက် အဖြူရောင်ဝတ်ဆင်ထားသော မိန်းကလေးအား ငေးမောကာ ကြည့်နေ၏။

ထိုအချိန် …

ယို့ကူးသည် သူ၏လက်အား ဆုပ်ကိုင်လှုပ်ခါလိုက်သည်။

"အစ်ကိုကြီးတု ဟိုမှာခေါ်နေပြီ၊ ကျွန်မတို့ သွားကြမယ်"

ဓားပါရဂူတုယန့်ရှာသည် ယခုမှ သတိဝင်လာဟန်ဖြင့် ပြေးထွက်သွားရန် ဟန်ပြင်လိုက်၏။

ဓားတစ်ချက်ခန်းချောင်သည် သူ့လက်အား လျင်မြန်စွာလှမ်းဆွဲထားလိုက်၏။

"ကျုပ်တို့နှစ်ယောက် လျှို့ဝှက်ချက်နှစ်ခု မဖယ်လှယ်ရသေးဘူးလေ"

ဓားပါရဂူတုယန့်ရှာသည် သူ့အား လှည့်မကြည့်ပါ။

ခေါင်မိုးပေါ်သို့ အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော မိန်းကလေးအား စိုးရိမ်ကြီးစွာဖြင့် စိုက်ကြည့်ရင်း …

"ဝမ်းနည်းပါတယ် … ကျုပ်တို့နှစ်ယောက် နောက်သုံးရက်



ကျမှ နေလကျေးရွာမှာ ပြန်ဆုံကြတာပေါ့"

ပြောပြီး ဓားတစ်ချက်ခန်းချောင်၏လက်ထဲမှ ရုန်းထွက်ကာ အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော မိန်းကလေးရပ်နေသည့် စားသောက်ဆိုင်ခေါင်မိုးပေါ်သို့ ခုန်တက်လိုက်၏။

ယို့ကူးကလည်း သူ့နောက်မှ ထပ်ချပ်မကွာ ခုန်တက်၍ ပြေးလိုက်သွား၏။

ယင်းအချိန် …

အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသော မိန်းကလေးသည် စားသောက်ဆိုင်ပေါ်သို့ ခုန်တက်ကာ ပြေးလွှားသွားသည်။

ဓားပါရဂူတုယန့်ရှာနှင့် ယို့ကူးတို့ကလည်း သူမနောက်သို့ ပြေးလွှားလိုက်ပါသွား၏။

မကြာမီ … သူတို့သုံးယောက်သည် မြင်ကွင်းထဲမှ ပြေးလွှား ပျောက်ကွယ်သွားလေတော့သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

နေဝန်းသည် အနောက်ဘက်မိုးကုပ်စက်ဝိုင်းဆီသို့ ငုပ်လျှိုး
ပျောက်ကွယ်သွားပြီဖြစ်၏။

ကောင်းကင်ပေါ်တွင် လဝန်းရှိနေသောလည်းအလင်း
ရောင်မှာ မှေးမှိန်လှပေသည်။

ဖြူဖွေးသော နှင်းပွင့်များသည် မြောက်လေနှင့်အတူ
ကောင်းကင်ပေါ်မှ ဖြည်းညင်းစွာ လွင့်မျောကျလာကာ ဝန်းကျင်တစ်
ခုလုံးအား လွှမ်းခြုံလိုက်သည် မဟုတ်ပါလော။

နှင်းပွင့်များ ထူထပ်စွာ ကျဆင်းမှုကြောင့် လမ်းတစ်ခုလုံး
ဖွေးဖြူနေ၏။

နှင်းပွင့်မြို့ကလေးသည် ရုတ်ခြည်းပင် လူသွားလူလာ ကင်း
မဲ့ကာ သုသာန်တစပြင်ကဲ့သို့ ခြောက်သွေ့သွားသည်။

အားလုံးသော လူများတို့သည် ဆိုးရွားလှသော အအေး
ဒဏ်ကို ခံနိုင်ရန် လုံခြုံသောနေရာအား ရှာဖွေခိုလှုံနေကြပြီ မဟုတ်



ပါလား။

သို့သော် ...

လူနှစ်ယောက်နှင့် မြင်းတစ်ကောင်တို့သည် မင်းလမ်းမ
ကြီးပေါ်တွင် ရှိနေသေး၏။

ထိုလူနှစ်ယောက်သည် ဤမျှအေးစိမ့်သော ရာသီဥတုတွင်
နွေးထွေးသောနေရာ၌ ခိုလှုံခြင်းမရှိသည်မှာ အဘယ်ကြောင့်နည်း။

❋

လူနှစ်ယောက်နှင့် မြင်းတစ်ကောင်တို့သည် မင်းလမ်းမကြီး
ပေါ်၌ ရှိသေး၏။

ထိုလူနှစ်ယောက်ကား အခြားလူများ မဟုတ်ကြပါ။

ဓားတစ်ချက်ခန်းချောင်နှင့် ယွဲ့ဝါကျင်းတို့ပင် ဖြစ်၏။

ယွဲ့ဝါကျင်းသည် အေးစိမ့်သောရာသီဥတုကြောင့် ကိုယ်
ခန္ဓာတစ်ခုလုံး တုန်ခါသည်အထိ ချမ်းစိမ့်နေလေသည်။

သူမသည် အအေးဒဏ်ကို ကာကွယ်ရန် နွေးထွေးသော
မည့် တည်းခိုခန်းတစ်ခုတွင် အမြန်ဆုံးသွားရောက်တည်းခိုရန် ဆန္ဒ

www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်နေလေသည်။

သို့သော် ...

သူမ နေရာမှ တုတ်တုတ်မျှမလှုပ်ဘဲ ရပ်တန့်နေမိသည်။

အကြောင်းကား ...

ဓားတစ်ချက်ခန်းချောင်သည် ယခုအချိန်အထိ မလှုပ်မယှက်ရပ်လျက် ဓားပါရဂူတုယန့်ရှာတို့ ဝင်ရောက်ပျောက်ကွယ်သွားသည့် အမှောင်ထုအား ငေးငိုင်ကြည့်ကာ ခရီးဆက်ရန် ဟန်မူရာအား မမြင်တွေ့ရသောကြောင့် ဖြစ်သည်။

ထို့ကြောင့် သူမသည် မလှုပ်မယှက်ရပ်တန့်လျက် ဓားတစ်ချက်ခန်း ချောင်အား အကဲခတ်ကြည့်နေလေသည်။

ဓားတစ်ချက်ခန်းချောင်က သူမအား မကြည့်ပါ။

သူ၏ဟန်မူရာမှာ တစ်စုံတစ်ခုအား လေးလေးနက်နက် စဉ်းစားနေဟန်များ ပေါ်လွင်နေလေသည်။

ဤသို့ဆိုလျှင် ...

ဓားတစ်ချက်ခန်းချောင်သည် မည်သည့်အရာအား လေးလေးနက်နက် စဉ်းစားနေပါသနည်း။

❊



စဉ်းစားနေသည်။

ဓားတစ်ချက်ခန်းချောင်သည် လေးလေးနက်နက် စဉ်းစားနေသည်။

ရွှေဆံထိုးပိုင်ရှင် (ဝါ) နှင့် တောင်ပေါ်တွင် တွေ့ကြုံခဲ့ရသော အဖြူရောင်ဝတ်စုံဝတ်ဆင်ထားပြီး မျက်နှာအား ဓာပဝါဖြင့် ဖုံးအုပ်ထားသော မိန်းကလေးသည် ဓားပါရဂူတုယန့်ရှာနှင့် မည်သို့ ပတ်သက်နေပါသနည်း။

သူမသည် မိမိအား အဘယ်ကြောင့် ရန်ငြိုးကြီးစွာနှင့် သတ်ဖြတ်ရန် အကြိမ်ကြိမ်ကြိုးစားနေပါသနည်း။

ထို့ပြင် ဓားပါရဂူတုယန့်ရှာအား မိမိကိုရှာဖွေကာ ခေါ်ခိုင်းစေသောပုဂ္ဂိုလ်သည် မည်သူဖြစ်သနည်း။

ထိုလူသည် နေလကျေးရွာသခင်ကြီးတုအား လုပ်ကြံသောရန်သူအား အမှန်တကယ် သိရှိနေပါသလော။

ၔင်းပြင် ...

ထိုလူက မိမိ၏ဘဝမှန်ကို ပြောသည်ဆိုလျှင် ယခုရပ်တည်လှုပ်ရှားနေသော ဓားတစ်ချက်ခန်းချောင်ဆိုသော ဘဝမှာ မည်သို့

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ချက်နှင့် ရပ်တည်နေပါသနည်း။

သူသည် ပင့်ကူမျှင်ပမာ ရှုပ်ထွေးနေသော အတွေးစကို ဖြတ်တောက်ကာ ခေးပါရဂူတုယန္တရား နောက်သို့ပြေးလိုက်သွားရန် ဟန်ပြင်လိုက်၏။

ပဟေဠိပမာ ရှုပ်ထွေးလှသော အတွေးစများ၏ အဖြေများမှာ ခေးပါရဂူတုယန္တရားထံတွင် လျှို့ဝှက်စွာရှိနေသည်ဟု ယုံကြည်ထားသည် မဟုတ်ပါလော။

သို့သော် ... သူ တုတ်တုတ်မျှ မလှုပ်မိပါ။

ခန္ဓာကိုယ်တစ်ခုလုံး အားအင်ချည့်နဲ့နေသောကြောင့် ဖြစ်၏။

ယခုမှ ... သူသည် မိမိခန္ဓာကိုယ်ထံ၌ အဆိပ်များရှိနေခြင်းကို ပြန်လည်အမှတ်ရလာမိလေသည်။

ထိုအခါ ... သူ၏မျက်ဝန်းအစုံသည် ယွဲ့ဝါကျင်းထံသို့ ရောက်ရှိသွားလေသည်။

ယွဲ့ဝါကျင်းကလည်း မိမိအား အကဲခတ်ကြည့်နေခြင်းကို တွေ့မြင်လိုက်ရလေသည်။

သူ၏မျက်နှာတစ်ခုလုံး တင်းမာခက်ထန်လာသည်။

အကြောင်းကား ...



မိမိခန္ဓာကိုယ်ထဲမှ အဆိပ်များရှိနေခြင်းသည် ယွဲ့ဝါကျင်းလက်ချက်ဟု ခန့်မှန်းမိ၏။

ထို့ကြောင့် ယွဲ့ဝါကျင်းထံသို့ တစ်လှမ်းချင်း လျှောက်သွားလေသည်။

ယွဲ့ဝါကျင်း၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

ခေးတစ်ချက်ခန်းချောင်မှာ မိမိအား သတ်ဖြတ်ရန် လျှောက်လာခြင်းဖြစ်ကြောင်း နားလည်လိုက်၏။

သို့သော် ... သူမသည် အဘယ်ကြောင့်မှန်းမသိ ထွက်ပြေးရန် မစဉ်းစားမိပါ။ ထို့ပြင် ခေးတစ်ချက်ခန်းချောင်အား စိုးရိမ်စွာကြည့်နေမိ၏။

"ရှင် သိပ်လှုပ်လှုပ်ရှားရှား မလုပ်ရင်ကောင်းလိမ့်မယ်"

ဟု သတိပေးလိုက်သည်။

ခေးတစ်ချက်ခန်းချောင် မဲ့ပြုံးပြုံးလိုက်၏။

"ယွဲ့ဝါကျင်း ... မင်းရဲ့သိမ်မွေ့နူးညံ့တဲ့အပြုံးရဲ့ နောက်ကွယ်မှာ ဒီလောက်ယုတ်မာရက်စက်တဲ့ အကြံအစည်တွေ ရှိလိမ့်မယ်လို့ မထင်ခဲ့တာ ကျုပ်အမှားပဲ"

အေးစက်တင်းမာသော အသံဖြင့် တစ်ခွန်းချင်း ပြောရင်း ယွဲ့ဝါကျင်းထံသို့ ခေးကို ဆန့်တန်းလျက် တစ်လှမ်းချင်းလှမ်းသွားလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယွဲ့ဝါကျင်း၏ရင်ထဲတွင် စူးနစ်စွာ ခံစားလိုက်ရသည်။

ဓားတစ်ချက်ခန်းချောင်သည် နာကျင်ခံပြင်းသော မျက်ဝန်းအစုံဖြင့် သူမအား စိုက်ကြည့်လိုက်သည်။

"ပြောစမ်း ... မင်း ဘာရည်ရွယ်ချက်နဲ့ ကျုပ်ကို အဆိပ်ခတ်တာလဲ"

ယွဲ့ဝါကျင်းသည် တုံ့ပြန်ပြောဆိုနိုင်စွမ်း မရှိပါချေ။

မိမိက အခြေအနေမှန်ကို ရှင်းပြလျှင်လည်း ဓားတစ်ချက်ခန်းချောင်မှ လက်ခံယုံကြည်မည်မဟုတ်ဟု နားလည်ထားသည် မဟုတ်ပါလော။

ထို့ကြောင့် မျက်ရည်များ သွင်သွင်စီးကျနေသော မျက်ဝန်းအစုံဖြင့် ဓားတစ်ချက်ခန်းချောင်အား စိုက်ကြည့်နေလေသည်။

ဓားတစ်ချက်ခန်းချောင်သည် သူမနှင့်မျက်နှာချင်းဆိုင်တွင် ရပ်တန့်ကာ စူးစိုက်ကြည့်လိုက်၏။

အဘယ်ကြောင့်မှန်းမသိ ...

ယွဲ့ဝါကျင်း၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးဆင်းကျနေခြင်းကို တွေ့မြင်ရသောအခါ ရင်ထဲ၌ ကြေကွဲဝမ်းနည်းလာမိသည်။

"ဝါကျင်း ...မင်းသေရမှာကို ကြောက်လို့ ငိုနေတာလား"

ယွဲ့ဝါကျင်းသည် သူ၏စကားကြောင့် ပို၍ဝမ်းနည်းကြေကွဲ



လာလေသည်။

"လူတစ်ယောက်ဟာ သေရမှာကြောက်မှ ငိုတတ်တယ်လို့ ရှင်မှတ်ယူရင် ရှင်ဟာ တကယ်နလုံးသားကင်းမဲ့တဲ့လူတစ်ယောက်ပဲ ဖြစ်လိမ့်မယ်"

ဓားတစ်ချက်ခန်းချောင်၏မျက်ခုံးအစုံ နဖူးပေါ်သို့ ပင့်တက်သွားလေသည်။

"မင်းစကားက သေရမှာကြောက်လို့ ငိုနေတာမဟုတ်ဘူးလို့ ငြင်းချင်တာလား"

"ငြင်းချင်တာ မဟုတ်ဘူး၊ အမှန်တရားကို သိစေချင်တာ"

ယွဲ့ဝါကျင်းသည် သူ့အား မျက်ရည်များ စို့စွတ်သောမျက်ဝန်းအစုံဖြင့် စိုက်ကြည့်လိုက်၏။

ဓားတစ်ချက်ခန်းချောင် သူမအား စိုက်ကြည့်ကာ ...

"ထားပါတော့၊ မင်းသိစေချင်တဲ့ အမှန်တရားဆိုတာ ကျုပ်ဘယ်လိုနားလည်ပေးရမှာလဲ"

ယွဲ့ဝါကျင်း၏ရင်ထဲ၌ နာကျင်လာလေသည်။

သူမသည် နှုတ်ခမ်းတစ်ချက်ကိုက်ကာ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီလေ၊ သေဆုံးရတော့မယ် လူတစ်ယောက်အနေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကျွန်မရင်ထဲက ခံစားချက်ကို ရှင်သိအောင် ပြောခဲ့မယ်"

ဓားတစ်ချက်ခန်းချောင်သည် အဆိပ်ဝေဒနာကြောင့် ခန္ဓာကိုယ်တစ်ခုလုံး တဆတ်ဆတ်တုန်ခါနေ၏။

သို့သော် ယွဲ့ဝါကျင်း ပြောလာမည့်စကားကို ဂရုစိုက်၍ နားစွင့်မိလေသည်။

ယွဲ့ဝါကျင်းသည် မျက်ရည်များကို လက်ခုံနှင့် ညင်သာစွာ ပွတ်သုတ်ရင်း ဓားတစ်ချက်ခန်းချောင်အား စိုက်ကြည့်လိုက်၏။

"ကျွန်မ အခုလိုမျက်ရည်ကျနေမိတာက ကျွန်မ အသက်သေရမှာ ကြောက်လို့မဟုတ်ဘူး၊ ရှင့်အတွက်၊ ရှင်အဆိပ်ဝေဒနာ ခံစားနေရတဲ့အတွက်ပါ"

သူမသည် သက်ပြင်းတစ်ချက်ချလိုက်၏။

"အင်း ... အမှန်တော့ ဒီအရိုးဆွေးအဆိပ်ကို တိုက်ကျွေးခဲ့တဲ့အချိန်ကတည်းက ကျွန်မ ရှင့်အတွက် ဘယ်လောက်ကြေကွဲဝမ်းနည်းခဲ့ရတယ်ဆိုတာ ပြောပြလို့ ရှင်ယုံနိုင်မှာ မဟုတ်ဘူး"

"မဖြစ်နိုင်တာပဲ၊ မင်းကသာ ကျုပ်အတွက် ကြေကွဲဝမ်းနည်းခဲ့ရတယ်ဆိုရင် အဆိပ်ကျွေးပါ့မလား"

"ခက်တာက ကျွန်မ ရှင့်ကို အရိုးဆွေးအဆိပ်မကျွေးလို့ မဖြစ်တဲ့ အခြေအနေပါ"



"ဘာဖြစ်လို့လဲ"

"ကျွန်မကိုယ်တိုင်က အရိုးဆွေးအဆိပ်ရဲ့သားကောင် ဖြစ်နေလို့ပေါ့"

ဓားတစ်ချက်ခန်းချောင်၏မျက်ဝန်းအစုံတွင် ထူးဆန်းသော ဟန်မူရာများ ပေါ်လွင်လာသည်။

"မင်း ... မင်းလည်း ဒီအဆိပ်မျိုး မိထားတယ်ပေါ့၊ ဟုတ်လား"

ယွဲ့ဝါကျင်း ခေါင်းညိတ်လိုက်သည်။

ဓားတစ်ချက်ခန်းချောင် တွေဝေသွားသည်။

သို့သော် ...

ရုတ်ခြည်းပင် ခေါင်းသွင်သွင်ခါယမ်းလိုက်သည်။

"မယုံဘူး၊ မင်းကို ကျုပ်မယုံချင်ဘူး၊ ကိုယ်နဲ့ ဘာရန်ငြိုးမှ မရှိတဲ့ ကျုပ်ကို သွေးအေးအေးနဲ့ အဆိပ်ကျွေးပုံတဲ့ မင်းကို ကျုပ် မယုံဘူး"

ယွဲ့ဝါကျင်း၏ရင်ထဲ၌ နာကျင်ခံပြင်းလာသည်။

"ကောင်းပါပြီ၊ ဒါဆိုရင် ရှင် ကျွန်မကို သတ်လိုက်ပါ၊ ဒါပေမဲ့ တစ်ခုတော့ လေးလေးနက်နက် ပြောပါရစေ"

ဓားတစ်ချက်ခန်းချောင် သူမအား စိုက်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ"

ယွဲ့ဝါကျင်းသည် အင်္ကျီအိတ်ထဲမှ ကြွေဘူးကို ထုတ်ယူကာ မားတစ်ချက်ခန်းချောင်ထံသို့ လှမ်းပေးလိုက်၏။

"အဲဒီဟာ အရိုးဆွေးအဆိပ်ဝေဒနာကို ယာယီထိန်းသိမ်းနိုင်တဲ့ ဖြေဆေးပဲ၊ အဆိပ်အားလုံး ဒီဆေးကြောင့် မပျောက်ကင်းပေမယ့် လောလောဆယ် ရှင်ခံစားရတဲ့ အဆိပ်ဝေဒနာကိုတော့ ပြေပျောက်စေလိမ့်မယ်"

မားတစ်ချက်ခန်းချောင်သည် ကြွေဘူးအား စိုက်ကြည့်ကာ ခေါင်းခါယမ်းလိုက်သည်။

"မင်းကို ကျုပ် မယုံတဲ့နောက်တော့ မင်းရဲ့အဆိပ်ဖြေဆေးဆိုတာကို ကျုပ် ယုံကြည်စရာမလိုတော့ဘူး။ ဒါကြောင့် မင်း သေဖို့ပဲပြင်ထားပါ"

ပြောပြီး ယွဲ့ဝါကျင်း၏ရင်ဝသို့ မားဖြင့် ထိုးသွင်းလိုက်သည်။

ယွဲ့ဝါကျင်းသည် မားတစ်ချက်ခန်းချောင်မှ မိမိအားမားဖြင့် တိုက်ခိုက်လိုက်သည်ကို တွေ့မြင်သော်လည်း ရှောင်တိမ်းရန် မကြိုးစားပါချေ။

သူမ၏ရင်ထဲ၌ မိမိအသက်သေဆုံးရမည့်အရေးထက် မိမိအပေါ် မားတစ်ချက်ခန်းချောင် မယုံကြည်ခြင်းကို ပြင်းပြင်းထန်ထန်



နာကျင်ခံစားရသည် မဟုတ်ပါလော။

ထို့ကြောင့် မလှုပ်မယှက်ဖြင့် မားတစ်ချက်ခန်းချောင်အား စိုက်ကြည့်နေမိလေသည်။

ယင်းအချိန် ...

မားတစ်ချက်ခန်းချောင်၏မားသည် မြေပြင်ပေါ်သို့ ပြုတ်ကျသွားလေသည်။

တစ်ဆက်တည်းမှာပင် ...

သူ၏ခန္ဓာကိုယ်မှာ မြေပြင်ပေါ်သို့ ပြိုလဲသွားကာ တဆတ်ဆတ်တုန်ခါနေလေသည်။

ယွဲ့ဝါကျင်းသည် မားတစ်ချက်ခန်းချောင်မှာ အဆိပ်ဝေဒနာပြင်းထန်လွန်းသဖြင့် လဲပြိုကျသွားသည်ဟု ထင်မှတ်ကာ ကပျာကယာ ပွေ့ထူရန် ဟန်ပြင်လိုက်သည်။

"ခန်းချောင် ... ရှင် သိပ်ခံစားနေရပြီထင်တယ်၊ ကျေးဇူးပြုပြီး ဒီဆေးလေးသောက်လိုက်နော်"

ပြောရင်း ကြွေဘူးထဲမှ ဆေးလုံးကိုနှိုက်ယူကာ မားတစ်ချက်ခန်းချောင်ပါးစပ်ထဲသို့ ထည့်ပေးရန် ဟန်ပြင်လိုက်၏။

မားတစ်ချက်ခန်းချောင်သည် သူမအား ဆတ်ခနဲ ငေးကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ... ယွဲ့ဝါကျင်းသည် အံ့သြလွန်းသဖြင့် မျက်ဝန်းအစုံမှာ ပြူးကျယ်သွားလေသည်။

အကြောင်းကား ...

ဓားတစ်ချက်ခန်းချောင်၏မျက်ဝန်းအစုံတွင် မျက်ရည်များ ရစ်ဝဲနေခြင်းကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

သံမဏိကဲ့သို့ မာကျောသော ဓားတစ်ချက်ခန်းချောင်၏ မျက်ဝန်းအစုံတွင် အဘယ်ကြောင့် မျက်ရည်များ ရစ်ဝဲနေပါသနည်း။

ယွဲ့ဝါကျင်းသည် မယုံကြည်နိုင်သော မျက်ဝန်းအစုံဖြင့် ငေးငိုင်ကာ ကြည့်နေမိစဉ် ...

ဓားတစ်ချက်ခန်းချောင်က ဓားတစ်ချက်ဝှေ့ယမ်းလိုက်၏။

"ထွက်သွား ... မင်း ကျုပ်ရှေ့က အမြန်ဆုံးထွက်သွား၊ ကျုပ် ... ကျုပ် မင်းကိုမသတ်ခင် အမြန်ဆုံးထွက်သွား"

အော်ဟစ်လိုက်သည်။

သူ၏စကားသံမှာ တင်းမာခက်ထန်လှသည်။

သို့သော် ...

ယွဲ့ဝါကျင်း၏နှလုံးသားထဲ၌ နွေးထွေးစွာ ခံစားမိလိုက်လေသည်။ ဓားတစ်ချက်ခန်းချောင်သည် မည်မျှပင် တင်းမာခက်ထန်စွာ ဆက်ဆံနေသော်လည်း မိမိအား သတ်ဖြတ်ရန် ဆန္ဒမရှိကြောင်း



နားလည်လိုက်သည် မဟုတ်ပါလော။

❋

ဤသို့ဆိုလျှင် ...

ဓားတစ်ချက်ခန်းချောင်သည် မိမိအား အရိုးဆွေးအဆိပ် တိုက်ကျွေးခဲ့သော ယွဲ့ဝါကျင်းအား အဘယ်ကြောင့် သတ်ဖြတ်လို သော ဆန္ဒကင်းမဲ့နေပါသနည်း။

ရှင်းပါသည်။

ဓားတစ်ချက်ခန်းချောင်၏နှလုံးသားထဲ၌ ယွဲ့ဝါကျင်းအား တိတ်တဆိတ် သံယောဇဉ်ငြိတွယ်နေပြီ မဟုတ်ပါလော။

ယွဲ့ဝါကျင်းသည် ဓားတစ်ချက်ခန်းချောင်အား စိုက်ကြည့်ရင်း မျက်ရည်များ စီးကျလာ၏။

"ခန်းချောင် ... ရှင် သိပ်ပင်ပန်းနေပြီ ဒီဖြေဆေးတစ်လုံး လောက် သောက်လိုက်ပါနော်"

သူမ၏အသံသည် နူးညံ့ပျော့ပျောင်းပြီး ကရုဏာသက် သော ဟန်မူရာများ ပေါ်လွင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ခါးတစ်ချက်ခန်းချောင် သူမအား စိုက်ကြည့်လိုက်၏။

သူ၏မျက်နှာမှာ တည်ငြိမ်ပြီး အေးစက်လှသည်။

သို့သော် ... ဤကဲ့သို့ ကည်ငြိမ်အေးစက်သော မျက်နှာထား ဖြစ်ပေါ်စေရန် ရင်ထဲမှ ဝေဒနာများကို မည်မျှထိန်းချုပ်ထားရသည်ကို မည်သူမျှသိမည်မဟုတ်ပါ။

ယွဲ့ဝါကျင်း၏မျက်ရည်သည် သူ၏နှလုံးသားအား အပ်ချောင်းကလေးများစွာနှင့် ထိုးဆွနေသကဲ့သို့ နာကျင်နေမိသည် မဟုတ်ပါလော။

မည်သို့ဆိုစေ ...

သူသည် ယွဲ့ဝါကျင်းအား သံယောဇဉ်မတွယ်လိုပါ။

သူမသည် မိမိအား အကြိမ်ကြိမ်လိမ်ညာရက်စက်ခဲ့သည်ဟု ခံစားနေမိသည် မဟုတ်ပါလော။

ထို့ပြင် ... ယခု သူ့ဘဝအတွက် အဓိကအကျဆုံးနှင့် အရေးကြီးဆုံးတာဝန်မှာ ဖနလကျေးရွာသခင်ကြီးတုနှင့် မိမိအား မဟုတ်မမှန် လုပ်ကြံသတင်းဆိုးလွှင့်နေသည့် ရန်သူကို ဖော်ထုတ်ကလဲ့စားချေရန်ဖြစ်သည်။

ယင်းကြောင့် ယွဲ့ဝါကျင်းအား စူးရှစွာစိုက်ကြည့်လျက် ...

"ဝါကျင်း ... မင်း အမြန်ဆုံး ကျူဂ်ရှေ့က ထွက်သွား"



ရုတ်တရက် သူ၏စကားတစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားလေသည်။

အကြောင်းကား ...

အဝေးဆီမှ လွင့်ပျံ့လာသော မိန်းကလေးတစ်ယောက်၏ အသံအား ကြားလိုက်ရသောကြောင့် ဖြစ်သည်။

"ပန်းသခင်မ

အလှမာန်ဝင့် ... သိုင်းဟန်တင့်

သခင့်ရင်ခွင် ... နားမည့်ပြင်

ကြင်သူမြွေဆင့် ... ပန်းကြွေလွင့်ပြီ"

အသံသည် ချိုလွင်၍ ဆွဲဆောင်မှု ရှိလှပေသည်။

မည်သူမဆို ယင်းအသံအား ကြားလိုက်ပါလျှင် နှစ်သက်စွဲလမ်းသွားကြမည်ဖြစ်၏။

သို့သော် ...

ယွဲ့ဝါကျင်းသည် ထိုအသံအား ကြားလိုက်သည်နှင့် တစ်ပြိုင်နက် မျက်နှာမှာ လူသေဖယောင်းကဲ့သို့ ဖြူဖတ်ဖြူရော်ဖြစ်သွား၏။

ခန္ဓာကိုယ်တစ်ခုလုံးမှာလည်း တဆတ်ဆတ်တုန်ခါလာလေ သည်။

www.burmeseclassic.com

www.burmeseclassic.com



ဓားတစ်ချက်ခန်းချောင်သည် သူမ၏ထိတ်လန့်တုန်လှုပ်…
သော မျက်နှာအားကြည့်ကာ ရင်ထဲ၌ စစ်ခနဲ နာကျင်ခံစားလိုက်…
လေသည်။

"သူ … ဘယ်သူလဲ၊ မင်းက ဘာဖြစ်လို့ ဒီလောက်ထိ ထိ…
လန့်နေရတာလဲ"

ယွဲ့ဝါကျင်းသည် သူ၏အမေးအား အဖြေမပေးနိုင်ဘဲ …
ဝန်းကျင်အား မျက်လုံးဝေ့ကာ ပုန်းခိုရန် နေရာအား ရှာ…
နေ၏။

သို့သော် နှင်းပွင့်ဖြိုင်လမ်းမကြီးတစ်လျှောက် ပုန်းခိုရန်…
ရာ ကင်းမဲ့နေပြီ တည်းခိုခန်းများမှာလည်း ပိတ်သွားခဲ့ပြီဖြစ်၏။

သူမ၏မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်သော ဟန်မူ…
များ ပေါ်လွင်လာလေသည်။

"ခန်းချောင် … ရှင် … ရှင် ဒီနေရာက အမြန်ဆုံးထွက်သွာ…
ပါ"

ဓားတစ်ချက်ခန်းချောင်က သူမအား အကဲခတ်ကြည့်လိုက်…
၏။

"ဝါကျင်း … မင်း သူ့ကို ကြောက်တယ်ဆိုရင် ဒီနေရာက…
မင်း ထွက်သွားပါ၊ ကျုပ် သူနဲ့ ရင်ဆိုင်မယ်"



ပြောပြီး အသံထွက်ပေါ်လာရာသို့ လှမ်းမျှော်ကြည့်ကာ
ဓားကို ကောက်ကိုင်လိုက်သည်။

ယင်းနောက် လဲပြိုကျရာမှ ထရပ်ဟန်ပြင်လိုက်၏။

သို့ရာတွင် …

သူ၏ရင်ဝမှ စူးအော်သောဝေဒနာကြောင့် အခြေအနေ
မဟန်ဘဲ ပြန်လည်လဲပြိုကျသွားလေသည်။

ထိုအချိန် ကဗျာရွတ်သံသည် တစ်စထက်တစ်စ နီးကပ်လာ
ပြီဖြစ်သည်။

ယွဲ့ဝါကျင်းသည် ဓားတစ်ချက်ခန်းချောင်အား ပွေ့ထူးလိုက်
၏။

"ပြေး … မြန်မြန်ပြေး … သူ … သူ ရှင့်ကိုသတ်လိမ့်မယ်"

သူမက ပြောရင်း အသံထွက်ပေါ်ရာသို့ ထိတ်လန့်တကြား
လှမ်းကြည့်လိုက်လေသည်။

သို့သော် …

နှင်းဖြူများ သိပ်သည်းစွာ ကျဆင်းနေသဖြင့် ဝန်းကျင်
ထင်ထင်ရှားရှား မမြင်တွေ့ရပါချေ။

မည်သို့ပင်ဆိုစေ …

မိန်းကလေး၏ကဗျာရွတ်ဖတ်သံသည် ပို၍ပို၍ ကျယ်

www.burmeseclassic.com

www.burmeseclassic.com



လောင်နီးကပ်လာသဖြင့် မကြာမီ ဤနေရာသို့ ရောက်ရှိလာတော့မည်ဟု နားလည်လိုက်သည်။

ယွှဲ့ဝါကျင်းသည် ထိတ်လန့်စိုးရိမ်စွာဖြင့် ဓားတစ်ချက်ခန်းချောင်အား ငုံ့ကြည့်လိုက်၏။

BURMESE CLASSIC .com

ထိုအခါ ...

သူမ၏မျက်လုံးအစုံပြူးကျယ်သွားလေသည်။

ဓားတစ်ချက်ခန်းချောင်သည် အဆိပ်ဝေဒနာခံစားရလွန်းသဖြင့် မေ့လျော့သွားပြီ မဟုတ်ပါလော။

သူမသည် မည်သို့မျှမတတ်နိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျနေသော ဓားတစ်ချက်ခန်းချောင်အား ငေးစိုက်ကာ ကြည့်နေမိ၏။

ယင်းအချိန် ...

မြင်းနှာမှုတ်သံတစ်သံကို မနီးမဝေးမှ ကြားလိုက်ရ၏။

ဘိုဟာဒင်လေး၌ ယွှဲ့ဝါကျင်း၏မျက်ဝန်းအစုံ ဝင်းလက်တောက်ပသွားသည်။

ယခုမှ ...

ဓားပါရဂူတုယန့်ရှာလက်ချက်ဖြင့် သေဆုံးသွားသောလူ၏ မြင်းပိုင်ရှင်မဲ့ မြင်းသည် ဤအနီးအနားတွင် ရှိနေခြင်းကို ပြန်လည်အမှတ်ရလာသည်။



သူမက စဉ်းစားခြင်းပင်မပြုဘဲ မြင်းနှာမှုတ်သံကြားရာဆီသို့ ပြေးလွှားသွားသည်။

ထိုအခါ နှင်းမြူများအကြားတွင် ရပ်တန့်နေသော မြင်းတစ်ကောင်အား ဝိုးတဝါးလရောင်အောက်၌ တွေ့မြင်လိုက်ရလေသည်။

သူမသည် မြင်းဇက်ကြိုးအား ကမန်းကတန်း ဆွဲယူကာ ဓားတစ်ချက်ခန်းချောင်ထံသို့ ပြေးလွှားသွား၏။

မြင်းကြီးသည် သူမ၏ဆွဲခေါ်ရာအတိုင်း အလိုက်သင့် ပြေးလွှားလိုက်ပါလာလေသည်။

ယွှဲ့ဝါကျင်းသည် ဓားတစ်ချက်ခန်းချောင်အနီးသို့ ရောက်သောအခါ မြင်းကို ရပ်တန့်လိုက်၏။

ထို့နောက် ... ဓားတစ်ချက်ခန်းချောင်၏ခန္ဓာကိုယ်အား ကြိုးစားပွေ့ထူကာ မြင်းပေါ်သို့ ခက်ခက်ခဲခဲ တင်လိုက်သည်။

တစ်ဆက်တည်းမှာပင် ...

သူမသည် မြင်းပေါ်သို့ လွှားခနဲခုန်တက်လိုက်ပြီး မြင်း၏ဝမ်းဗိုက်အား ဖနောင့်ဖြင့် အားကုန်ပေါက်လိုက်၏။

မြင်းကြီးသည် အသံကျယ်လောင်စွာ တစ်ချက်မြည်ဟည်းကာ ဒုန်းစိုင်းလျက် ပြေးလွှားထွက်ခွာသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ...

မိန်းကလေး၏ကဗျာရွတ်သံသည် တစ်စထက်တစ်စ ဝေး၍ ဝေး၍ နောက်ဆုံး၌ ပျောက်ကွယ်သွားလေတော့၏။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်း (စာဝင်သိမ်း) ဆက်လက်ဖတ်ရှုပါရန်။

BURMESE CLASSIC .com

www.burmeseclassic.com